# မြန်မာ့အလင်း

■ အတွဲ [၅၄]

အမှတ် [၂၉၄]

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက် [26-7-2015]

MYANMA ALINN SUNDAY ISSUE


ယနေ့ ထီးမမေ့နဲ့



နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။



မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင်တည်ရှိပြီး ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၅၉၅၅၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၉၇၇၀ သိုလှောင်နိုင်မည်။

# မြို့ကြီးရေလှောင်တမံကို မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စာတ်အားပိုမိုပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ခဲ့

သတင်း၊ စာ-၈



## တနင်္ဂနွေ ဖတ်စရာများ


**အပြာရောင်ကမ္ဘည်းများရဲ့ရာဇဝင်**

ရေးမူမပျက် အသွင်သစ်နဲ့ ပြန်လည်ရှင်သန်လာသူ ၁၀၅ နှစ်သက်တမ်းရှိ ရီးကုန်တိုက် စာ-၁၅

**ခရီးသွားဆောင်းပါး**

ခရီးသွားခရီးစဉ်သစ်ဖြစ်လာမည့် ဒုတိယအင်းလေး စာ-၁၆၊ ၁၇

ဟသ်ပဒါးနှင့် ရွှေ စာ-၂၀

**တက္ကသိုလ်နယ်မြေတစ်ခွင်**

ပျိုမျစ်တက်ကြွသော စာသင်သားများနှင့် ရင့်ကျက်ခံ့ညားသည့်ကျောင်းတော်ကြီး စာ-၁၈

ဝလုံးလေးတွေကိုချစ်တဲ့သူ မြန်မာဆန်သော ဂျပန်မလေး မကြည်သာမိုး စာ-၁၉

**မြန်မာ့ရိုးရာအားကစား**

မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့အဆင့် ထိုးဖောက်နိုင်ရန် လက်တစ်ကမ်းရောက်ရှိ စာ-၂၃





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ယာဉ်ကြောပိတ်ဆို့မှုပြဿနာ

ယခုအခါ ရန်ကုန်မြို့နေ ခရီးသွားပြည်သူများမှာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကြောင့် နေ့စဉ်နှင့်အမျှ မော်တော်ယာဉ်များပေါ်တွင် အချိန်ကြာမြင့်စွာ မွန်းကျပ်မှုဒဏ်ကို ခံစားနေကြရပါသည်။ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းကျဆင်းအောင် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်နေသော်လည်း ထိရောက်မှုမရှိဘဲ ဖြစ်နေပါသည်။ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မထသတာဝန် ရှိသူများ၊ မြို့တော်စည်ပင်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေသော်လည်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိသည်ကို တွေ့မြင်နေရဆဲဖြစ်ပါသည်။

ဤသို့ ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ ဖြစ်ပွားနေရခြင်းမှာ အဓိကအားဖြင့် အကြောင်းရင်းသုံးခုရှိပါသည်။ မြို့ပြလမ်းနှင့် ယာဉ်စီးရေ မျှတမှုမရှိခြင်း၊ စည်းကမ်းလိုက်နာမှု မရှိခြင်းနှင့် ထိရောက်သော အပြစ်ပေးအရေးယူမှုများ မရှိခြင်းတို့ကြောင့်ဖြစ်သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ မြို့ပြလမ်းများပေါ်တွင် ဘတ်စ်ကား၊ ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်၊ ကုန်တင်ယာဉ် အစရှိသဖြင့် ယာဉ်အမျိုးအမည်များစွာ ဥဒဟိုမောင်းနှင်သွားလာလျက်ရှိပါသည်။ ဘတ်စ်ကားယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲလာခြင်းရှိပြီး ယာဉ်လိုင်းများတွင် ရေစီးရေတိုးလာခြင်း၊ ကိုယ်ပိုင်ယာဉ်နှင့် အငှားယာဉ်များတိုးလာခြင်းတို့ကြောင့် ယာဉ်အရေအတွက်နှင့် ပြေးဆွဲနိုင်သည့် လမ်းအကျယ်အဝန်းမှာ မျှတမှုမရှိဘဲ ဖြစ်နေပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လွန်ခဲ့သောနှစ်များအတွင်း မြို့ပြလမ်းများကို ချဲ့ထွင်ခဲ့သော်လည်း ယခုအခါလမ်း၏ ဘေးတစ်ဖက်တစ်ချက်နေရာများတွင် ကားပါကင်များအဖြစ် အသုံးပြုနေ၍ လေးလမ်းသွား လမ်းမတစ်ခုတွင် ယာဉ်နှစ်စီးသာ တစ်ပြိုင်တည်း မောင်းနှင်အသုံးပြုနိုင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အချို့သောနေရာများတွင် လမ်းဘေးဝဲယာတို့၌ ဈေးသည်များ ဆင်းရောင်းနေသည်ကိုလည်း တွေ့ရပေသည်။ ကားပါကင်ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုခဲ့သော ယာဉ်အများစုမှာလည်း မူလလျှောက်ထားစဉ်ကနေရာ၌ ရပ်နား/ညအိပ်ခြင်းမပြုဘဲ မြို့တွင်း မြို့နယ်များတွင် ယာဉ်များရပ်နားခြင်း၊ ညအိပ်ထားခြင်းတို့ကြောင့် ယာဉ်ပါကင်မလုံလောက်မှုဖြစ်ကာ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

အရေးအကြီးဆုံးတစ်ချက်မှာ စည်းကမ်းလိုက်နာမှု အားနည်းခြင်းပင်ဖြစ်ပါသည်။ မော်တော်ယာဉ်များကို ဈေးကြီးများအနီး စည်းကမ်းမဲ့စွာရပ်နားခြင်း၊ မောင်းနှင်သွားလာခြင်းတို့ကြောင့် ယာဉ်ကြော အချိန်ကြာမြင့်စွာ ရှုပ်ထွေးပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိပါသည်။ အထူးသဖြင့် ဈေးများအနီး လမ်းတို၊ လမ်းကြားများအတွင်းမှ ထွက်လာသောယာဉ်များကြောင့် ပုံမှန်သွားလာနေသော လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များ ရာနှင့်ချီ၍ ပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိပါသည်။

စည်းကမ်းဖောက်ဖျက်သော ယာဉ်များကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန်မှာလည်း အရေးကြီးသောအချက်ဖြစ်ပါသည်။ ချလန်ဖြတ်၊ ငွေကျပ် ၁၅၀၀ ဒဏ်ရိုက်ရုံမျှဖြင့် ထိရောက်သော အပြစ်ပေးအရေးယူမှုဖြစ်လာရန် မလွယ်ပေ။ စည်းကမ်းချိုးဖောက်မြဲ ချိုးဖောက်နေမည်သာဖြစ်ပါသည်။ သို့ပါ၍ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို လျော့နည်းအောင် ဆောင်ရွက်မည်ဆိုလျှင် ယာဉ်လိုင်းသစ်များတိုးချဲ့မှုကို ကန့်သတ်မှုများဆောင်ရွက်ခြင်း၊ ယာဉ်အသုံးပြုသူတိုင်းက ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် စည်းကမ်းလိုက်နာခြင်း၊ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်ခြင်းတို့ဖြင့် အထိုက်အလျောက် ယာဉ်ကြောပိတ်ဆို့မှုပြဿနာမှာ ပြေလျော့သွားလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”

## စစ်ကိုင်းမြို့တည် နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပပြီးစီး

**စစ်ကိုင်း ဇူလိုင် ၂၅**

၂၀၁၅ ခုနှစ် စစ်ကိုင်းမြို့တည် နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် သီရိပျံချီဦးခင်မောင်မြင့်က ပံ့ပိုးကူညီ ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ



ဗိုလ်လုပွဲကို ဇူလိုင် ၂၄ ရက် ညနေပိုင်းက စစ်ကိုင်းမြို့ရှိ ပိုးတန်း အားကစားကွင်း၌ ကျင်းပရာ အနောက်ပိုင်းလူငယ်အသင်းက CSC အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဗိုလ်လုပွဲမကစားမီ ပြိုင်ပွဲအား အဓိကပံ့ပိုးကူညီသည့် သီရိပျံချီဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက နှစ်ဖက်အသင်းသားများကို လိုက်လံနှုတ်ဆက်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆုများ၊ ပူးတွဲ တတိယဆုရ မန်ဆဲအသင်းနှင့် မီးရထားအသင်း၊ ဒုတိယဆုရ CSC အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးတင်လှိုင်မြင့်၊ လူမှုရေး ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဇေယျာရွှေမြေအသင်းဥက္ကဋ္ဌ ဦးသူရိန်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြပြီး နိုင်ပြည့်စုံ အထည်ချုပ်လုပ်ငန်းမှ ဦးခင်မောင်ဆွေက အားကစားဝတ်စုံများ ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲကို အဓိကပံ့ပိုးကူညီသည့် သီရိပျံချီဦးခင်မောင်မြင့်က ပထမဆုရ အနောက်ပိုင်းလူငယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေနှင့် ချန်ပီယံဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

**ဖိုးသော်ဇင်**

## ကန့်ဘလူမြို့နယ် ရသားကျေးရွာအနီးရှိ ဒေသန္တရအစီအစဉ်ဖြင့် ပြုလုပ်ထားသော တစ်ဖက်ပိတ်ဆည် ရေထိန်းတံခါးကျိုးပေါက်၊ လူ၊တိရစ္ဆာန်နှင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုမရှိ

**နေပြည်တော် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရသားကျေးရွာအနီးရှိခက်လုံချောင်းအား ဒေသန္တရအစီအစဉ်ဖြင့် ပြုလုပ်ထားသောကျေးလက်ဆည်ရေထိန်းတံခါး ယနေ့နံနက် ၁၁ နာရီခွဲခန့်က ကျိုးပေါက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကျေးလက်ဆည်ရေထိန်းတံခါးမှာ အမြင့် ရှစ်ပေခန့်နှင့် အကျယ် ပေ ၂၀၀ ခန့်ရှိသော တစ်ဖက်ပိတ်ဆည်ဖြစ်ပြီး ဒေသန္တရအစီအစဉ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပွားမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်းသိရသည်။

ထို့ပြင် မလယ်-ဇီးကုန်း ကားလမ်းမိုင်တိုင်အမှတ် (၇/၅)ရှိ တံတားအမှတ် (၁/၇) ကြံ့ခိုင်တံတား၏ အနောက်ဘက် မြေသားလမ်းအကျယ် ၁၀ ပေခန့် အရှည် ၁၅ ပေခန့်နှင့် မိုင်တိုင်အမှတ် (၁၁/၅)ရှိ တံတားအမှတ် (၁/၁၁) ချောင်းမကြီးတံတားအနောက်ဘက် မြေသားလမ်းအကျယ်ခုနစ်ပေခန့်၊ အရှည် ၁၅ပေခန့် ရေတိုက်စားပျက်စီးခဲ့ကြောင်း၊ ထန်းတပင်ကျေးရွာအုပ်စု၊ အိုင်လျားကျေးရွာ တောင်ဘက်ရှိ ရသားချောင်းရေလျှံတက်မှုကြောင့် အိုင်လျားကျေးရွာရှိ လူနေအိမ် ခုနစ်လုံးခန့်တွင် ရေအနက် သုံးပေခန့် ဝင်ရောက်ခဲ့ပြီး ဇီးကုန်း-မလယ်ကျေးရွာသွား ကားလမ်းနှင့် အိုင်လျားကျေးရွာသို့ ဆက်သွယ်ထားသည့် မြေသားလမ်းမှာ ပေ ၂၀၀၀ ခန့် ရေတိုက်စားခဲ့သဖြင့် ယာဉ်များသွားလာ၍ မရကြောင်း၊ ယင်းရေတိုက်စားမှုကြောင့် လူနေအိမ်အဆောက်အအုံများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပျက်စီးမှုမရှိကြောင်း သိရသည်။

ရေရှင်ကျေးရွာအုပ်စု ရေရှင်ကျေးရွာတွင်လည်း ရေရှင်ချောင်းရေလျှံ၍ ကျေးရွာ အတွင်းသို့ရေများ လေးပေကျော်ခန့်ဝင်ရောက်ခဲ့ကြောင်း၊ အဆိုပါ ပျက်စီးမှုများကို ဒေသအုပ်ချုပ်ရေးအဖွဲ့များက လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ - ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀ - ၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀ - ၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ - ၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ - ၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀ - ၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၂.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၀၇ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀.၃၆ |

ခင်ရတနာ-စုစည်းသည်။

# မိုးကုတ်နှင့်သပိတ်ကျင်းမြို့တို့၌ မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုရေကြီးမှု ဖြစ်ပွား

**မိုးကုတ် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့တွင် ဇူလိုင် ၂၄ ရက် နံနက် ၅ နာရီ ၁၅ မိနစ်မှ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီအထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ မိုးရေချိန် ၆ ဒသမ ၆၉ လက်မအထိ ရောက်ရှိခဲ့ပြီး ရေကြီး ရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် လူနေအိမ်များ၊ ဈေးဆိုင်ခန်းများ၊ ကျောက်ရိုး ပြိုကျပျက်စီးခြင်းများ၊ ရတနာသိဒ္ဓိပရဟိတကျောင်း မျက်နှာကြက်နှင့် အကာများပြိုကျပျက်စီးခြင်း၊ တိုင်းရင်းဆေးရုံဝင်းအဝင်တံတား ပြိုကျပြီး တံတားအနီးရှိဓာတ်တိုင်လဲကျခြင်း၊ ကမ်းပါးပြိုကျခြင်းနှင့် တောင်ပြိုကျမှုများကြောင့် မိုးကုတ်-မန္တလေးကားလမ်းပိတ်ဆို့လျက်ရှိရာ ချောင်းကြီးကျေးရွာအုပ်စု ချောင်းကြီးကျေးရွာနှင့် ကြက်နှဖကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားနှစ်စင်း ရေတိုက်စားမှုကြောင့် မျောပါပျက်စီးခဲ့သည်။

ဆက်လက်ပြီး မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်နှင့် လူမှုရေးအဖွဲ့များပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သပိတ်ကျင်းမြို့တွင်လည်း ဇူလိုင် ၂၄ ရက် ညက မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ တောင်ကျရေကြောင့် နေအိမ်အချို့ပြိုကျပျက်စီးခဲ့ပြီး လူခြောက်ဦး သေဆုံးခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တွင်းငယ်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဒေါင်းဖုန်းကျေးရွာတွင် နေအိမ်သုံးလုံး မြေအိ၍ ပြိုကျခဲ့ပြီး တောင်လယ်ကျေးရွာတွင် တောင်ကျရေကြောင့် နေအိမ် ခုနစ်လုံး မျောပါသွားခဲ့ရာ လူခြောက်ဦး သေဆုံးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**


မိုးကုတ်မြို့၌ မော်တော်ကားလမ်းများ မြေပြိုမှုဖြစ်နေသည်ကို တွေ့ရစဉ်။

# စဉ့်ကူးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး ရေလျှံမှုများဖြစ်


မိုးကုတ်မြို့၌ မန္တလေးသွား ကားလမ်း ရေကျော်နေသည်ကို တွေ့ရစဉ်။ မြင့်သူ(စဉ့်ကူး)

**စဉ့်ကူး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ဇူလိုင် ၂၄ ရက်ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး ရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ စဉ့်ကူးမြို့ပေါ် အနိမ့်ပိုင်း ရပ်ကွက်များရှိ လူနေအိမ်များနှင့် ရုံးအဆောက်အအုံအချို့တို့တွင် ရေများဝင်ရောက်ခဲ့ရာ မိုးရေချိန်မှာ ၁၀ ဒသမ ၄၈ လက်မဖြစ်၍ မကြုံစဖူးထူးကဲသော မိုးရေချိန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စဉ့်ကူးမြို့ရိုး တာပေါင်တွင် စိုးရိမ်ရေမှတ်ရောက်ရှိနေခဲ့ပြီး တာရိုးမကျိုးပေါက်ရေးအတွက် တာဝန်ရှိသူများက မြေဖို့ခြင်း၊ သဲအိတ်များချထားခြင်းများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နွယ်ရုံကျေးရွာနှင့် လက်ပံလှကျေးရွာ မိုးကုတ်-မန္တလေးသွား ကားလမ်းပေါ်တွင် မိုးရေများ ကျော်လွှန်နေခြင်း၊ နွယ်ရုံကျေးရွာအခြေခံပညာ အထက်တန်းကျောင်း အုတ်တံတိုင်းများနှင့် ကျောင်းအဝင်သံပန်းတံခါးများ ပြိုကျပျက်စီးခြင်း၊ ရေမျက်ကျေးရွာတွင် လူနေအိမ် ၄၀ ခန့် ရေများဝင်ရောက်ပြီး လူနေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ခြင်းနှင့် မင်းရွာ-ထန်းကိုးပင်ကျေးရွာအကြား ကွန်ကရစ်တံတား ရေထဲမျောပါသွားခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ကနဦးသတင်းအရ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော ကျေးရွာများသို့တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးလျက်ရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။ ထို့အပြင် စဉ့်ကူးမြို့နယ် ဟသ်ာကျေးရွာနှင့်ကြက်တူရွေးကျေးရွာတို့တွင် ရေတိုက်စားကမ်းပါးပြိုမှုတို့ကြောင့် နေအိမ်ပြောင်းရွှေ့ရသည့် အိမ်ထောင်စု ၄၃ စုကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စေတနာရှင် အလှူရှင်များနှင့် အခြားလူမှုရေးအဖွဲ့အစည်းများက ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတောက်နှင့် အဖွဲ့သည် ဇူလိုင် ၂၂ ရက်က ကမ်းပြိုအိမ်ထောင်စုဝင်များနှင့်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဧရာဝတီမြစ်ရေတိုက်စားမှုနှင့် ရေစီးအားလျော့နည်းအောင် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကျေးရွာတွင်း ရေကင်းများချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီး ရေလှောင်တမံကြီး ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီသဖြင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်းနှင့် တာတမံများ ကျိုးပေါက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံကြီးများတွင် ကြီးအုံကြီးဝရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၃၅၅၆၂၀၊ ကညင်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၄၅၀၀၀၊ မန်းတမံရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၂၀၀၀၀၊ ရာဇဗြိုဟ် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၅၂၀၀၀၊ နန်ကသူ ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၄၀၄၈၇ ဧကပေ၊ ကင်းတပ်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၃၈၂၉၅ ဧကပေ၊ ရေဘုတ်ရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ၂၈၄၇၄ ဧကပေ၊ သိန်ရင်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၂၅၂၆၀၊ ပြိုင်းချောင်း ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၅၂၀၅ ဧကပေ၊ တောင်နဝင်း ရေထိန်းတမံ၏ ရေလှောင်ပမာဏမှာ ၂၁၁၉၆ ဧကပေ၊ မင်းမြင် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၉၀၁၀၊ လင်ပန်း ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၀၁၈၀၊ ပေကြီးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၈၁၀၀၊ ဇာမဏီရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၅၃၆၄ ဧကပေ၊ မင်းရဲရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ဧကပေ ၂၃၅၀၊ လိုင်ဗားရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၁၉၅၄ ဧကပေ၊ ရှောက်ချောင်း ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၁၄၀ နှင့် ဘန့်ဘွေးကုန်း ရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ၁၇၃၅ ဧကပေ၊ စဉ့်ကူးချောင်းဝေါင်း ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၂၂၉ ဧကပေ၊ ပျဉ်ပုံကြီးဆည် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၁၁၃၀ နှင့် ဝါးပါးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၄၁၅၀ တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၁၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်း မရှိကြောင်းနှင့် အဆိုပါ ရေလှောင်တမံများမှာ သဖန်းဆိပ် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၂၈၈၀၀၀၀၊ ခပေါင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၈၇၈၅၇၀၊ ကင်းတားရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ဧကပေ ၈၇၃၅၈၀၊ ဖြူးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၆၃၂၅၃၀၊ ဆည်တော်ကြီး ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၃၆၃၀၀၀၊ ပေါင်းလောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၅၄၉၄၂၀၊ ဆင်သေရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၄၃၀၉၀၊ ချောင်းမငယ် ရေလှောင် တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၉၁၇၇၀၊ လိုက်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၇၅၀၀၀၊ ရေဆင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၇၃၀၀၀၊ မဒန်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၃၆၅၀၀၊ မြို့လှ (တပ်ကုန်း) ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၄၆၀၀၊ သဲဖြူရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၈၇၁၈ ဧကပေ၊ တောက်ပြိုရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၄၉၁ ဧကပေ၊ မုံချောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၅၂၅ ဧကပေနှင့် ကင်းသာရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၇၂ ဧကပေ ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့် ဒေသများတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# နမီးဘီးယားနှင့်ပေါ်တူဂီနိုင်ငံသားတို့က ပထမအကြိမ်မြောက် နယ်လ်ဆင်မန်ဒဲလားဆု ဆွတ်ခူး

**ဂျီနီဗာ ဇူလိုင် ၂၅**

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ဇူလိုင် ၂၄ ရက်က ကျင်းပပြုလုပ်သော နယ်လ်ဆင်မန်ဒဲလားဆု ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားတစ်ခုတွင် နမီးဘီးယားနိုင်ငံသား ဟယ်လယ်နာဒွမ်းနှင့် ပေါ်တူဂီနိုင်ငံသား ဂျော့ဂျ်ဆမ်ပိုင်အိုတို့က ပထမအကြိမ်မြောက် နယ်လ်ဆင်ရိုလီလာလား မန်ဒဲလားဆုကို ဆွတ်ခူးရရှိခဲ့သည်ဟုသိရသည်။

တောင်အာဖရိကခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလားအား သတိရအောက်မေ့ခြင်း အထိမ်းအမှတ်တစ်ခုအနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၄ ခုနှစ် ဇွန်လတွင် အဆိုပါဆုကိုထူထောင်ခဲ့ခြင်းဖြစ်သည်။ ယင်းဆုထူထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကုလသမဂ္ဂ၏ရည်မှန်းချက်ပန်းတိုင်နှင့် အခြေခံမူသဘောတရားများကို မြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် လူသားချင်းစာနာမှုလုပ်ငန်းများ၌ ၄င်းတို့၏ အသက်ကိုရင်းပြီး စွမ်းစွမ်းတမံဆောင်ရွက်ကာ အောင်မြင်မှုရရှိသူများအား အသိအမှတ်ပြုရေးပင်ဖြစ်သည်ဟုသတင်းများ အရသိရသည်။

နမီးဘီးယားနိုင်ငံသူ မျက်စိအထူးကုဆရာဝန် ဒွမ်းသည် နမီးဘီးယားနိုင်ငံနှင့် ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများရှိ မျက်မမြင်သူများနှင့် မျက်စိဝေဒနာရှင်များကို စွမ်စွမ်းတမံကုသပေးခဲ့ခြင်းကြောင့် ယင်းဆုကို ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ အလားတူပင် ၁၉၉၆ မှ ၂၀၀၆ ခုနှစ်အထိ ပေါ်တူဂီနိုင်ငံ၏သမ္မတတာဝန်ကိုလည်းကောင်း၊ ၁၉၈၉ မှ ၁၉၉၅ ခုနှစ်အထိ လစ္စဘွန်းမြို့တော်ဝန် တာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့သူ ဆမ်ပိုင်အိုသည်လည်း ပေါ်တူဂီနိုင်ငံအတွက် ၄င်း၏စွမ်းစွမ်းတမံ ပါဝင်ကူညီခဲ့မှုဖြင့် အဆိုပါဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏လုပ်ငန်းဆောင်တာများ တိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ခြင်းကြောင့် ဆုချီးမြှင့်ခြင်းခံရသော နယ်လ်ဆင်မန်ဒဲလားဆုရှင်နှစ်ဦးအပေါ် ဂုဏ်ယူမိပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်နှစ်ဦးစလုံး၏ လူမှုရေးဆိုင်ရာလုပ်ငန်းဆောင်တာများအပေါ် ကတိကဝတ်ပြုမှုနှင့် ခံစားနေရသည့်ပြည်သူများအား လွတ်လပ်ပြီးလုပ်ပိုင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများအပေါ် အသိအမှတ်ပြုပါကြောင်းဖြင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဆုချီးမြှင့်ပွဲအခမ်းအနားရှိ ၄င်း၏အမှာစာတစ်ခု၌ ထည့်သွင်းဖော်ပြခဲ့သည်။

ထို့အတူ ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ ဆမ်ကူတယ်ဆာကခေါင်းဆောင်မှု၊ ဘဝစသည့် နယ်လ်ဆင်မန်ဒဲလား၏ အမွေအနှစ်များကို ထင်ဟပ်စေသည့်အနေဖြင့် မိမိတို့လည်း မိမိတို့၏ အသိုက်အဝန်းများနှင့် မိမိတို့နေထိုင်ရာကမ္ဘာ၌ အပြုသဘောဆောင်သည့်ပြောင်းလဲမှု တိုးမြှင့်စေရမည့် ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်မှုများမှတစ်ဆင့် ထူးခြားမှုတစ်ခုဖော်ဆောင်ရန် ကတိကဝတ်ပြုသင့်ပါကြောင်းဖြင့် ဆုချီးမြှင့်ပွဲ အခမ်းအနားအခါသမယတွင် ပြောကြားခဲ့သည်။

ဇူလိုင် ၂၄ ရက်က နယူးယောက်မြို့၌ ကျင်းပပြုလုပ်သော ဆုချီးမြှင့်ပွဲအခမ်းအနားမှာ ဇူလိုင် ၁၈ ရက်တွင်နှစ်စဉ်ကျင်းပပြုလုပ်ရန် သတ်မှတ်ထားသည့် နယ်လ်ဆင်မန်ဒဲလား နိုင်ငံတကာနေ့နှစ်ပတ်လည် အထိမ်းအမှတ်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း သတင်းများအရသိရသည်။ **(ဆင်ဟွာ)**

# ထိုင်း-တရုတ်မီးရထားလမ်းစီမံကိန်း အောက်တိုဘာလတွင်စတင်မည်

**ဗန်ကောက် ဇူလိုင် ၂၅**

ထိုင်း-တရုတ်မီးရထားလမ်းစီမံကိန်းကို အောက်တိုဘာလတွင် စတင်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက ဇူလိုင် ၂၄ ရက်က ပြောကြားခဲ့သည်။

မီးရထားလမ်းစီမံကိန်းသည် သမိုင်းဝင်စီမံကိန်းဖြစ်ရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ပရာဂျင်ဂျန်ဘောင်ကို စီမံကိန်းအလျင်အမြန်ပြီးစီးရန် အရှိန်မြှင့်လုပ်ဆောင်ရန်တိုက်တွန်းကြောင်း စသည်ဖြင့် ဝန်ကြီးချုပ်က ပြောခဲ့သည်။ တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် လမ်းအရှည် ၈၆၇ ကီလိုမီတာရှည်လျားသော မီးရထားလမ်းကိုဖောက်လုပ်ရန်သဘောတူခဲ့ပြီး ၄င်းမီးရထားလမ်းသည် ထိုင်းနိုင်ငံ နွန်ခိုင်ပြည်နယ် အရှေ့မြောက်နှင့် ရာယွန်ပြည်နယ် အရှေ့ဘက်ကို ဆက်သွယ်ပေးမည်ဖြစ်သည်။

သဘောတူညီချက်မူကြမ်းကို ဩဂုတ် ၂၁ ရက်တွင် အပြီးသတ်မည်ဟု မျှော်လင့်ပြီး ၄င်းကို စက်တင်ဘာလအစောပိုင်းတွင် ထိုင်းအစိုးရအဖွဲ့သို့ တင်သွင်းမည်ဖြစ်သည်။ **(ဆင်ဟွာ)**

# ကင်ညာသို့ အိုဘားမားပထမဆုံးလာရောက်ရာ လုံခြုံရေးရဲအရာရှိ ၁၀၀၀၀ နိုင်ရိုဘီ၌ ဖြန့်ကြက်



**နိုင်ရိုဘီ ဇူလိုင် ၂၅**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အမေရိကန်နှင့် ဒေသခံလုံခြုံရေးတင်းကျပ်မှုများနှင့်အတူ ကင်ညာနိုင်ငံသို့ သောကြာနေ့ညပိုင်းက သုံးရက်ကြာခရီးအဖြစ် ရောက်ရှိလာသည်။

သမ္မတအိုဘားမားကို နိုင်ရိုဘီမြို့ရှိ ဂျိုမိုကင်ယက်တာ နိုင်ငံတကာလေဆိပ်၌ ကင်ညာသမ္မတ အူးဟုရူကင်ယက်တာနှင့် နှစ်နိုင်ငံထိပ်တန်း အစိုးရတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အာဖရိကအရှေ့ပိုင်းနှင့် အလယ်ပိုင်း လူအစည်ကားဆုံး JKIA လေဆိပ်ပတ်ဝန်းကျင်တွင် ကင်းလှည့်မှုများ အဆက်မပြတ် ဆောင်ရွက်ခဲ့သည်။ သမ္မတအိုဘားမားအနေဖြင့် သမ္မတအဖြစ်တာဝန်ယူပြီးနောက် နိုင်ရိုဘီမြို့သို့ ပထမဆုံးလာရောက် လည်ပတ်ခဲ့ခြင်းဖြစ်သည်။

လေဆိပ်၏အဓိကဝင်ပေါက်နေရာတွင် လက်နက်ကိုင်လုံခြုံရေးတပ် အရာရှိများက လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်လျက်ရှိရာ ဒေသအသီးသီးသို့သွားရောက်မည့် ခရီးသည်များကို လုံခြုံရေးတင်းကျပ်စွာစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ရဲအရာရှိအချို့ကိုလည်း အနီးအနားရှိ ဟိုတယ်များနှင့် လမ်းများပေါ်၌ တပ်ဖြန့်ထားခဲ့သည်ဟု ဆိုသည်။ "ကျွန်တော်တို့အနေနဲ့ ထိပ်သီးအစည်းအဝေး တက်ရောက်လာတဲ့ ကိုယ်စားလှယ်အားလုံးကို အကောင်းဆုံးလုံခြုံမှု ပေးနိုင်ဖို့ လမ်းညွှန်ထားပါတယ်"ဟု လုံခြုံရေးအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

ကင်ညာသို့ အမေရိကန်သမ္မတလာရောက်စဉ် နိုင်ရိုဘီမြို့လေဆိပ်နှင့် အဓိကလမ်းများပေါ်တွင် ရဲတပ်ဖွဲ့အရာရှိ ၁၀၀၀၀ လုံခြုံရေးတပ်ဖြန့်ဆောင်ရွက်လျက်ရှိသည်။ "ကျွန်တော်တို့အနေနဲ့ ဆိုမာလီမှ အယ်လ်ရှာဘတ်အဖွဲ့ တိုက်ခိုက်မှုများ တိုးမြှင့်လာမှုကြောင့် လုံခြုံရေးအစီအမံများလည်း တိုးမြှင့်ထားပါတယ်"ဟု ၄င်းကထပ်လောင်းပြောကြားသည်။

သမ္မတအိုဘားမားသည် အာဖရိကဆာဟာရ ဒေသခွဲ၌ ပထမဆုံးအကြိမ်ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာခြင်းဖြစ်သည်။ ကင်ညာနိုင်ငံသို့ သမ္မတအိုဘားမား လာရောက်လည်ပတ်မှုသည် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာမည်ဖြစ်ကြောင်း ကင်ညာနှင့်အမေရိကန် အရာရှိများက ပြောသည်။ **(ဆင်ဟွာ)**

# လူစည်ကားသည့်လမ်းပေါ်တွင် သေနတ်ဖြင့် လေထဲသို့ပစ်နေသူတစ်ဦးအား ရဲတပ်ဖွဲ့က ပစ်သတ်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၅**

လူစည်ကားသည့် လမ်းမပေါ်၌ သေနတ်တစ်လက်ဖြင့် လေထဲသို့ ပစ်ခတ်နေသူတစ်ဦးကို လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့ဝင်က ပစ်ခတ်ပြီးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက သောကြာနေ့တွင် ပြောသည်။

ယင်းနေ့လယ်ပိုင်းက ဈေးဝယ်သူများနှင့်ကားများဖြင့် ရှုပ်ထွေးနေသော ဆန်ဖါနန်ဒိုလမ်းကြား၌ လူတစ်ဦးသေနတ်ဖြင့်ပစ်ခတ်နေသည်ဟု သတင်းပေးချက်အရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ရကြောင်း လော့စ်အိန်ဂျလိစ် ရဲစခန်းက လူမှုမီဒီယာပေါ်တွင် ဖော်ပြထားသည်။

အဆိုပါ ပုဂ္ဂိုလ်ကို မပစ်ခတ်မီ လက်နက်ချရန် ထပ်တလဲလဲ စေ့စပ်ပြောဆိုသော်လည်း လက်မခံဘဲ လေထဲသို့သာ သေနတ်ဖြင့်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ပစ်ခတ်မှုဖြစ်စဉ်အတွင်း မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ခြင်းမရှိပေ။ ၄င်းသည် မုတ်ဆိတ်များပါရှိပြီး ဂျာကင် အနွေးထည်ကို ဝတ်ဆင်ထား ကြောင်း၊ ကလေးများနှင့်မိဘများလမ်းလျှောက် နေစဉ် ၄င်းက လေထဲသို့ သေနတ်ဖြင့်ပစ်ခတ်နေကြောင်း မျက်မြင်သက်သေဖြစ်သူ ဗာတာကက်စ် ရှီရှာယန်က ပြောသည်။ **(ရိုက်တာ)**



# အီရတ်ရှိ ကာ့ဒ်စစ်သွေးကြွစခန်း တိုက်ခိုက်ကြောင်း တူရကီအတည်ပြု

**အန်ကာရာ ဇူလိုင် ၂၅**

အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်လုပ်သားပါတီ (PKK) စစ်သွေးကြွများ၏ စခန်းများကို တူရကီတိုက်လေယာဉ်များက ဇူလိုင် ၂၄ ရက်ညတွင် ညလုံးပေါက် ထိုးစစ်ဆင်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အိုင်အက်စ်အုပ်စုအပေါ် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ရန် အန်ကာရာအစိုးရ၏ စည်းရုံးလှုပ်ရှားမှုအနေဖြင့် မြေပြင်တပ်ဖွဲ့က ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်ဖိုက်တာများနှင့်အတူ ကာ့ဒ်စစ်သွေးကြွများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။

PKK စခန်းများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ပြီး လက်နက်သိုလှောင်ရုံများ၊ နေထိုင်ရာအဆောက်အအုံနှင့် ဂိုဒေါင်များကိုလည်း ဖျက်ဆီးခဲ့သည်ဟု တူရကီတာဝန်ရှိသူများက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် ၂၀၁၂ ခုနှစ်ကုန်ပိုင်းက ကာ့ဒ်စစ်သွေးကြွများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထိနာစေဖွယ်ရှိသည်။ တူရကီသည် ဆီးရီးယားရှိ အိုင်အက်စ်များကိုလည်း သောကြာနေ့အစောပိုင်းက လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ **(ရိုက်တာ)**

# လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ တင်ပြတောင်းဆိုချက် လိုအပ်ချက်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိ

ပြည် ဇူလိုင် ၂၅




**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဆောင်ပုဒ်ဖြစ်သည့် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"ဟူသည့် ဆောင်ပုဒ်အတိုင်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ လွှတ်တော်သက်တမ်းသည် လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်တွင် ကုန်ဆုံးမည်ဖြစ်ပါကြောင်း၊ လက်ရှိကာလအထိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ တင်ပြတောင်းဆိုချက် လိုအပ်ချက်များကို အလေးထားကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ လွှတ်တော် သက်တမ်းကုန်ဆုံးချိန်အထိလည်း ပြည်သူများ၏ အကျိုးစီးပွားအတွက် တစိုက်မတ်မတ်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်းမှ ပြည်သူ့အသံကို နားထောင်ရုံမျှသာမကဘဲ လွှတ်တော်ပြင်ပ၌ ယခုကဲ့သို့သော တွေ့ဆုံမှုများတွင် ပြည်သူများ၏အသံကို နားထောင်ကာ ထိရောက်စွာဆောင်ရွက်နိုင်သည့် အနေအထားများကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိအနေဖြင့် လွှတ်တော်ရပ်နားချိန်တွင် နိုင်ငံ၏နေရာဒေသအနှံ့ သွားရောက်ကာ ယခုကဲ့သို့ တွေ့ဆုံမှုများမှတစ်ဆင့် ၎င်းဒေသ၊ မြို့နယ်၊ နေရာများတွင် ရရှိခဲ့သည့် အတွေ့အကြုံများပေါ် မူတည်ကာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ စဉ်းစားဆောင်ရွက်ပေးခဲ့သည့် အခွင့်အလမ်းများလည်း ရှိနေပါကြောင်း။

လာမည့် နိုဝင်ဘာ ၈ ရက်တွင် မိမိတို့နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ယင်းရွေးကောက်ပွဲသည် နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မှသာ မိမိတို့လိုချင်သည့် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း၊ ယခုရွေးကောက်ပွဲ အောင်မြင် အဆင်ပြေစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်မှ တာဝန်ပေးထားသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင်သာ တာဝန်ရှိခြင်းမျိုးမဟုတ်ဘဲ မြို့နယ်အတွင်းရှိ ပါတီအသီးသီး၊ ပါတီကိုယ်စားပြု လူပုဂ္ဂိုလ်အသီးသီး၊ မြို့နယ်အတွင်းရှိ စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အတွင်းနေ ပြည်သူအားလုံးတွင်လည်း တာဝန်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တောင်တွင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ဒေသန္တရ ဆိုင်ရာအချက်အလက်များနှင့် ဒေသအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသူများကလည်း ဒေသ၏ လိုအပ်ချက်များကို လည်းကောင်း အသီးသီးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်အတွင်း မျှော်မှန်းလူ့သက်တမ်း ပိုမိုတိုးမြင့်လာစေရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်စေရန် မြို့နေဒေသခံ ပြည်သူများနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-ကန်ပြား-မကွေးလမ်းပေါ်ရှိ မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာရှိ တောင်သူ ဦးတင်ဦး၏ မိုးစပါးလေးဧကစိုက်ခင်း၌ မိုးစပါးစိုက်ပျိုးနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဆင်ပေါင်ဝဲမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဆင်ပေါင်ဝဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က မြို့နယ်၏ ဒေသန္တရအချက်အလက်ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဆင်ပေါင်ဝဲမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီ(၃)ရပ်မှ တာဝန်ရှိသူများက ဒေသအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ၎င်းတို့၏ လိုအပ်ချက်နှင့် သိရှိလိုသည့် ကိစ္စရပ်များကို မေးမြန်းတင်ပြကြရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရန် အချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲများသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်း ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ပေးနေ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ဇူလိုင်၂၄ ရက် ညပိုင်းမှ ဇူလိုင်၂၅ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့နယ်အချို့တွင် လူသေဆုံးမှုများနှင့် နေအိမ်အချို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဇူလိုင်၂၄ ရက် ညပိုင်းနှင့် ၂၅ ရက် နံနက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စဉ့်ကူးမြို့နယ်တွင် ၁၀ ဒသမ ၄၈ လက်မ၊ သပိတ်ကျင်းမြို့နယ်တွင် ၈ ဒသမ ၁၁ လက်မ၊ မိုးကုတ်မြို့နယ် တွင် ၆ ဒသမ ၁၀ လက်မ၊ ပြင်ဦးလွင်မြို့နယ်တွင် ၁ ဒသမ ၃၈ လက်မ၊ ပုသိမ်ကြီးမြို့နယ်တွင် ၁ ဒသမ ၃၅ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မတ္တရာမြို့နယ်တွင် ၁ ဒသမ ၂၆ လက်မ၊ အမရပူရမြို့နယ်တွင် ၀ ဒသမ ၈၄ လက်မ၊ ငါန်းဇွန်မြို့နယ်တွင် ၀ ဒသမ ၅၈ လက်မ၊ မြစ်ငယ်တွင် ၀ ဒသမ ၂၈ လက်မ၊ မိတ္ထီလာမြို့နယ်တွင် ၀ ဒသမ ၀၆ လက်မနှင့် ရမည်းသင်းမြို့နယ်တွင် ၀ ဒသမ ၀၈ လက်မအထိ ရွာသွန်းခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း နေရာစိပ်စိပ် မိုးထစ်ချုန်းရွာသွန်းနိုင်ပြီး နေရာကွက်ကျားမိုးကြီးနိုင်ကြောင်း မန္တလေးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရှိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုနှင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်နေသော မြို့နယ်၊ ကျေးရွာများနှင့် လမ်းများအား ဒေသဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် အသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ စဉ့်ကူးမြို့နယ် လက်ပံလှ၊ ကျည်တောက်ပေါက်၊ နွယ်ရုံကျေးရွာများတွင် ရေ နှစ်ပေခွဲခန့် ဝင်ရောက်ခဲ့သည်။ အဆိုပါနေရာများသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် အသင်းအဖွဲ့များက သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်၊ ထွန်းထွန်းနိုင် (ကျောက်ဆည်)**

# ဝက်လက်မြို့နယ် ရေဝင်ရောက်ကျေးရွာများသို့ ဆန်အိတ်များ ထောက်ပံ့

**ဝက်လက် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မူးမြစ်ရေဝင်ရောက် ခဲ့သည့် ကျေးရွာများသို့ ဝက်လက်မြို့နယ် ဆန်စက်လုပ်ငန်းရှင်များနှင့် အလှူရှင်များက လှူဒါန်းသော ဆန်အိတ် ၁၄၆ အိတ် ထောက်ပံ့လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဝက်လက်မြို့နယ် ဆန်စက်လုပ်ငန်းရှင်များက စုပေါင်းလှူဒါန်းသော ဆန်အိတ် ၁၂၇ အိတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် အလှူရှင်များက လှူဒါန်းသော ဆန်အိတ် ၁၉ အိတ် စုစုပေါင်း ဆန်အိတ် ၁၄၆ အိတ်ကို ဝက်လက်မြို့နယ်အတွင်း မူးမြစ်ရေ ဝင်ရောက်ခဲ့သည့် ကျေးရွာ ၁၇ ရွာမှ တာဝန်ရှိသူများထံ အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

**■ ကျောဖုံးမှ**

ပြည်သူများက လိုအပ်သော ကူညီဆောင်ရွက်မှုများကို လူမှုရေးအသိစိတ်ဖြင့် ပါဝင်ဆောင်ရွက်ကြသည်။

ထို့အပြင် ဒု၌ဝတီမြစ်ကမ်းဘေးမှ ရေဝင်နစ်မြုပ်နေသော ဈေးရပ်ကွက်မှ အိမ်ခြေ ၅၂ လုံး၊ ဇာတ်စုရပ်ကွက်မှ အိမ်ခြေ ၃၇ လုံး၊ ထုံစင့်ကျောင်းပြိန်းကျေးရွာမှ အိမ်ခြေ ၁၀ လုံး၊ တိန်းချေတိန်းစံကျေးရွာမှ အိမ်ခြေသုံးလုံးတို့ကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ လည်းကောင်း တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ပြောင်းရွှေ့နေထိုင်စားသောက်ရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးကြသည်။

ကျိုးကျ ပျက်စီးသွားသော နမ့်ပေါ့ တံတားကြီးသည် သီပေါမြို့ကို မြောက်ဘက်မှ တောင်ဘက်သို့ ဆက်သွယ်ပေါင်းကူးပေးသည့် အရှည် ၁၇၇ ပေ ရှိ နှစ်ပေါင်း ၁၀၀ ကျော်တံတားကြီး ဖြစ်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်း၊ မြို့နယ်စာရင်းရုံး၊ ဆက်သွယ်ရေး(ဖုန်း)အခွန်ဦးစီးဌာန၊ တိုင်းရင်းဆေးခန်း၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ရုံး၊ လဝကရုံး၊ အမှတ်(၂)အထက၊ ဂေါတန်ကျောက်သယ်ပို့စခန်း၊ တပ်ရင်းတပ်ဖွဲ့များ ရုံးစိုက်ရာ ၆ ဒသသို့သွားရာ လမ်းတစ်လျှောက်တွင် နမ့်ပေါ့ချောင်းတံတားကို ဖြတ်ကျော်ပြီးမှ ရောက်ရှိနိုင်မည်ဖြစ်သကဲ့သို့ နမ္မတူဘော်တွင်းမှ အဖိုးတန် တွင်းထွက်ပစ္စည်းများ သယ်ဆောင်ရာတွင်လည်းကောင်း၊ နိုင်ငံကျော် နမ့်ဆန်ဒေသထွက် လက်ဖက်စိုလက်ဖက်ခြောက်များ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း ယင်းနမ့်ပေါ့ချောင်းတံတားကို ဖြတ်ကျော်ပြီးမှ ရောက်ရှိနိုင်မည်ဖြစ်သဖြင့် အမြန်ဆုံးပြန်လည်တည်ဆောက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ

# စံချိန်စံညွှန်းမီသည့် မင်းမြင်ရေလှောင်တမံ

ဘုန်းတင်လှိုင်

ယနေ့ကမ္ဘာကြီး၏ နေရာအနှံ့အပြားတွင် ရေကြီးမှုနှင့် မိုးခေါင်ရေရှားမှုတို့ ဒွန်တွဲ တွေ့ကြုံခံစားနေရပါသည်။ နေရာဒေသတစ်ခုတွင် ရေကြီးမှုကြောင့် ဒုက္ခ ပင်လယ်ဝေနေရသလို နေရာဒေသတစ်ခုတွင် မိုးခေါင်မှုကြောင့် ရေပြတ်လပ်မှုဒဏ်ကို အလူးအလဲ ခံစားနေရပါသည်။ ထိုကဲ့သို့သော ဒုက္ခများကို အာဆီယံဒေသတွင်း နိုင်ငံများမှာလည်း ခံစားနေရပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် မြန်မာနိုင်ငံမှာလည်း အရှေ့တောင်အာရှနိုင်ငံများတွင် ဒုတိယ အခံရဆုံးနိုင်ငံဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့တွင် ယခုဇူလိုင်လလယ်ပိုင်း အချိန်တိုကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှု ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းတွင် သဖန်းဆိပ်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ ကင်းတပ်ရေထိန်းတမံ၊ လင်ပန်းရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ ကျေးပင်အက်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံနှင့် ကာဘိုးရေလွှဲဆည် စသည့် ဆည်တမံများတည်ရှိပြီး ကသာခရိုင်တွင် တည်ဆောက်ဆဲ ဒေါင်းမြူး ရေလှောင်တမံတို့ရှိပါသည်။ ဒေါင်းမြူးတမံကို ရန်ပုံငွေအခက်အခဲရှိသဖြင့် ခေတ္တရပ်နားထားသော်လည်း လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်လျာထားပါသည်။ ပင်မတမံ အလျားပေ ၂၃၅၀၊ တမံအမြင့် ၁၃၅ ပေ ရှိပြီး မြေသားတမံအမျိုး အစား ဖြစ်ပါသည်။ ဒေါင်းမြူးတမံကို စိုက်ပျိုးမြေဧရိယာ ဧက ၆၃၀၀ ရေပေးဝေနိုင်ရန်နှင့် ရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ရည်ရွယ်တည်ဆောက်မည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေဘေးကာကွယ်ရေးတာနှင့် ရေထိန်းတံခါးများကို တည်ဆောက်ပေးခဲ့ခြင်းသည် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံပေးမှုပင်ဖြစ်ပါသည်။ ပဒေသာပင် စိုက်ထူပေးထားခြင်းလည်း ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ရွှေဘိုခရိုင်အထက်ပိုင်းတို့တွင် ဇူလိုင် ၁၄ ရက်မှ ၁၇ ရက် အတွင်း နေရာအနှံ့အပြား မိုးသည်းထန်စွာရွာသွန်းခဲ့ပါသည်။ ကန့်ဘလူမြို့နယ်၌ ဇူလိုင် ၁၈ ရက်တွင် မိုးရွာသွန်းသည့် မိုးရေချိန် ၇ ဒသမ ၈၃ လက်မသည် ၂၄နှစ်အတွင်း အများဆုံး မိုးရေချိန် စံချိန်တင်သွားပါသည်။ ထို့အတူ ကန့်ဘလူမြို့နယ်အတွင်းရှိ မင်းမြင်ရေလှောင်တမံတွင်လည်း မိုးအဆက်မပြတ် ဆက်တိုက်ရွာသွန်းခဲ့သဖြင့် ဇူလိုင် ၁၈ ရက်တွင် မိုးရေချိန် ၁၀ ဒသမ ၆၆ လက်မ စံချိန်တင် ရွာသွန်းခဲ့ပါသည်။ မင်းမြင်ရေလှောင်တမံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ် အထိ ဇူလိုင်လ၏ ပျမ်းမျှ မိုးရေချိန်မှာ ၂ ဒသမ ၈၀ လက်မ ဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက်အထိ ရွာသွန်းမိုးရေချိန်မှာ ၃၀ ဒသမ ၁၇ လက်မဖြစ်ပါသည်။ ထိုကဲ့သို့ ရွာသွန်းမှုကြောင့် ဇူလိုင် ၁၈ ရက်တွင် ရေပိုလွှဲမှ ၁၅ ဒသမ ၃၀ ပေ ရေကျော် စီးဆင်းပြီး တမံထိပ်ပြင်မှ ၂ ဒသမ ၃၀ ပေ ရေကျော်ခဲ့ကြောင်း သိရှိရပါသည်။ သဖန်းဆိပ်ရေလှောင်တမံတွင် တမံ၏ ရေဆင်းဧရိယာအတွင်းရှိ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူးနှင့် တမံဝန်းကျင်ဒေသများ မိုးရွာသွန်းမှုကြောင့် မူလရေလှောင်ပမာဏ ဧကပေ ၁၀ ဒသမ ၅ သိန်းရှိရာမှ ဇူလိုင် ၁၉ ရက်တွင် ဧကပေ ၁၈ သိန်းခန့် ထိ တိုးမြှင့်သိုလှောင်နိုင်ခဲ့ပါသည်။ သဖန်းဆိပ်တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ RL ၅၄၅ ဒသမ ၀ ပေတွင် ၂၈ ဒသမ ၈သိန်း ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း မိုးရေကြီးမှုဖြစ်စဉ်များကို နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၀ ရက်တွင် လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မင်းမြင်တမံစီမံကိန်း ရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတက **"ကြုံတောင့်ကြုံခဲဖြစ်ပွားခဲ့ခြင်း ဖြစ်သော်လည်းဆည်များကို ခိုင်ခံ့မှုအပြည့်အဝရရှိရန်အတွက် စနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် မိုးနှောင်းကာလတွင် ထပ်မံရွာသွန်းရန် ကျန်ရှိနိုင်မှုကို ကြိုတင်ခန့်မှန်းပြီးလိုအပ်သည်များ ကြိုတင်ဆောင်ရွက်ထားရှိရန်၊ တစ်နိုင်ငံလုံးရှိ ဆည်တမံများ ကြံ့ခိုင်ကောင်းမွန်ရေး စစ်ဆေးဆောင်ရွက်သွားရန်၊ မင်းမြင်ရေလှောင်တမံကျိုး ပေါက်မှုမရှိအောင် ထိန်းသိမ်းနိုင်ခြင်းမှာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု၊ ဌာနဆိုင်ရာများ၏ ကျွမ်းကျင်မှု၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အလားတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်"** မှာကြားသည့်အပြင် သဖန်းဆိပ်ရေလှောင်တမံ ရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတက **"ဆည်ကြံ့ခိုင်မှုကို အမြဲမပြတ် စစ်ဆေးရန်၊ ရေကင်းချ ထားရန်၊ နှစ်စဉ်ဆည်အတွင်း သဲ၊ နုန်းပို့ချမှုကို တွက်ချက်ပြီး စိုးရိမ်ရေအမှတ်ကို ပြန်လည်စစ်ဆေးသွားရန်၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရန်"** မှာကြားသွားသည်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့အတွင်း မျှော်လင့်မထားနိုင်လောက်အောင် ကြီးမားသည့် မိုးရွာသွန်းမှုကြောင့် ရေကြီး ရေလျှံမှုများဖြစ်သည့်အပြင် မင်းမြင်တမံ ရေကျော်စီးဆင်းမှုသည် ထိခိုက်ပျက်စီးမှု ကြီးမားနိုင်သော်လည်း တည်ဆောက်ခဲ့သော အင်ဂျင်နီယာဝန်ထမ်းများ၏ စံချိန်စံညွှန်းနှင့်အညီ အတိုင်းအတာနှင့် အရည်အသွေးထိန်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြခြင်း၊ လုပ်ရည်ကိုင်ရည် ကောင်းမွန်ခြင်း၊ ဆည်ရေသောက်စနစ်တို့အတွင်း တိမ်ကောပျက်စီးနေသော ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီး သုံးနှစ်ဆက်တိုက်တူးဖော်ခဲ့ခြင်းတို့ကြောင့် အတိုင်းအတာတစ်ခုအတွင်းသာ ပျက်စီးခဲ့ပြီး ရေကြီးနစ်မြုပ်မှု အချိန်တိုအတွင်းသာ ဖြစ်ပေါ်ခဲ့ပါသည်။ အရေးပေါ်အခြေအနေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစီးဦးဆောင်လမ်းညွှန်ပေးမှု၊ တပ်မတော်သားများ၏ လုပ်အားပေး ဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၏ ကူညီဆောင်ရွက်ပေးမှု၊ ဆည်မြောင်းဝန်ထမ်းများ၏ စက်အား၊ လူအားဖြင့် အရေးပေါ်ဆောင်ရွက်ပေးမှုတို့ကြောင့် ရေကြီးမှုကို အတတ်နိုင်ဆုံးကာကွယ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဆောင်းပါးရှင်သည် ဒေသခံဆည်မြောင်းအင်ဂျင်နီယာ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ မိမိတို့ဒေသတွင် ယခုအသက်အရွယ်အထိ ဤကဲ့သို့သော မိုးရေကြီးမှု၊ ရေလျှံမှုတို့ကို မတွေ့ကြုံဖူးခဲ့ပါ။ ယခုရွာသွန်း လိုက်သောမိုးသည် ရှေးလူကြီးများ ပြောကြားခဲ့သည့် ကမ္ဘာဖျက်မိုးကဲ့သို့ ဖြစ်နေပါသည်။ အချိန်ကာလတိုအတွင်း အဆမတန် သည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသည့် ရေကြီး ရေလျှံမှုများသည် ဆည်တာတမံများသာမရှိလျှင် ယခုထက်မက အဆပေါင်းများစွာ ရေကြီးနစ်မြုပ်နိုင်ပြီး ဒေသခံပြည်သူလူထု အသက်အိုးအိမ်၊ စည်းစိမ်တို့ ပျက်စီးမည့်အပြင် ကျွဲ၊ နွား တိရစ္ဆာန်များ၏ အသက်အန္တရာယ်ပါဆုံးရှုံးရသည်အထိ ဖြစ်ပွားနိုင်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း မိုးကြီးမှုကြောင့် စီးဆင်းလာသောရေများကို သဖန်းဆိပ်ရေလှောင်တမံက ကာဆီးသိုလှောင်ထားပါသည်။ မိုးကြီးမှုဖြစ်စဉ်မတိုင်မီ သိုလှောင်ထားသော ရေပမာဏမှာ ဧကပေ ၁၀ ဒသမ ၅ သိန်းခန့်သာရှိပါသည်။ ဇူလိုင် ၁၈ ရက်တွင် ရေဝင်ရောက်မှုများလာသဖြင့် ဧကပေ ၁၄ ဒသမ ၅ သိန်းအထိ တက်လာပါသည်။ ဇူလိုင် ၂၃ ရက်တွင် ဧကပေ ၂၆ ဒသမ ၅ သိန်းအထိ သိုလှောင်ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ ကန်ရေပြည့် သိုလှောင်နိုင်မှုပမာဏမှာ ဧကပေ ၂၈ ဒသမ ၈ သိန်း ဖြစ်ပါသည်။ (ဧကပေဆိုသည်မှာ တစ်ဧက အကျယ်အဝန်းရှိသော ဧရိယာထက်တွင် ရေအမြင့်တစ်ပေ ရှိသည့်ရေထုထည်ပမာဏကို ဆိုလိုခြင်း ဖြစ်ပါသည်။) အကယ်၍ သဖန်းဆိပ်ရေလှောင်တမံသာ မရှိခဲ့လျှင် ယခုထက်မက ရေကြီးနစ်မြုပ်နိုင်ပြီး ရေကြီးရေလျှံမှုကာလမှာလည်း ရက်ရှည်ဖြစ်သွားနိုင်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း၌ အလားတူ တည်ဆောက်ထားပြီးသော ဆည်တမံများရှိနေခြင်းကြောင့် မိုးရေကြီးသည့်အခါ သတ်မှတ်သိုလှောင် ရေပမာဏ သိုလှောင်ထိန်းသိမ်းထားနိုင်သဖြင့် ရုတ်တရက် ရေကြီးခြင်းအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာနသည် တမံပိုင်းဆိုင်ရာတွင် ရေထုတ်ပြွန်နှင့်ရေထိန်းမျှော်စင်၊ ရေပိုလွှဲ၊ အကူရေပိုလွှဲ၊ အရေးပေါ်ရေပိုလွှဲစသည့် အဓိက အဆောက်အအုံများ၊ ရေလွှဲဆည်ပိုင်းဆိုင်ရာတွင် လက်ဝဲ၊ လက်ယာ မြောင်းထိပ်ရေတံခါးများ၊ ရေဘေးကာကွယ်ရေးတာပေါင်တွင် ရေကင်းတာဝန်ချထားမှုများ စသည်တို့ကို စနစ်တကျ ထည့်သွင်းတည်ဆောက်ထားသည့်အပြင် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ပုံမှန်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ (Rules and Regulation) အတိုင်း အတွေ့အကြုံရှိပြီး ကျွမ်းကျင်မှုရှိသည့် ဆည်မြောင်းဝန်ထမ်းများနှင့် ထိန်းသိမ်းဆောင်ရွက်နေသဖြင့် ပြည်သူများ စိုးရိမ်ရန်မရှိကြောင်း အသိပေးအပ်ပါသည်။ မင်းမြင်ရေလှောင်တမံ၏ ထူးခြားဖြစ်စဉ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲလမ်းညွှန်ပေးမှု၊ တပ်မတော်သားများ၏ တစ်ခဲနက် အားကြိုးမာန်တက် လုပ်အားပေးမှု၊ ဒေသခံပြည်သူလူထု၏ ကူညီဆောင်ရွက်မှု၊ ဆည်မြောင်းဝန်ထမ်းများ၏ စံချိန်စံညွှန်းမီ ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းအပေါ် စေတနာထားမှု၊ အရေးပေါ်ကာလတွင် နေ့ရောညပါ တာဝန်ထမ်းဆောင်မှုတို့ကြောင့် မင်းမြင်ရေလှောင်တမံ ကျိုးပေါက်မှု ဖြစ်ပေါ်ခြင်း မရှိသလို ဆည်တာတမံများရှိနေခြင်းကြောင့် ရေကြီးနစ်မြုပ်မှုလည်း များစွာ သက်သာစေခဲ့ပါသည်။ ယခုနှစ် ရွာသွန်းသည့်မိုးကြောင့် ဆည်တာတမံများအတွင်းရေများ ပိုမိုသိုလှောင်ထားနိုင်မည်ဖြစ် သဖြင့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံတို့အတွက် စိုက်ပျိုးရေနှင့် အောင်ရေ လုံလောက်စွာပေးဝေနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ပထမအကြိမ် မြန်မာနိုင်ငံဘဏ္ဍာရေး၊ စီးပွားရေးဆိုင်ရာ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲတိုးတက်မှုများနှင့်အတူ မြန်မာ့ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့၏ လူနေမှုဘဝ၊ စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်မည့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအကြောင်း ပို့ချမည့် ပထမအကြိမ် မြန်မာနိုင်ငံ ဘဏ္ဍာရေး၊ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အမျိုးသားကဇာတ်ရုံ မြို့မကျောင်းလမ်း ရန်ကုန်၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ငွေရေးကြေးရေးဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာ အောင်ထွန်းသက်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါမောက္ခများ တက်ရောက်မည် ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် Banking Session တွင် SME Financ Insurance Session တွင် အာမခံလုပ်ငန်း၏ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံစီးပွားရေးတွင် အရေးပါမှု၊ Capital Market Session တွင် "ပြည်သူအများရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် နေရာအသစ် (Stock Exchange) စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍနှင့်သက်ဆိုင်သော သင်တန်းများ၊ အမေရိကန်နှင့်အင်္ဂလန်နိုင်ငံများမှ ဘဏ္ဍာရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ Certificate သင်တန်းများ ပို့ချလျက်ရှိသည့် မြန်မာနိုင်ငံ၏တစ်ခုတည်းသော သင်တန်းကျောင်းဖြစ်သည့် Myanmar Institute of Finance (MIF)နှင့် ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်သည့် GIZ(ဂျာမနီ)တို့ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး မီဒီယာများ၊ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)

# ကျောင်းသားများကို မိဘများက ဆရာများထံ ယုံကြည်စွာအပ်နှံထားသည့်အတွက် တပည့်များကို မိမိရင်သွေးကဲ့သို့ စောင့်ရှောက်

နေပြည်တော် ဇူလိုင် ၂၅

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် တူးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ခရိုင်ပညာရေးမှူး ဦးစန်းငွေမောင်တို့က ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အဖြစ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျောင်းအဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို တိုးချဲ့ကျောင်းဆောင်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဒေသတစ်ခုကို မြှင့်တင်ရာ၌ ကျန်းမာရေးနှင့် ပညာရေးသည် အရေးကြီးပါကြောင်း၊ ယခုကျောင်းကို ၁၉၈၁ ခုနှစ်က မူလတန်းအဆင့် ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း ၃၄ နှစ်အကြာ ယခုအစိုးရလက်ထက်တွင်မှ ပညာရေးဘတ်ဂျက်များ တိုးမြှင့်ပေးခဲ့သည့်အတွက် မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးမြှင့်နိုင်ခြင်းသည် ရပ်ရွာမှ ပညာရေးကို အားပေးသည်ဆိုသည့် သက်သေခံချက်ကို တွေ့မြင်ရပါကြောင်း။

ပညာဆိုရာတွင် အမှန်တရားကို အမှန်တိုင်းသိခြင်းသည် ပညာဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အမောဟဟုဆိုနိုင်ပါကြောင်း၊ ထိုသို့ဆိုရခြင်းမှာ အမှန်ကို မမြင်ဘဲ အမှားကို သိခြင်းက မောဟ၊ အမှန်ကို သိခြင်းက ပညာဖြစ်ပါကြောင်း၊ ပညာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်ပါကြောင်း၊ ပညာရှိသူသည် ရောက်သည့်အရပ်တွင် သူများ၏ နောက်လိုက်မဟုတ်ဘဲ ခေါင်းဆောင်တစ်ဦးအဖြစ် ရှိနိုင်ပါကြောင်း၊ လောကုတ္တရာအနေဖြင့် ပြောပါကလည်း ပညာဉာဏ်ရှိမှသာ သံသရာတစ်ဖက်ကမ်းသို့ ကူးခတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာသည် အရေးကြီးပါကြောင်း၊ ထို့အတွက် ပညာရေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ကျောင်းသားများကို မိဘများက ဆရာများထံ ယုံကြည်စွာ အပ်နှံထားသည့်အတွက် တပည့်များကို မိမိရင်သွေးကဲ့သို့ စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဆရာများက တပည့်များပညာတတ်ဖြစ်အောင် ဂရုစိုက်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မိဘများကလည်း သားသမီးများ အတန်းပညာ ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးအတွက် အမြဲမပြတ် ဖြည့်ဆည်းပံ့ပိုးပေးစေလိုပါကြောင်း၊ ရပ်ရွာအုပ်ချုပ်သူများနှင့် ရပ်မိရပ်ဖများကလည်း မိမိဒေသ၌ ပညာတတ်များ တိုးပွားအောင် ရည်မှန်းချက်ကို သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ အထိမ်းအမှတ်အလံများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်ကြပြီး ကျောင်းအုပ်ဆရာကြီးက ကျောင်းသမိုင်းကို ရှင်းလင်းတင်ပြကာ ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**



# တတိယအကြိမ် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာအောင်ဆုနှင်းပွဲ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တက်ရောက်



**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရမည်းသင်းမြို့ သီလဝခန်းမ၌ တတိယအကြိမ် မြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာအောင်ဆုနှင်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ဆုများပေးအပ်သည်။

အခမ်းအနားတွင် ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌဆရာတော်က ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် အလှူရှင်များကို ကျေးဇူးတင်ကြောင်း ရှင်းလင်းမိန့်ကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူးဆရာတော်က ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို မိန့်ကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအလယ်တန်းအဆင့်၌ ထူးချွန်စွာ အောင်မြင်ကြသူများအား ဆုများပေးအပ်ပြီး **(ဝဲပုံ)** တာဝန်ရှိသူများက စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်သူများကို ဆုများ ပေးအပ်ကြသည်။

ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့မှ နှစ်စဉ်ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများတွင် ပထမအကြိမ် ကျင်းပစဉ် ၂၀၂၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၄၉ ဦးအောင်မြင်ခဲ့ပြီး ဒုတိယအကြိမ် ကျင်းပစဉ် ၃၄၉၀ ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၉၁၁ ဦး အောင်မြင်ခဲ့သည်။ ယခုတတိယအကြိမ် အလယ်တန်းအဆင့်တွင် ၃၃၄၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၂၁၁၄ ဦး အောင်မြင်ပြီး မူလတန်းအဆင့်တွင် ၁၃၅၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၆၈ ဦး အောင်မြင်ခဲ့သဖြင့် စုစုပေါင်း ၄၆၉၉ ဦး ဝင်ရောက်ဖြေဆိုရာတွင် ၃၀၈၂ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အင်းတော်ကြီးအင်းရေလျှံ စပါးစိုက်မည့် တောင်သူများ ရေကျချိန်ကို စောင့်မျှော်

**မိုးညှင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ၌ ဇူလိုင် ၂၄ ရက် နံနက် ၃ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အင်းတော်ကြီးအင်း ရေကြီးရေလျှံမှုဖြစ်ကာ အင်းအနီးပတ်လည်ရှိ လယ်မြေများ ရေဖုံးလွှမ်းမှုများကြောင့် လယ်မြေဧက ၂၀၀၀ ကျော်ခန့်မှာ စပါးစိုက်ပျိုးရန်အတွက် ရေကျချိန်ကိုသာ စောင့်ဆိုင်းနေရကြောင်း သိရသည်။

"မိုးက ဒီလထဲမှာ အဆက်မပြတ်ရွာနေတာမို့ အင်းတော်ကြီးအင်းကို အမှီပြုလုပ်ကိုင်နေကြရတဲ့ တောင်သူတွေရဲ့ လယ်ယာမြေဧက ၂၀၀၀ ကျော် ရေနစ်နေပါတယ်။ ရေကျချိန်ရောက်မှစပါးပြန်စိုက်ရမှာပါ၊ တောင်သူတော်တော်များများက စပါးမစိုက်ရသေးလို့ ပျက်စီးဆုံးရှုံးမှုက မရှိသလောက် နည်းပါးပါတယ်။ ကျွဲနွားတွေကိုလည်း ရေလွတ်ရာ နေရာကို ပို့ထားရပါတယ်"ဟု အင်းတော်ကြီးအင်းကမ်းဘေး လယ်ယာလုပ်ကိုင်သူ လယ်ပုံလေးကျေးရွာနေတောင်သူတစ်ဦးက ပြောသည်။

အင်းတော်ကြီး ဒေသ၌ တောင်သူအများစုမှာ အင်းတော်ကြီးအင်းကို အမှီပြုကာ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်နေကြရပြီး ဆည်ရေသောက်သုံးမှုမှာ လုံလောက်မှုမရှိသဖြင့် အများစုမှာ သဘာဝမိုးရေကိုသာ အဓိကမှီခိုအားထားနေရကြောင်း၊ ကျေးရွာအုပ်စု ၁၁ စုရှိ ကျေးရွာပေါင်း ၄၃ ရွာမှ တောင်သူအများစုသည် လက်တွန်း ထွန်စက်များကို အဓိကထားအသုံးပြုလျက်ရှိကြောင်း သိရသည်။

**နီတိုး**

## ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ဧကများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နယ်မြေဒေသများစွာတွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီး နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများ ထိခိုက်ပျက်စီးမှု အခြေအနေမှာ ကချင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၁၃၇၈၃ ဧကအနက် ၃၄၉၁ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၇၈၉ ဧက ထိခိုက်ပြီး ခုနစ်ဧက ပျက်စီးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၉၁၅ ဧကအနက် ၂၉၁၅ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၁၇၁ ဧက ထိခိုက်ပြီး ဧက ၁၄၄၀ ပျက်စီးခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၁၃၆ ဧက ဖြစ်ပွားပြီး ထိခိုက်ခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၆၉၈၂ ဧကအနက် ၅၃၉၅၈ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၆၁၃၂ ဧက ထိခိုက်ပြီး ၂၈၃၃ ဧက ပျက်စီးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၁၃၂၇ ဧကအနက် ၁၀၇၉ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၀၇၉ ဧက ထိခိုက်ခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၄၉ ဧကအနက် ၈၄၉ ဧက ပြန်ပေါ်ခဲ့သော်လည်း ထိခိုက်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## တောင်ပြို(လက်ဝဲ)၌ ယာယီစောင့်ရှောက်ထားသော စိစစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၉ ဦးအား ဇူလိုင် ၃၀ ရက်တွင် ထပ်မံလွှဲပြောင်းရန် ညှိနှိုင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံမှ ၂၀၁၅ ခုနှစ် မေ ၂၁ ရက်နှင့် ၂၉ ရက်က မြန်မာရေပိုင်နက်အတွင်း ကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူများကို ၎င်းတို့၏မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၃၄၂ ဦးကို သုံးသုတ်ခွဲ၍ ပြန်လည်ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

တောင်ပြို(လက်ဝဲ)စခန်း၌ ကျန်ရှိနေသည့် လှေစီးသွားလာသူ ၃၈၉ ဦးအနက် ဘင်္ဂလားဒေ့ရှ်ဘက်က စိစစ်၍ ပြန်လည်လက်ခံရန် အတည်ပြုပြီးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၁၅၉ ဦးကို ဇူလိုင် ၃၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထပ်မံလွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်းလျက်ရှိသည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ကျန်ရှိနေသော လှေစီးသွားလာသူများ ကို စိစစ်၍ ၎င်းတို့၏ မူရင်းနေရပ်သို့ အမြန်ပြန်လည်ပို့ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ယာယီစောင့်ရှောက်ထားသူများကိုလည်း လူသားချင်းစာနာထောက်ထားမှု အခြေခံဖြင့် အကူအညီများ ထောက်ပံ့ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေလှောင်တမံစီမံကိန်းများပြီးစီးပါက ပြည်သူများအတွက် အကျိုးရှိမည်ဖြစ်ရာ အချိန်မီပြီးစီးရေးကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်ဦးကျော်မြင့်လှိုင်က ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ကြပြီး ရှမ်းပြည်နယ် ရွာငံမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်နေသည့် မြို့ကြီး ရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းလုပ်ငန်းခွင်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ရေအားလျှပ်စစ် အဆောက်အအုံအတွင်း (၁၅)မဂ္ဂါဝပ်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေအားလျှပ်စစ်စက်ရုံနှင့် တာဘိုင်တပ်ဆင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် YMEC ကုမ္ပဏီမှ ပညာရှင်များအား လက်ဆောင်သစ်သီးပန်းခြင်း ပေးအပ်စဉ်။**

ဓာတ်အားထွက်ရှိမည့် ဂျင်နရေတာ တာဘိုင်နှစ်လုံးတပ်ဆင်ရန် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြို့ကြီး ပင်မရေလှောင်တမံအပေါ်သို့ရောက်ရှိပြီး ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ ရေဝပ်ဧရိယာနှင့် စက်ယန္တရားကြီးများဖြင့် တမံတည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တမံရှင်းလင်းဆောင်ရွက်သို့ရောက်ရှိပြီး ရေလှောင်တမံ ပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် အကြိုလုပ်ငန်း၊ ရေလွှဲဥမင်၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်စက်ရုံ၊ လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက် ရေယူတူးမြောင်း၊ မြောင်းမတော်(၁)ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မှု၊ စိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ယခင်ကာလက မပြီးပြတ်ခဲ့သည့် စီမံကိန်းလုပ်ငန်းများကို မိမိတို့အစိုးရလက်ထက်တွင် အပြီးသတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့ကြီး ရေလှောင်တမံကို မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်စေရေးနှင့် လျှပ်စစ်ဓာတ်အား ပိုမိုပေးဝေနိုင်ရေးအတွက် ရည်ရွယ် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယခုမြို့ကြီးရေလှောင်တမံ၊ ရာဇဂြိုဟ် ရေလှောင်တမံနှင့် မြစ်သာ ရေလှောင်တမံ ဘက်စုံစီမံကိန်းများမှာ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ စီမံကိန်းများ မြန်မြန်ပြီးစီးပါက ပြည်သူများအတွက် မြန်မြန်အကျိုးရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စီမံကိန်းများ အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြို့ကြီး ရေအားလျှပ်စစ်စက်ရုံနှင့် တာဘိုင်တပ်ဆင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ ပညာရှင်များအား လက်ဆောင် သစ်သီးပန်းခြင်းပေးအပ်သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် တည်ရှိပြီး ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၅၉၅၅၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၉၇၇၀ သိုလှောင်နိုင်မည်ဖြစ် သည်။

တမံအမျိုးအစားမှာ မြေသားတမံ (ဇုန်အမျိုးအစား)ဖြစ်ပြီး တည်ဆောက်ဆဲ ကျိုင်းခမ်း ရေလှောင်တမံနှင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံတို့မှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံ နှစ်ခုအကြား စီးဆင်းသော ရေများကို စုပေါင်း သိုလှောင်၍ ရေအားလျှပ်စစ် (၃၀)မဂ္ဂါဝပ် ထပ်မံထုတ်လွှတ်နိုင်ရန်၊ သိုလှောင်ပြီး ရေများကို ထိန်းညှိထုတ်လွှတ်ပေး၍ ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် ဧရိယာ ဧက ၈၂၀၀၀ အား ရေပိုမိုပေးဝေနိုင်ရန်၊ မိတ္ထီလာ လွင်ပြင်အတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ဒေသတွင်း စိမ်းလန်းစိုပြည်စေရန် ရည်ရွယ် အကောင်ထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း စီမံကိန်းတစ်ခုလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၆၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၆၇) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို စေတီတော်မြတ်ကြီးလိုဏ်ဂူတော်အတွင်း အရှေ့ဘက် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီကကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် တိုက်ကြပ်ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ ဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တစန္ဒောဘာသနှင့် ဇမ္ဗူသီရိမြို့နယ် မစိုးရိမ်စာသင်တိုက်မှ ဆရာတော် သံဃာတော် စုစုပေါင်း ၁၉ ပါး ကြွရောက်တော်မူကြပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ ဝတ်အသင်းအဖွဲ့ဝင်များ၊ တပ်နယ်ဝတ်အသင်းအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၅၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စေတီတော်ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းပရိတ်အိုးများဆက်ကပ်ပြီး ဆရာတော် သံဃာတော်များဦးဆောင်၍ ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားရုပ်သိမ်းခဲ့သည်။

ထို့နောက် ကြွရောက်လာသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၆၇) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအား ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဝါတွင်းကာလ သီလခံယူပွဲများကို ဒုတိယဝါဆိုလပြည့်နေ့မှစ၍ ကြားရက်ဥပုသ်နေ့များအပါအဝင် သီတင်းကျွတ်လပြည့်နေ့အထိ ဩဝါဒါစရိယဆရာတော်ကြီးများ၊ အလှည့်ကျဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်နိုင်ရန် သီလခံယူပွဲများ စီစဉ်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူများ ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ရန် နိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ရထားလမ်းများရေနစ်မြုပ်မှု ထပ်မံဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၂၅**

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ဘုံချောင်း-မဲဇာလမ်းပိုင်း မိုင်တိုင်အမှတ် (၅၇၃/၁၅)မှ (၅၇၄/၁၁) အထိ ရထားသံလမ်းအပေါ် ရေသုံးပေခန့် လွှမ်းမိုးခဲ့သဖြင့် ၎င်းလမ်းပိုင်းကို ယနေ့နံနက် ၄ နာရီ မိနစ် ၅၀ ကလည်းကောင်း၊ မဲဇာ-ဆည်ရွာလမ်းပိုင်း မိုင်တိုင်အမှတ် (၅၈၀/၁၇) မှ (၅၈၀/၂၀)အထိ ရထားသံလမ်းအပေါ် ရေခြောက်လက်မခန့် လွှမ်းမိုးသဖြင့် ၎င်းလမ်းပိုင်းအား ဇူလိုင် ၂၄ ရက် ညနေ ၅ နာရီ မိနစ် ၂၁ က လည်းကောင်း လမ်းများပိတ်ထားခဲ့သည်။

ထို့ပြင် ပင်ဝယ်-မော်လူးကြား မိုင်တိုင်အမှတ် (၆၀၂/၆)မှ (၆၀၂/၇) အထိ ရထားသံလမ်းအနောက်ဘက်အခြမ်း အလျား ပေ ၄၀၊ အကျယ် လေးပေခွဲ၊ အနက် ၂၅ ပေရှိ ရေတိုက်စားမှု ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရထားသံလမ်း ရေလွှမ်းမိုးနစ်မြုပ်သည့်နေရာများသို့ ယနေ့ နံနက်ပိုင်းတွင် RGC- 96 ရထားဖြင့် လိုက်လံစစ်ဆေးပြီး ပင်ဝယ်- မော်လူး ရထားလမ်းပိုင်းရှိ ရေတိုက်စားသည့်နေရာတွင် ကျောက်နှင့် သဲစီခြင်း လုပ်ငန်းများကို အငယ်တန်းအင်ဂျင်နီယာအဖွဲ့နှင့်အတူ လုပ်သား ၂၀ တို့ဖြင့် ဆောင်ရွက်ရာ ယနေ့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

ကံကြီး-ဇော်ချောင်းကြားရှိ ရေဖုံးလွှမ်းမှုကြောင့် ရထားလမ်းတံတား ပျက်စီးမှုများကို မြန်မာ့မီးရထား တိုင်းအမှတ် (၂)မှ အင်ဂျင်နီယာအဖွဲ့နှင့် မြန်မာ့မီးရထား မလ္လကုန်းတံတားအဖွဲ့တို့ ပူးပေါင်းပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ၎င်းလမ်းပိုင်းရှိ ပျက်စီးသွားသော တံတားအမှတ် ၂၈၁၊ ၂၈၂ နှင့် တာပေါင်တို့ကို လိုအပ်သော ကျောက်ထည့်ခြင်း၊ ဇလီဖားထည့်ခြင်း၊ သံပေါင်များ သယ်ဆောင်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး ဩဂုတ် ၃ ရက်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားရှိသည်။

မော်လူး-နန်းကြီးအောင် ရထားလမ်းပိုင်း မိုင်တိုင်အမှတ် (၆၁၇/၁၁)ရှိ ပျက်စီးသွားသော တံတားအမှတ် (၅၀၄) ကို မြန်မာ့မီးရထား တိုင်းအမှတ် (၁)မှ အင်ဂျင်နီယာမှူး ဦးစီးသည့် လုပ်သား ၃၂ ဦးတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားရှိသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် မိုးညှင်း-ချပ်သင်း ရထားလမ်းပိုင်းများ ပိတ်ထားသော်လည်း မိုးညှင်း-မြစ်ကြီးနား-မိုးညှင်း အထူးရထားနှင့်မန္တလေး-ချပ်သင်း-မန္တလေး အထူးရထားကို ဆက်လက်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ပျက်စီးသွားသော ရထားလမ်း၊ တံတားပြုပြင်နေမှုများအား အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် မြန်မာ့မီးရထား တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**စစ်တွေ ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ဥစားကြက်၊ ဝက်နှင့်နွားများ မွေးမြူနိုင်ရန်၊ ရေဘေးသင့်ကျေးလက်ဒေသများရှိ လမ်း၊ တံတားများပြင်ဆင် တည်ဆောက်ရန် ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း ပုစွန် မွေးမြူရေး၊ သားငါးသယံဇာတ ထိန်းသိမ်းရေး၊ ပို့ကုန်တိုးတက်ရေးကိစ္စများ၊ ရေလုပ်သားများနှင့် မြစိမ်းရောင်ကျေးရွာကော်မတီများမှ အကြံပြုတင်ပြချက်များအား ဆွေးနွေးညှိနှိုင်းခြင်းများကို ဇူလိုင် ၂၄ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ငါးလုပ်ငန်းဦးစီးဌာနတွင်ပြုလုပ်ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး တက်ရောက်ပြီး လိုအပ်သည်များ စီမံဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာ ကော်မတီဝင်များ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

(သတင်း- စာ ၈)

# မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဒီပ ပျံလွန်တော်မူ



**နေပြည်တော် ဇူလိုင် ၂၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် (Mahachulalongkornrajavidyalaya University, Thailand) မှ (Honorary Doctorate Degree of Ph.D) အပ်နှင်းခြင်းခံရသော (အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဘဒ္ဒန္တပညာဒီပ သက်တော် ၈၇ နှစ် ၊ သိက္ခာတော် ၄၄ ဝါ သည် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက် (၂၅-၇-၂၀၁၅ ) စနေနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းဆံတော်ရှင် ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ထေရုပ္ပတ္တိအကျဉ်း**

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာကို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ၌ အဖ ဦးစံဖေ၊ အမိ ဒေါ်စောကျင်တို့မှ ၁၂၉၀ ခုနှစ် ကဆုန်လဆန်း ၁ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း**

၁၃၀၂ ခုနှစ်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍဝကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၃၃ ခုနှစ် ကဆုန်လဆန်း ၁ ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ နောင်တော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တကန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် တောင်စွန်းတိုက်နယ် တောင်စွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏစသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၉၆၅ ခုနှစ်တွင် ရသေ့အသွင်ဖြင့် တောထွက်၍ မြန်မာနိုင်ငံအတွင်းရှိ ဘုရားစေတီပုထိုးများနှင့် မိမိမွေးရပ်ဇာတိဖြစ်သော ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ထီးတော်တင်ခြင်း၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရည်စူး၍ စေတီပုထိုးများ တည်ထားကိုးကွယ်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်းပွဲများ ကျင်းပပေးခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝိပဿနာတရားစခန်းပွဲများ ကျင်းပပေးခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနဓုရဝဟဂုဏ် လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၇ နှစ် ၊ သိက္ခာတော် ၄၄ ဝါ သည် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက် (၂၅-၇-၂၀၁၅) စနေနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# စကားပြေအလေ့အလာ(၃)

မောင်ခင်မင်(ဓနုဖြူ)

"ခေတ်စမ်းပုံပြင်ထွက်ပြီးတဲ့နောက် စကားပြေရေးပုံအကြောင်း ဘယ်လို ဆွေးနွေးကြတာပါလဲ ဆရာ"

"အင်း. . . ခေတ်စမ်းပုံပြင်မှာ မောင်စိန်တင်ရေးတဲ့ စာတွေက ဝါကျ တိုတိုကလေးတွေနဲ့ သွက်သွက်လက်လက်ရေးတာများတယ်လေ။ အဲ. . . မောင်စိန်တင်ဆိုတာ သိပ္ပံမောင်ဝပေါ့။ အဲဒါကို အကြောင်းပြုပြီး ဝါကျ တိုတိုရေးတာ မကောင်းဘူး။ ကောင်းတယ်ဆိုတာတွေ သူရိယသတင်းစာ မှာအပြန်အလှန်ရေးကြတယ်ကွဲ့"

"သြော်. . . ဟုတ်ကဲ့ပါ"

"ဝါကျတိုမကြိုက်တဲ့သူတွေက ဝါကျတိုဆိုတာ သုံးတန်းကျောင်းသား ကလေးတွေ ရေးတာမျိုးဆိုပြီး ဝေဖန်တယ်။ ဝါကျရှည်ရေးမှ ကောင်းတယ် ပေါ့။ ဝါကျတိုကြိုက်တဲ့သူတွေကလည်း ဝေဿန္တရာဇာတ်တော်ထဲက ဝါကျတိုတွေ ထုတ်ပြပြီး ဘယ်လိုကောင်းတယ်ဆိုတာဆွေးနွေးကြတယ်"

"စိတ်ဝင်စားစရာပဲနော် ဆရာ"

"ဟုတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် စကားပြေအရေးအသားဘက်ကို အာရုံ စိုက်မိလာကြတာက ကောင်းတဲ့လက္ခဏာပါပဲ။ အဲဒီမှာ သိပ္ပံမောင်ဝ ဆွေးနွေးတာတစ်ခုရှိတယ်။ မှတ်သားစရာပေါ့"

"ပြောပြပါဆရာ"

"သိပ္ပံမောင်ဝက ဝါကျတိုတာ ရှည်တာထက် သူ့နေရာသူ လိုက်ဖက်အောင် ရေးတတ်ဖို့ လိုအပ်ကြောင်း ဆွေးနွေးတာပါ။ ဘယ်လိုဆွေးနွေးသလဲ ဆိုရင် မင်္ဂလာဆောင်မှာ ဖတ်မယ့်သြဘာစာကို ဝါကျတိုကလေးတွေနဲ့ ရေးရင် လူရယ်စရာဖြစ်မယ်တဲ့။ အဲဒီလိုပဲ ရန်ပွဲအကြောင်း၊ မီးလောင်လို့ ပြေးရလွှားရတဲ့အကြောင်းရေးရင်လည်း မင်္ဂလာသြဘာစာရေးသလို ဝါကျအရှည်ကြီးတွေနဲ့ရေးနေရင် လူရယ်စရာဖြစ်မယ်တဲ့"

" ဟုတ်တယ်၊ အဲဒီမှာလည်း အယ်ဒီတာက ဆရာကြီး ဦးဖေမောင်တင် ရေးသလိုပဲ မြန်မာတွေဟာ စကားပြေကို ကဗျာလောက် အလေးမထားကြတဲ့ အကြောင်းရေးထားတယ်။ ကျောင်းမှာလည်း စကားပြေကို ဂရုတစိုက် မသင်တဲ့ အကြောင်း၊ ဒါကြောင့် ကျောင်းသားတွေ မြန်မာစာ မရေးတတ်ကြောင်း သုံးသပ်ထားတယ်။ အဲဒီခေါင်းကြီးပိုင်းရဲ့ နိဂုံးမှာ ရေးထားတာကိုတော့ ဆရာလည်း မကြာခဏ ကိုးကားနေရလို့ အလွတ်တောင်ရနေပြီ"

" ဟုတ်ကဲ့ပြောပြပါ ဆရာ"

" 'ကဗျာလင်္ကာသာလျှင် ကြီးပွား၍ စကားပြေနိမ့်ပါးနေမည်ဖြစ်ပါလျှင် . . . တဲ့၊ မြန်မာပြည်သည် တစ်ဘီးလိမ့်လှည်းကဲ့သို့ ခရီးမတွင် ပင်ပန်း ဆင်းရဲမည်သာတည်း' တဲ့"

"မှတ်သားထားပါ့မယ် ဆရာ၊ စကားပြေရော ကဗျာရော ကြီးပွားမှ နှစ်ဘီးလုံးလည်တဲ့ လှည်းဖြစ်မှာပေါ့နော်"

" သိပ်ကောင်းတဲ့ ဥပမာပါ။ အဲဒီခေါင်းကြီးရေးတဲ့အယ်ဒီတာက ဘယ်သူ ပါလဲဆရာ"

"ဆရာလည်း စိတ်ဝင်စားလို့ ဂန္ထလောက အယ်ဒီတာစာရင်းကို လေ့လာ ကြည့်တယ်။ ဒီတော့မှ အဲဒီတုန်းက အယ်ဒီတာလုပ်တဲ့ ပုဂ္ဂိုလ်နာမည်ကို တွေ့ရတယ်"

"ဘယ်သူပါလိမ့် ဆရာ"

" ဦးဝန်တဲ့ ။ ဆရာ မင်းသုဝဏ်ပေါ့ကွယ်"

"သြော်. . . သမီးကြားဖူးတာတစ်ခုရှိပါတယ် ဆရာ။ ဆရာကြီး မင်းသုဝဏ်က ' စကားပြေ စာပေ အသက်' ဆိုပြီး ဆောင်းပုဒ်တစ်ခု ပြောဖူး တယ်ဆိုလား"

" ဟုတ်ပါတယ်။ 'စကားပြေ စာပေအသက်' ဆိုတာ ဆရာကြီး မင်းသုဝဏ် ရေးတဲ့ ဆောင်းပါးခေါင်းစဉ်ပေါ့။ စစ်အတွင်းတုန်းက ရေးတာလို့သိရတယ်။ အခုတော့ 'စကားပြေ စာပေအသက်' ဆိုတာ ဆောင်းပုဒ်တစ်ခု ဖြစ်နေပြီ ပေါ့ကွယ်"

" ဟုတ်ကဲ့ပါ"

" ဆရာကြီးက ပါဠိ၊ သက္ကတ၊ တရုတ်စတဲ့ စာပေတွေမှာ စကားပြေနဲ့ ရေးထားတဲ့ ပညာရပ်ဆိုင်ရာ ကျမ်းတွေအများကြီးရှိကြောင်း၊ လောကမှာ လူတစ်လုံးသူတစ်လုံး လုပ်ချင်တဲ့ လူမျိုးဖြစ်ဖို့ စကားပြေမကြွယ်ဝဘဲ မဖြစ် နိုင်ကြောင်း ရေးထားတယ်။"

"ဟုတ်ကဲ့။ သမီးတို့ ပညာရပ်တွေ လေ့လာရင် စကားပြေနဲ့ ရေးထားတဲ့ ကျမ်းတွေကို အဓိကထားရတာဆိုတော့ စကားပြေထွန်းကားမှ ပညာရပ်တွေ လည်း ထွန်းကားမယ်လို့ တွေးမိပါတယ်ဆရာ"

"ဟုတ်တာပေါ့"

"ဒါဆိုရင် မြန်မာစာပေမှာ စကားပြေနဲ့ရေးထားတဲ့ ပညာရပ်ဆိုင်ရာ ကျမ်းတွေ မထွန်းကားဘူးဆိုတဲ့သဘောပေါ့နော် ဆရာ"

"အေးကွယ်၊ အတန်အသင့်တော့ရှိတာပေါ့။ စကားပြေနဲ့ ရေးထားတဲ့ ပညာရပ်ဆိုင်ရာကျမ်းတွေ ပြောပါဆိုရင် ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ ဆေး ကျမ်း၊ မဏိသျှုတ်ဆိုတဲ့ ကျောက်မျက်ကျမ်း၊ ပြီးတော့ ဆင်မြင်းလက္ခဏာပြတဲ့ ဆင်ကြန် မြင်းကြန်ဆိုတဲ့ ကျမ်းတွေရှိတာပေါ့။ ဒါပေမယ့် အဲဒီကျမ်း အတော် များများမှာ ရေးထားတာက စကားပြေသန့်သန့်မဟုတ်ဘဲ နိဿယ စကားပြေတွေ ဖြစ်နေတယ်။ ပြီးတော့လည်း ကဗျာနဲ့ယှဉ်ကြည့်ရင် အဲဒီ ကျမ်းမျိုးတွေက အရေအတွက် သိပ်နည်းပါတယ်ကွယ်"

"ကျွန်တော်ဖတ်ဖူးတာက ယောမင်းကြီးဦးဘိုးလှိုင်လည်း ပညာရပ် ကျမ်းတွေ ပြုစုတယ်လို့ ဖတ်ဖူးပါတယ်"

"ဟုတ်ပါတယ်။ ယောမင်းကြီးက ခေတ်မီပညာရပ်တွေကို မြန်မာလို ပြန်ရေးခဲ့တဲ့ ပညာရှင်ကြီးပါ။ သိပ်ကျေးဇူးကြီးတာပေါ့။ ယောမင်းကြီးဟာ ဖန်ချက်ဝန်နဲ့တွဲပြီး 'လောကဓာတ်ဆေးကျမ်းကြီး' ဆိုတာ ပြုစုတယ်။ ဖန်ချက်ဝန်က နိုင်ငံခြားမှာ ပညာသင်လာပြီး ပြင်သစ်လို ကောင်းကောင်း တတ်တယ်။ အဲဒီကျမ်းဟာ ပြင်သစ်ဘာသာနဲ့ ရေးထားတဲ့ ဓာတုဗေဒကျမ်း ပဲ။ Chemistry ပေါ့။ အဲဒီကျမ်းကို ယောမင်းကြီးက မြန်မာဝေါဟာရ အခေါ်အဝေါ်တွေနဲ့ မြန်မာတွေ နားလည်အောင် ဘာသာပြန်ထားတာလေ။ စကားပြေအရေးအသားလည်း ရှင်းတယ်။ ဖတ်လို့နားလည်လွယ်တယ်"

"တခြားကျမ်းတွေရော ဘာတွေပါလဲဆရာ"

"ကြေးနန်းရိုက်နည်း တီထွင်ဖို့ မြန်မာအက္ခရာတွေကို ဗျည်းနဲ့ သရခွဲ ပြပြီး ကြေးနန်းရိုက်နိုင်အောင် စီစဉ်ထားတဲ့ 'လိပိဒီပိကာ' တို့၊ ၃၂ ကောဋ္ဌာသကို 'အနာတမိ' သဘောနဲ့ညှိပြီးရေးတဲ့ 'ကာယာနုပဿနာကျမ်း' တို့၊ တိုင်းပြည်အုပ်ချုပ်ရေးစနစ်ကိုပြတဲ့ 'ရာဇဓမ္မသင်္ဂဟကျမ်း' တို့၊ ဥတု နဲ့ အာဟာရအကြောင်းပြတဲ့ 'ဥတုဘောဇနသင်္ဂဟကျမ်း'တို့ပေါ့ကွယ်။ အများ ကြီးပါ"

"ဒီလိုဆိုရင် စကားပြေထွန်းကားအောင် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေထဲ မှာ ယောမင်းကြီးလည်း ပါတာပေါ့နော် ဆရာ"

"ပါတာပေါ့ကွယ်။ ယောမင်းကြီးရဲ့ ကျမ်းတွေ အခုထိလေ့လာနေရတုန်း ပါ။ ကင်းဝန်မင်းကြီးဆိုရင်လည်း လန်ဒန်နဲ့ ပြင်သစ်ကို သံတမန်အဖြစ် သွားတဲ့အကြောင်း မှတ်တမ်းတင်ထားတဲ့ 'လန်ဒန်သွားနေ့စဉ်မှတ်တမ်း' တို့၊ 'ပြင်သစ်သွားနေ့စဉ်မှတ်စာတမ်း'တို့ ရှိတာပေါ့။ သိပ်ကောင်းတဲ့ စကားပြေကျမ်းတွေပါ။ ဒါပေမယ့် အနည်းစုဖြစ်နေတော့ အားမကောင်း ဘူးပေါ့ကွယ်"

"ပုံနှိပ်စက်တွေ မြန်မာပြည်ရောက်လာပြီး သတင်းစာပေါ်လာတော့ စကားပြေအသုံးများလာတယ်လို့ ဆရာပြောတာမှတ်မိပါတယ်။ ဒီလိုဆိုရင် ၂၀ ရာစုအစမှာ စကားပြေထွန်းကားလာပြီလို့ ဆိုနိုင်ပါသလား ဆရာ"

" ရှေးခေတ်နဲ့စာရင် စကားပြေအသုံးများလာပြီး ကျယ်ပြန့်လာတာ အမှန်ပါပဲ။ သတင်းစာတွေ ပေါ်လာရာကနေပြီး ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ ပေါ်လာတယ်။ ကာလပေါ်ဝတ္ထုလို့ခေါ်တဲ့ ခေတ်သစ်ဝတ္ထုတွေ ပေါ်လာတယ်။ ခေတ်သစ်ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းတွေ ပေါ်လာတယ်။ ပုံနှိပ်ခေတ်ဆိုတော့ ပေ၊ ပုရပိုက်ခေတ်လိုမဟုတ်ဘဲ စာအုပ်တွေအများကြီးရိုက်နိုင်တာမို့ ပိုပြီးကျယ်ပြန့်လာတာပေါ့ကွယ် "

**"ရှေးခေတ်နဲ့စာရင် စကားပြေအသုံးများလာပြီး ကျယ်ပြန့်လာတာ အမှန်ပါပဲ။ သတင်းစာတွေ ပေါ်လာရာကနေပြီး ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ ပေါ်လာတယ်။ ကာလပေါ်ဝတ္ထုလို့ခေါ်တဲ့ ခေတ်သစ်ဝတ္ထုတွေပေါ်လာ တယ်။ ခေတ်သစ်ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းတွေ ပေါ်လာတယ်။ ပုံနှိပ်ခေတ်ဆိုတော့ ပေ၊ ပုရပိုက်ခေတ်လို မဟုတ်ဘဲ စာအုပ်တွေအများကြီး ရိုက်နိုင်တာမို့ ပိုပြီးကျယ်ပြန့်လာတာပေါ့ကွယ်"**

"ဟုတ်ကဲ့"

"ဒါပေမယ့် စကားပြေရေးသားနည်းကို စနစ်တကျ ညွှန်ပြတဲ့စာမျိုးတွေ မပေါ်သေးဘူးလေ။ ဒီတော့ စကားပြေကို အသုံးများလာပေမယ့် ထဲထဲ ဝင်ဝင် စနစ်တကျလေ့လာတဲ့ဘက်မှာ အားနည်းနေသေးတာ အမှန် ပါပဲ"

"ကဗျာအလေ့အလာကရော ဆရာ"

"အဲဒါပြောတာပေါ့။ ပုံနှိပ်ခေတ်မှာ ကဗျာရေးနည်းဖွဲ့နည်း စာအုပ်တွေ အများကြီး ပေါ်လာတာလေ။ ပုဂံဝန်ထောက်မင်း ဦးတင်ရဲ့ 'ကဗျာဗန္ဓ သာရကျမ်း'၊ ဆရာလွန်းခေါ်တဲ့ ဆရာမှိုင်းကြီးရဲ့ 'ကဗျာသာရတ္ထသင်္ဂြိုဟ် ကျမ်း'၊ နောက်. . . ပုပ္ပားဦးကျော်ရင်ခေါ် လယ်တီဦးကောဝိဒရဲ့ 'ကဝိ ဘာရတီကျမ်း' စသည်ဖြင့်ပေါ့။ ကဗျာဖွဲ့နည်းကျမ်းတွေ ပေါ်လာတယ်။ ကျောင်းတွေမှာလည်း ပြဋ္ဌာန်းတယ်။ ဒါပေမယ့် စကားပြေနဲ့ပတ်သက်ပြီး ဆရာကြီး ဦးလူဖေဝင်းရဲ့ မြန်မာစာစီစာကုံးကျမ်းလို ကျမ်းမျိုးတွေတော့ ထပ်ပြီးပေါ်မလာဘူးကွဲ့"

"ဒါကြောင့်လည်း ဆရာကြီး ဦးဖေမောင်တင်တို့၊ ဆရာကြီးမင်းသုဝဏ် တို့က စကားပြေကို အလေးထားပြီး လေ့လာဖို့ နှိုးဆော်ကြတာဆိုတာ သမီးတို့ သဘောပေါက်လာပါပြီ ဆရာ။ နောက်မှ ဆက်မေးပါရစေ။ ဆရာ နားပါဦး ဆရာ"

"အေးကွယ်"

**"ဟုတ်တယ်နော် ဆရာ။ ဘောလုံးပွဲကို ရုပ်မြင်သံကြားက တိုက်ရိုက် ထုတ်လွှင့်တဲ့အခါ ကြေညာတဲ့သူက ဝါကျတိုကလေးတွေနဲ့ သွက်သွက် လက်လက်ကြေညာမှ အသက်ဝင်မှာပေါ့။ ဝါကျရှည်ကြီးနဲ့ စကားမဖြတ်ဘဲ ပြောနေရင် ပျင်းစရာကြီး ဖြစ်နေမှာပေါ့ဆရာ"**

**"ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်တို့လည်း သတင်းကြေညာတဲ့ အခါတို့၊ ဆွေးနွေးတဲ့အခါတို့မှာ ပြောတဲ့အကြောင်းအရာနဲ့ လိုက်အောင် ပြောဖို့သတိထားရမယ်"**

"ဟုတ်ပါပြီ။ အဲဒီတုန်းက က္ကန္ဒနီဆိုတဲ့ စာရေးဆရာကြီးကလည်း 'ခေတ်စမ်းမြန်မာစကားကို အကဲခတ်နည်း'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဂန္ထလောက မဂ္ဂဇင်းမှာ ခေတ်စမ်းပုံပြင်တွေကို အသေးစိတ်ဝေဖန်ထားတာတွေ့ရတယ်"

"ဂန္ထလောကမဂ္ဂဇင်းတွေ စာကြည့်တိုက်မှာတွေ့ဖူးပါတယ် ဆရာ"

"ဂန္ထလောကက ပါးပါးကလေးပေမယ့် အင်မတန်သြဇာကြီးတဲ့ မဂ္ဂဇင်း တစ်စောင်ပဲကွဲ့။ မြန်မာပိုင်းရော အင်္ဂလိပ်ပိုင်းရောပါတယ်။ အသိသစ် အမြင်သစ်ပေးတဲ့ မဂ္ဂဇင်းတွေပေါ့ကွယ်။ သြော် . . . ၁၉၃၆ ခုနှစ်က ထင်ပါရဲ့၊ အဲဒီဂန္ထလောကမှာ ခေါင်းကြီးပိုင်းတစ်ပုဒ်ကို အယ်ဒီတာက 'စကားပြေ' လို့ ခေါင်းစဉ်တပ်ပြီး ရေးတယ်"

"စကားပြေအရေးကြီးတဲ့အကြောင်းလား ဆရာ"



ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ဒလဆိပ်ကမ်းအကြား ရန်ကုန်မြစ်ကို ဖြတ်သန်း၍ နေ့စဉ် ခရီးသွားပြည်သူများ၊ ဝန်ထမ်းများ၊ လက်လုပ်လက်စား အလုပ်သမားများ စက်သမ္ဗန်ဖြင့် သွားလာနေကြသော်လည်း မိုးလေကျရောက်သည့် ရာသီဥပင် သတ်မှတ်ထားသည့် သက်ကယ် အင်္ကျီဝတ်ဆင်မထားဘဲ သွားလာနေကြသည့်မြင်ကွင်းကို တွေ့ရစဉ်။

တင်စိုး(မြန်မာ့အလင်း)

## တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နံနက် ၆ နာရီမှစပြီး အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင် ဘာသာများဖြင့် ည ၁၁ နာရီအထိ ထုတ်လွှင့်ခဲ့သည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် သြဂုတ် ၁ ရက်မှစပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ နံနက် ၆ နာရီမှ ၇ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရခိုင် ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ 'ရှမ်း' ဘာသာ အစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ညနေ ၄ နာရီမှ ၆ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၈ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီ အထိ စကောကရင် ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ အနောက် ပိုးကရင် ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင် ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခရီးသွားကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မည်



**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ်မြောက် CLMV အဖွဲ့ဝင်နိုင်ငံများ(ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်)၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (SOM) ကို ဇူလိုင် ၂၈ ရက်တွင်လည်းကောင်း၊ အက်မက်စ်(SOM)အစည်းအဝေးနှင့် ဝန်ကြီးများအဆင့် အစည်းအဝေးကို ဇူလိုင် ၂၉ ရက်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

"တတိယအကြိမ်မြောက် စီအယ်လ်အမ်ဗွီ၊ ဒုတိယအကြိမ်မြောက် အက်မက်စ်အစည်းအဝေးကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ အဓိကခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ဆွေးနွေးသွားမှာဖြစ်ပြီး ဒုတိယအကြိမ်မြောက် CLMV အစည်းအဝေးကို ၂၀၁၃ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးက ရရှိလာတဲ့ ရလဒ်အနေနဲ့ ကမ္ဘာလှည့်ခရီးသွားများအတွက် CLMV ဒေသကို ဆွဲဆောင်မှုကောင်းတဲ့ ကမ္ဘာ့ထိပ်တန်းခရီးစဉ် ဒေသတစ်ခုအဖြစ် တိုးမြှင့်ဖော်ဆောင်သွားမယ်လို့ ဆွေးနွေးချက်ရလဒ်အနေနဲ့ ရရှိခဲ့ပါတယ်။အဲဒါကတော့ ၂၀၁၃ ခုနှစ် ဆွေးနွေးပွဲရဲ့ ရလဒ်ပါ။ ၂၀၁၅ ခုနှစ်မှာတော့ CLMV ဒေသတွင်း ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရာမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍကနေ CLMV လေးနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအောင်ဆောင်ရွက်စေပြီး ဒေသတွင်း ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားမယ်လို့ CLMV လေးနိုင်ငံရဲ့ အစည်းအဝေးရလဒ်အနေနဲ့ ရရှိခဲ့ပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်က ပြောကြားသည်။

၂၀၁၄ ခုနှစ်တွင် CLMV နိုင်ငံများအနေဖြင့် ခရီးသွား ဝင်ရောက်မှုမှာ ၁၉ ဒသမ ၆ သန်းကျော်ရှိပြီး ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၁ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မှုရှိကြောင်း၊ CLMV ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဟု ဆွေးနွေးခဲ့ကြောင်း၊ လေးနိုင်ငံခရီးစဉ်တစ်ခု အစီအစဉ်ကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဆွေးနွေးခဲ့ကြောင်း၊ ဒုတိယအကြိမ် ဧရာဝတီ- ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ(SOM) ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သော အစည်းအဝေးသဘောတူညီချက်များတွင် ကျန်ရှိသည့် အချက်အလက်များကို မြန်မာနိုင်ငံတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီအစည်းအဝေးတွေမတိုင်ခင်မှာ CLMV Action Program ဆိုပြီး အချက်လေးချက်ချမှတ်ထားတာရှိပါတယ်။ သတင်းအချက်အလက်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအတွေ့အကြုံဖလှယ်ရေး၊ ပူးတွဲခရီးသွားဆွဲဆောင်မှုများ ဖွံ့ဖြိုးရေး၊ ဝန်ဆောင်မှုအရည်အသွေးများ တိုးတက်ရေးနှင့် စံနှုန်းများဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုပြီး ဆောင်ရွက်ချက်တွေ ချမှတ်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၅ ခုနှစ်မှာပါဝင်တဲ့ Work Plan တွေကို အခုအစည်းအဝေးမှာ ပြန်လည်သုံးသပ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၈ ခုနှစ်အတွက် ရေးဆွဲထားတဲ့ အချက်တွေကတော့ နယ်စပ်ဖြတ်ကျော် ခရီးသွားလာမှုတွေနဲ့လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွေမှာ လွယ်ကူချောမွေ့စေရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအပြင် ဒေသခံများပါ ပိုမိုတက်ကြွစွာပါဝင်စေခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်သွားကြမလဲ၊ နောက်တစ်ခုအနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်သိခရီးသွားလုပ်ငန်းတွေ ပေါ်ထွက်လာရေး ဘယ်လိုပြုလုပ်ကြမလဲဆိုတာကို ဆွေးနွေးကြမှာဖြစ်ပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး၏ သဘောတူညီချက်ဖြစ်သည့် လေးနိုင်ငံခရီးတစ်ခုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ပုဂံဒေသကို အဓိက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လေးနိုင်ငံခရီးစဉ်တစ်ခုအစီအစဉ်နဲ့ ငါးနိုင်ငံခရီးစဉ်တစ်ခုအစီအစဉ်တွေကို ပုဂ္ဂလိကခရီးသွားကုမ္ပဏီတွေက ပြုလုပ်နေပါတယ်။ အနည်းဆုံး နိုင်ငံနှစ်နိုင်ငံပါဝင်တဲ့ ခရီးစဉ်တွေ ပြေးဆွဲလျက်ရှိပါတယ်" ဟု ဒေါ်ခိုင်မီမီထွန်းက ဆက်လက်ပြောကြားသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ခရီးသွားကုမ္ပဏီတွေ တိုးလာမယ်၊ ဧည့်လမ်းညွှန်ကုမ္ပဏီတွေ တိုးလာမယ်၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွေရှိမယ်၊ ခရီးသည်ဝင်ရောက်လာရင် တည်းခိုနိုင်ရန်အတွက် ဟိုတယ်လုပ်ငန်းတွေ ရှိလာမယ်၊ အခုဆိုရင် ဟိုတယ်လုပ်ငန်းအနေနဲ့ တစ်နိုင်ငံလုံးမှာ ၁၂၁၁ ခွင့်ပြုထားပါတယ်။ ဒေသတွင်းမှာဆိုရင်လည်း ဟိုတယ်လုပ်ငန်းနဲ့ ဆက်စပ်တဲ့ ရန်ကုန်၊ မန္တလေးတင်မကဘဲ တခြားဒေသတွေမှာပါ ဟိုတယ်လုပ်ငန်းတွေ ပေါ်ပေါက်လာတယ်။ ဒီလိုဟိုတယ်လုပ်ငန်းတွေ တိုးလာတာနဲ့အမျှ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းတွေပါ တိုးတက်လာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာတဲ့အတွက် ဆင်းရဲနွမ်းပါးမှုကိုလည်း အထောက်အကူပြု လျော့ကျစေပါတယ်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတိုးတက်လာခြင်းဖြင့် နိုင်ငံ့ ဝင်ငွေ တိုးတက်ရုံမျှမက ဒေသအလိုက်မှာ အလုပ်အကိုင်နဲ့ အခွင့်အလမ်းတွေ တိုးလာပါမယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်က ပြောကြားသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ခရီးသွားဝင်ရောက်မှုမှာ တိုးတက်လျက်ရှိပြီး ခရီးသွားဝင်ရောက်မှုကို ၄ ဒသမ ၆သန်းကျော် ခန့်မှန်းထားပြီး ယခုလက်ရှိတွင် ရည်မှန်းချက်နှင့် ပြည့်မီကြောင်း သိရသည်။

၎င်းကဆက်လက်၍ "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုနဲ့အတူ တိုးတက်လာပါတယ်။ တိုးတက်လာတဲ့အပေါ် မူတည်ပြီးတော့ နိုင်ငံတော်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေတယ်ဆိုတဲ့ အမြင်လေးနဲ့ ဝိုင်းဝန်းပြီး စိတ်ပါလက်ပါဆောင်ရွက်ကြသလို တိုက်ရိုက်ခရီးသွားလုပ်ငန်းကို ဆောင်ရွက်နေတဲ့ ခရီးသွားကုမ္ပဏီတွေနဲ့ ဟိုတယ်တွေအနေနဲ့ကလည်း မြန်မာနိုင်ငံခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ ကဏ္ဍအလိုက်တိုးတက်အောင်ဆောင်ရွက်ကြရမယ်။ ဒါ့အပြင် ဒေသခံပြည်သူများအနေနဲ့ကလည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် မိမိတို့ဒေသမှာ ပြုလုပ်တဲ့ဒေသထွက် အမှတ်တရပစ္စည်းတွေ ရောင်းချမယ်။ ပို့ဆောင်ရေးအနေနဲ့လည်း ဆိုက်ကား၊ မြင်းလှည်း၊ တက္ကစီတွေလည်းဝင်ငွေရမယ်။ ခေါင်းရွက်ဗျပ်ထိုးသည်တွေလည်း ဝင်ငွေရမယ်။ နိုင်ငံခြားသား ခရီးသည်တစ်ဦး ဝင်ရောက်လာခြင်းဖြင့် အထောက်အကူပြုတယ်ဆိုတဲ့ အသိအမြင်အတွေးအခေါ်တွေနဲ့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု အနှောင့်အယှက်အဟန့်အတားဖြစ်စေမယ့်အရာတွေကို ဝိုင်းဝန်းပြီး ဆောင်ရွက်ရင် မြန်မာနိုင်ငံရဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ အခုမှစပြီး ပွင့်လန်းလာတဲ့အတွက် ပိုမိုလန်းဆန်းလာမယ့် အချိန်မှာ အဟန့်အတားမဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်" ဟု ဦးကောင်းထွဋ်က ပြောကြားသည်။

စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ခရီးသွားလာရေးလုပ်ငန်းများကို မြှင့်တင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်မှုနှင့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်နိုင်ငံများ အချင်းချင်း ဝင်ရောက်မှုပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အကျိုးဆက်အနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာမည့်အပြင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ခရီးသွားလာရေးလုပ်ငန်းများကို မြှင့်တင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်နိုင်ငံများ အချင်းချင်း ဝင်ရောက်မှုပါ တိုးတက်လာမည်ဖြစ်ကြောင်း**

## ရဲတပ်ဖွဲ့ဝင် ၄၇ ဦး စုပေါင်းသွေးလှူ

**ရန်ကုန် ဇူလိုင် ၂၅**

မင်္ဂလာဒုံမြို့နယ်မှ ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင် ၄၇ ဦးတို့သည် မြောက်ဥက္ကလာ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး သွေးလှူဘဏ်၌ ဇူလိုင် ၂၃ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ အမှတ်(၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ မင်္ဂလာဒုံမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးသန့်စင်ဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်ရဲအရာရှိ သုံးဦးနှင့် အခြားအဆင့်ရဲဝန်ထမ်း ၄၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်မြောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**


### ဖခင်အမည်မှန်

မင်းပြားမြို့နယ်၊ အထက(ပန်းမြောင်း)မှ ကျောင်းဝင်အမှတ်(၁၉၈၈/၀၉) မောင်ရန်လင်းအောင် (တက္ကသိုလ်ဝင်တန်း)နှင့် ကျောင်းဝင်အမှတ်(၁၉၈၇/၀၉) မောင်ရန်သိန်းအောင်(တက္ကသိုလ်ဝင်တန်းအောင်) တို့၏ ဖခင်အမည်မှန်မှာ ဦးဦးထွန်းတင် ၁၁/မပန(နိုင်)၀၀၈၂၇၃ ဖြစ်ပါကြောင်း။

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၉၄၃၅၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖခင် အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ညောင်ကျိုးဒေသ၊ ညောင်ကျိုး (အထက) အဌမတန်း(A)မှ မမေဖြူစင်၏ဖခင်အမည်မှန်မှာ ဦးအောင်ဗိုလ်ဗိုလ်ထွန်း ၁၄/အဂပ(နိုင်)၁၃၈၂၀၉ ဖြစ်ပါသည်။

### အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ အမှတ် ၄၉၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးစိန်သန်းဦးမှ ရန်ကုန်မြို့၊ အမှတ် ၁၄၊ စွန်းလွန်းဂူ ကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလှမြင့်၏သား ဦးခင်မောင်လေး ၁၂/တမန(နိုင်)၀၉၇၀၃၆သို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၇၃၇/၂၀၁၄အား ၂၂-၇-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဦးစိန်သန်းဦး**
**၁၃/ရစန(နိုင်)၀၀၈၁၀၉**

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် C-၁၁၊ မြေကွက်အမှတ် ၁၀၈၊ မြေကွက်တည်နေရာ ၁၀၈၊ ချယ်ရီလမ်း၊ (၄)ရပ်ကွက်၊ ရွှေပြည်သာနယ် ဦးတင်ရွှေအမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးလှမင်း ၁၂/တကန(နိုင်)၁၆၅၆၄၄က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ရုံးနှင့်ရဲစခန်းထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ် - ၁၁၅

ကွယ်လွန်သူ ဦးခင်ညွန့် ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း ၅လမ်း၊ အမှတ်(၁/ခ)တည်ရှိရာ မြေတိုင်းရပ်ကွက် အမှတ် ၈၁၊ မြေကွက် အမှတ် ၇၇၊ မြေအမျိုးအစား နှစ် ၆၀ဂရန်၊ ဧရိယာ ၀ဒသမ ၀၃၂ ဧကအနက်မှ တစ်စိတ်တစ်ဒေသဖြစ်ပြီး တရားဝင်မခွဲမစိတ်ရသေးသော အလျား×အနံ(၁၂× ၄၅) ပေခန့်ရှိ မြေကွက်ပေါ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခင်ညွန့် ကျန်ရှိရစ်သော ပစ္စည်းအပေါ်တွင် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်တင်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးအောင်လတ်)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ်၊ ဩဂုတ် ၁၁ ရက်(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခင်ညွန့် ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ခုနှစ် ဩဂုတ် ၁၁ရက်(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ် ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်တင်တင်(၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရရှိသူ ဦးအောင်လတ်)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ခုနှစ် ဇူလိုင် ၂၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### အင်းစိန်မြို့နယ်တရားရုံး၌
### ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅

ဒေါ်စိုးနီလာ နှင့် ၁။ ဦးမောင်မောင်
၂။ ဒေါ်ညွန့်ညွန့်ကြည်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ၂လမ်း၊ အမှတ်(၁၀၄/က)နေ (၁)ဦးမောင်မောင်၊(၂) ဒေါ်ညွန့်ညွန့်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၄ ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလို စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကသိရှိလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်သို့ ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ရေးထိုးပေးလိုက်သည်။

**(မင်းသီတာဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**

# လာမယ့်ဩဂုတ်လမှာ NCA လက်မှတ်ထိုးနိုင်ဖို့ ကျွန်တော်မျှော်လင့်ထားပါတယ်။

# ဩဂုတ်လမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် အချောသပ်နိုင်မှာပါ

အင်တာဗျူး-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

## ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့်တွေ့ဆုံခြင်း

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) သဘောတူညီချက်မူကြမ်းရရှိရန် ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်ခဲ့သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် ယခုလက်ရှိ NCA စာချုပ် အချောသပ်ရာတွင် ပါဝင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့(SD)တို့၏ အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း**
**ချင်းအမျိုးသားတပ်ဦး(CNF) အဓိပတိကောင်စီဝင်**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ဝင်**

**မေး။ ။ အခု (၈) ကြိမ်မြောက် NCA အတွက် ဆွေးနွေးတဲ့အထဲ လက်မှတ်ရေးထိုးရာမှာ နိုင်ငံတကာနဲ့ ပြည်တွင်းအသိသက်သေများ ပါဝင်ဖို့ဆိုတဲ့အချက် ဆွေးနွေးတာ ဘယ်အခြေအနေအ ထိရှိလဲ။**

ဖြေ။ ။ ကျွန်တော်တို့ အခုနောက်ဆုံးတင်ပြထားတာကို UPWC က ယူသွားပြီး ပြန်တင်ပြမယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ ဟိုအရင်တုန်းက တင်ပြထားတဲ့ သဘောတူပြီးသား သုံးခုရှိတယ်။ UN၊ အာဆီယံနဲ့ တရုတ်ကို သဘောတူပြီးသား။ အဲ့ဒီအပေါ်မှာ အခု ကျွန်တော်တို့ အီးယူကိုထပ်တင်တယ်။ တစ်နိုင်ငံချင်းအနေနဲ့ အရင်က တင်ပြပြီးသားဖြစ်တဲ့ U.S၊ U.K၊ ဂျပန်၊ နော်ဝေ အဲ့ဒီနိုင်ငံတွေကိုဆက်ပြီးတော့ ကျွန်တော်တို့တင်ပြထားပါတယ်။ ပြည်တွင်းအသိသက်သေနဲ့ ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးခွန်ထွန်းဦးတို့ကို ဖော်ပြထားတယ်။ နောက်တပ်ပေါင်းစုဖွဲ့မယ်ဆိုရင် အရေးကြီးတဲ့အဖွဲ့တွေ တပ်ပေါင်းစုထဲမှာ ပါနိုင်ဖို့ဆိုပြီး ကျွန်တော်တို့ တင်ပြတာရှိတယ်။ ဦးအောင်မင်းက ဒါကို ယူသွားပြီးတော့ သမ္မတကြီးနဲ့ ညှိပေးပါမယ်လို့ ပြောပါတယ်။



ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း

**မေး။ ။ အားလုံးပါဝင်တဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ရေးထိုးဖို့ဆိုတဲ့ အချက်ကရော ဘယ်အခြေအနေထိဆွေးနွေးနိုင်ခဲ့သလဲ။ UPWC အနေနဲ့ရော ဘယ်လိုရှိလဲ ဆရာ။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ NCA စာချုပ် လက်မှတ်ရေးထိုးတဲ့နေရာမှာ အားလုံးပါဝင်ဖို့ဆိုတာကို တောင်းဆိုထားတာပေါ့။ အားလုံးပါဝင်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ "ဝ" တပ်ဖွဲ့ကတော့ လွန်ခဲ့တဲ့နှစ် ဧပြီလကတည်းက ပြောထားတာရှိပါတယ်။ NCA တော့ လက်မှတ်မထိုးဘူး။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါမယ်လို့ ပြောထားတာရှိတယ်။ NCA မှာပါဝင်ပြီး လက်မှတ်ထိုးခြင်း၊ မထိုးခြင်းဟာ တိုင်းရင်းသားလက်နက်ကိုင်တွေ တစ်ဖွဲ့ချင်းစီအပေါ်မှာလည်း မူတည်ပါတယ်။ ကျွန်တော်တို့ကတော့ ကြိုးစားမှာပါ။

လက်ရှိတိုက်ပွဲဖြစ်နေတဲ့ AA တို့၊ ပလောင်တို့၊ ကိုးကန့်တို့ကိစ္စကို သူတို့ UPWC အနေနဲ့ ချက်ချင်းမပါဝင်စေချင်သေးတဲ့သဘော ပြောထားပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်တယ်ဆိုတာ ဒီလိုတိုက်ခိုက်မှုတွေရှိနေလို့၊ တိုက်ခိုက်မှုတွေကို ရပ်စဲဖို့အတွက် လုပ်တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုသဘောတူစာချုပ် (NCA) ချုပ်ဆိုပြီးလို့ရှိရင် တိုက်ပွဲဖြစ်နေတဲ့လူတွေကို ချန်ထားတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူးလို့ ကျွန်တော်ထင်ပါတယ်။ အင်အားနည်းပါးတဲ့ တိုင်းရင်းသားအဖွဲ့တွေကို ချန်ထားမယ်ဆိုရင် အင်အားနည်းပါးလို့ ချန်ထားခဲ့မယ်ဆိုရင် နောက်နောင်မှာ အင်အားနည်းပါးလို့ ချန်ထားခံရတယ်။ တိုက်ပွဲအရှိန်မြှင့်မယ်။ အင်အားကြီးအောင် လုပ်မယ်ဆိုတာမျိုး ဖြစ်လာမယ်ဆိုရင် စစ်ဝါဒကို အားပေးသလို ဖြစ်လာမယ်။ ဒါကြောင့် အင်အားနည်းပါးလို့လည်း မချန်ထားသင့်ဘူး။ တိုက်ပွဲဖြစ်နေလို့လည်း မချန်ထားသင့်ဘူး။ အစိုးရက တင်ပြတဲ့ ၁၆ ဖွဲ့ထဲမှာ ကျွန်တော်တို့ NCCT အဖွဲ့ဝင် တချို့မပါဘူး။ မပါတဲ့ဟာကို ပါဖို့အတွက် ကျွန်တော်တို့ ဆက်ပြီးတော့ တင်ပြထားပါတယ်။ သူတို့ စဉ်းစားမယ်လို့ ပြောပါတယ်။

**မေး။ ။ အခုဆရာတို့ NCA စာချုပ်နဲ့ပတ်သက်ပြီး တရားဝင်တွေ့ဆုံဆွေးနွေးတာ (၈) ကြိမ်မြောက်ပေါ့၊ အဲ့ဒီအပေါ်မှာကော ရလဒ်ဘယ်လောက်အထိ ရှိလာလဲ။**

ဖြေ။ ။ အခုဆွေးနွေးပွဲဟာ အင်မတန်မှ ရလဒ်ကောင်းတယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော် ထင်ခဲ့တာထက်ကို အများကြီးကောင်းပါတယ်။ ခါတိုင်း ဆွေးနွေးပွဲတွေတုန်းက ကျွန်တော်က သိပ်ပြီး အကောင်းမြင်တတ်သူပါ။ ဒါပေမယ့် အခုအစည်းအဝေးအစတော့ ကျွန်တော် သိပ်မမျှော်လင့်ဘူး။ အခုအစည်းအဝေးပြီးတော့ ကျွန်တော်မျှော်လင့်တာထက် အများကြီးကောင်းနေပါတယ်။

**မေး။ ။ ရှေ့လာမယ့် ဩဂုတ်လ ပထမပတ်မှာလည်း NCA အတွက် ဆွေးနွေးပွဲ ထပ်လုပ်မယ်ပေါ့။ အဲ့ဒီအပေါ်မှာ ဆရာ့မျှော်လင့်ထားတာက။**

ဖြေ။ ။ လာမယ့် ဩဂုတ်လမှာ NCA လက်မှတ်ထိုးနိုင်ဖို့ ကျွန်တော်မျှော်လင့်ထားပါတယ်။ ဩဂုတ်လမှာ ပြီးမှာပါ။ အခုဆွေးနွေးပွဲမှာ ထိပ်သီးတွေရဲ့ အတည်ပြုချက်ကိုယူဖို့ ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်က ပြန်ယူသွားတဲ့ အချက်သုံးချက်ရှိတယ်။ အဲ့ဒါကို ကျွန်တော်တို့အနေနဲ့ ဩဂုတ်လ ပထမပတ်မှာ ဒီကိုပြန်လာပြီး အတည်ပြုမယ်။ အားလုံးပါဝင်ရေးမူနဲ့စာချုပ်မှာ လက်မှတ်ထိုးမယ့်သူတွေကို ဆွေးနွေးမယ်။ ဩဂုတ်လဆွေးနွေးပွဲကတော့ ဘာမှကျန်စရာအကြောင်းမရှိတော့ဘူး။ ဘယ်မှာ လက်မှတ်ထိုးမလဲ။ ဘယ်လိုထိုးမလဲဆိုတာလောက်ပဲ ဆွေးနွေးရတော့မယ်လို့ မျှော်လင့်တယ်။

ရွေးကောက်ပွဲမတိုင်ခင်မှာ NCA ကို အမြန်ဆုံး လက်မှတ်ထိုးနိုင်ဖို့အတွက် သူတို့ဘက်ကလည်း ကြိုးစားတယ်။ ကျွန်တော်တို့ဘက်ကလည်း ကြိုးစားတယ်။ ဒါမှ ကျွန်တော်တို့ တကယ်ခိုင်မာတဲ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ (ကျေးဇူးပါပဲဆရာ)

အခန်း (၇) ခန်းပါဝင်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် Nationwide Ceasefire Agreement-NCA) သဘောတူညီချက်မူကြမ်းအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peacemaking Working Committee-UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team-NCCT) တို့သည် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လတွင် လော်ခီးလာ၌ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကိုကျင်းပခဲ့ပြီး ကိုယ်စားလှယ် ၁၅ ဦးပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ SD အဖွဲ့သည် ယခုလက်ရှိတွင် NCA စာချုပ်ကို အချောသပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ၂၀၁၅ ဇူလိုင် ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC) နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC ) ၌ တရားဝင်တွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ SD အဖွဲ့သည် ၂၀၁၅ ဩဂုတ်လ ပထမပတ်တွင်လည်း UPWC နှင့် NCA စာချုပ် လက်မှတ်ရေးထိုးရေးအတွက် MPC ၌ ပြန်လည်တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

---

### အချစ်သစ်ပင်

**၂၆-၇-၁၉၈၀ရက် စိုက်ပျိုးသည်**

ဒို့တွေစိုက်ထား၊ သုံးဆယ့်ငါးနှစ်
အချစ်သစ်ပင်၊ နုပျိုလွင်လျက်
ခက်လက်ဝေဖြာ၊ ရိပ်ဆာယာတွင်
လွှင်လွှင်ဖူးငုံ၊ ပွင့်ရောင်စုံတို့
ပျံ့ထုံသင်းလှိုင်၊ မွှေးကြိုင်ကြိုင်။

အခိုင်အသီး၊ သားသမီးနှင့်
ဆင့်သက်ပွားဝေ၊ မြေးမြစ်ဆွေတို့
ရစ်ခွေဖွဲ့နှောင်၊ ဤလူ့ဘောင်တွင်
မေတ္တာဆောင်ကြ၊ ကြင်နာမျှသော်
သိင်္ဂါရနှလုံး၊ ရွှင်ပြုံးပြုံး။

ပင်လုံးကြိုင်လျှမ်း၊ အချစ်ပန်းတို့
လန်းလန်းဝေဖြာ၊ အေးရိပ်သာ၌
မေတ္တာအားပြု၊ မိသားစုဖြစ်
ချစ်၍ချစ်ခါ၊ ချစ်ကမ္ဘာသည်
ခိုင်မာပကတိ၊ ယနေ့ထိတိုင်
မယိုင်မလဲ၊ ရွှေလက်တွဲ
ဘဝဆက်ဆက်၊ ဘယ်မခွဲ
ချစ်ရည်တူမျှ၊ စွဲစွဲမြဲ။

### ရန်ကင်းအေးငြိမ်းရိပ်သာ ဝါတွင်းရက်(၆၀) တရားစခန်း

မန္တလေးမြို့ ရန်ကင်းတောင်ခြေ မြေဇင်းတောရဆရာတော်ကြီးနှင့် ကျမ်းပြုဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်တို့ ဦးစီးဖွင့်လှစ်ပြသခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ အာနာပါန၊ သမထ၊ ဝိပဿနာ ရက်(၆၀) တရားစခန်းကို (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက်) ၃၀-၇-၂၀၁၅ရက်တွင် စတင်ဖွင့်မည်ဖြစ်ပါ၍ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီများ ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။ ယောဂီ သံဃာတော်များ ဝါဆိုရပါမည်။

တရားစခန်းဝင်ကြေး ဆွမ်းစရိတ်ကောက်ခံခြင်းမပြုပါ။

**သာသနာ့အကျိုးဆောင်အဖွဲ့**
ဖုန်း-၀၉-၂၀၃၃၉၂၂၊၀၉-၉၁၀၄၆၃၀၆၊ ၀၉-၃၃၀၆၂၁၃၃

### နှစ် (၃၀)ပြည့် ပုလဲရတုမွေးနေ့ဆုတောင်း

၁၉-၇-၂၀၁၅ရက်တွင် ကျရောက်သည့် **ဦးဘဆင်သိန်း-ဒေါ်စီစီညွန့်မောင်** တို့၏ နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်(၁၀၀)တိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်-

**အစ်မ - ဦးစိန်မြင့်-ဒေါ်ခင်မိမိ**
**ညီ - ဦးဘဆင်သန်း-ဒေါ်တင်တင်မိုး**
**ညီ - ဦးမြင့်ကျော်-ဒေါ်ခင်အေးမြင့်**
**ညီမ - ဦးဖေသန်း-ဒေါ်မြင့်မြင့်မေ**
**ညီ - ဦးလင်းဦး-ဒေါ်ခင်သန္တာညွန့်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ရှောင်လမ်းတွင် မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်အသုံးပြုဆောင်ရွက်လျက်ရှိသော အဝေးပြေးကုန်တင်/ကုန်ချကားကြီးကွင်းရှိ အလျား ပေ၈၀၊ အနံပေ၃၀ရှိ ၂၂ခန်းပါတည်းခိုခန်းလုပ်ငန်း၊ စက်သုံးဆီဆိုင်လုပ်ငန်းနှင့် အများသုံးသန့်စင်ခန်းလုပ်ငန်းကို ရောင်းချသွားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား မည်သူမဆို လုပ်ငန်းတန်ဖိုး ၃၀ရာခိုင်နှုန်း အာမခံပေးသွင်းလျက် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလုပ်ကိုင်နိုင်ကြောင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၇-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၈-၂၀၁၅ ရက် (အင်္ဂါနေ့) ညနေ ၁၆း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၈-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး ဖုန်း-၀၆၃-၂၅၀၄၈၊ ၀၆၃-၂၅၁၀၄ သို့ စုံစမ်းနိုင်ပါသည်။

**မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီ**

### ဒေါ်ချောစုလှိုင် (၁၂/ဒပန (နိုင်) ၀၅၂၉၆၇) နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးစိုလ်ကြီး (၁၂/ဒပန (နိုင်) ၀၅၅၈၀၆) ၏ ဇနီးဖြစ်သူ ဒေါ်ချောစုလှိုင် (၁၂/ဒပန (နိုင်) ၀၅၂၉၆၇)၊ အမှတ် (၁၁၀)၊ မြို့ပတ်လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့နေသူသည် နေအိမ်မှ (၄-၁-၂၀၁၅) ရက်နေ့ (၀၅း၃၀) အချိန်ခန့်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်ပေါ်မှ ဆင်းသွားပါသည်။ ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ချောစုလှိုင်သည် ဇနီးမယားဝတ္တရား ပျက်ကွက်နေပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူနိုင်ပါကြောင်း (လုံးဝ တာဝန်မယူနိုင်ပါကြောင်း) အသိပေးကြေညာအပ်ပါသည်။

ဦးစိုလ်ကြီး
အမှတ် (၁၁၀)၊ မြို့ပတ်လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၇၃၁၈၁၅၀၄၊ ၀၉ ၂၅၃၄၀၆၇၁၄

**ရွှေကြေးစည်** အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း
▲ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့
▲မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ဇင်းကျိုက်ရေတံခွန်၊ ဘွားလပို့တောင်
▲(နေပြည်တော်)(ပြည်အနှံ့ အကောက်တောင်)(ဇလွန်)(ကျိုက်ထီးရိုး)
▲တောင်ပြုံးပွဲနှင့် ဘုရားစုံ- (ကြိုတင်လက်မှတ်ရောင်းပါပြီ) (ကားစီးလုံးငှား)
ရှုဆိုင်း၃၀နှင့် အပတ်စဉ်သောကြာ
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191

Sure!
မွေးမြူရေးဆေး
သန်တော
စိုက်ပျိုးရေး
တက္ကသိုလ်ဝင်ခွင့်
Ph : 09 789322015, 09 262852881 , 01-8603664

### အမည်ပြောင်း

မကွေးမြို့၊ စေတနာမွန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးအောင်သန်းဝင်း ၈/မကန(နိုင်) ၀၁၅၁၇၂၏သမီး မခြူးမြတ်ပိုင်အား မသက်ထားရွှေစင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသက်ထားရွှေစင်**

## အ ပြာ ရော င် က မ္ပ ည် း မျာ း ရဲ့ ရာ ဇ ဝ င်

# ရှေးမူမပျက် အသွင်သစ်နဲ့ပြန်လည်ရှင်သန်လာသူ

# ၁၀၅နှစ် သက်တမ်းရှိ ရိုးကုန်တိုက်

**ရှေးဟောင်းအမွေအနှစ်သည် နိုင်ငံတစ်ခု၏ ဖြတ်သန်းလာခဲ့ရသောခရီးစဉ်ကို ဖော်ကျူးပြသပြီး ထိုနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်း၊ နေထိုင်သူများ၏ ဓလေ့စရိုက်များနှင့် စီးပွားရေးအခြေအနေများအားလုံးကို ကိုယ်စားပြုဖော်ပြလျက်ရှိသည်။ ခေတ်အဆက်အဆက်က တည်ဆောက်အသုံးပြုခဲ့ကြပြီး ယနေ့မျက်မှောက်ခေတ်တိုင်အောင် တည်ရှိနေဆဲ ရှားပါးအဆောက်အအုံများသည် နိုင်ငံ၏ အဖိုးတန် အမွေအနှစ်များဖြစ်ရာ ရှေးမူမပျက် ထိန်းသိမ်းခြင်းဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်ရာရောက်ပြီး သမိုင်းမှပြောပြသည့် အတုယူဖွယ်ရာ၊ ဗဟုသုတဖြစ်ဖွယ်ရာနှင့် သံဝေဂဖြစ်ဖွယ် ဆောင်ရန်ရှောင်ရန်များကိုလည်း လေ့လာနိုင်ပါသည်။**




တစ်ခေတ်တစ်ခါက အထင်ကရ ရိုးကုန်တိုက်ကြီးကို ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းထားသည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ (Yangon Heritage Trust-YHT) သည် ရန်ကုန်မြို့ရှိ သမိုင်းဝင်အဆောက်အအုံများ၊ နေရာများကို စနစ်တကျရှာဖွေဖော်ထုတ်ကာ အများပြည်သူတို့ သတိပြုပါဝင် ထိန်းသိမ်းစောင့်ရှောက်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ အပြာရောင် ကမ္ပည်းပြားတပ်ဆင်ခြင်းသည် ရန်ကုန်မြို့ပြသမိုင်းကြောင်းတွင် အရေးပါခဲ့သော အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုရန် ရည်ရွယ်ကြောင်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဆောင်ရွက်နေသည့် စီမံကိန်းထဲတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်ပြီး အပြာရောင်ကမ္ပည်းပြားတပ်ဆင်ထားခြင်းဖြင့် ရန်ကုန်မြို့၏ သမိုင်းကြောင်းနှင့် ယင်းအဆောက်အအုံ သို့မဟုတ် နေရာဒေသ၏အရေးပါခဲ့ပုံကို သိရှိနားလည်လာကြစေရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း အဆိုပါအဖွဲ့မှ သိရှိရသည်။

**အပြာရောင် ကမ္ပည်းပြားတပ်ဆင်ခြင်းသည် ရန်ကုန်မြို့ပြ သမိုင်းကြောင်းတွင် အရေးပါခဲ့သော အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုရန် ရည်ရွယ်**

"ရိုးကုန်တိုက်က တံဆိပ်ပါတဲ့ အိတ်ကလေးတွေကို သိမ်းထားတယ်။ ဒါကလည်း အဲဒီခေတ်မှာ ခေတ်မီတဲ့သူတွေအဖြစ် ဂုဏ်ယူချင်တာကြောင့်ပါ။ အခုကုန်တိုက်တွေ ခမ်းနားတယ်ဆိုတာ ကျွန်မတို့လက်ထက်က ရိုးကုန်တိုက်ကို မမီပါဘူး။ အင်္ဂလန်က ပစ္စည်းတွေကို တိုက်ရိုက်သုံးခွင့်ရတယ်ဆိုတာ နည်းတဲ့ခေတ်မီချက်လား။ လူတိုင်းမဝင်နိုင်ပေမယ့် အခုခေတ်လို ဖြစ်သလို ဝန်ဆောင်တာ မဟုတ်ပါဘူး။ ဘယ်လိုလူမျိုးလာလာ ပျူပျူငှာငှာ ကြိုတယ်။ အဟန့်ကောင်းပေမယ့် အားလုံးကရှိန်မနေဘူး။ အပ်ကနေ နောက်ဆုံးပေါ်စက်တွေအထိ အကုန်လုံးရတယ်။ ရိုးကုန်တိုက်မှာ မရလည်းပြဿနာမရှိဘူး။ ရက်သာစောင့်ပါ နိုင်ငံခြားကိုမှာပေးတယ်"ဟု ရိုးကုန်တိုက်တွင် ဈေးဝယ်ထွက်ခဲ့သူ အမျိုးသမီးကြီးတစ်ဦးက ထိုခေတ်အခါက ပုံရိပ်ကိုပြောကြားသည်။

**သတင်း-ခင်ရတနာ၊**

**ဓာတ်ပုံ-ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့၊**

**တင်စိုး(မြန်မာ့အလင်း)**

ရိုးကုန်တိုက် (Rowe & Company Department Store)၏ ပိုင်ရှင်ဖြစ်သူမှာ မစ္စတာ အာရ်ဗီ ရိုးဆိုသူဖြစ်ပြီး ၁၈၆၀ ပြည့်နှစ်ကတည်းက ရန်ကုန်မြို့ မဂိုလမ်း(ယခုရွှေဘုံသာလမ်း)တွင် ရိုးကုမ္ပဏီကို တည်ထောင်ကာ ကုန်သွယ်မှုများ ပြုလုပ်ခဲ့သည်။ နောက်ပိုင်း ၁၉၀၈ ခုနှစ်တွင် ဒါလဟိုဇီလမ်းနှင့် ဘားလမ်းထောင့် (ယခု မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်) ရှိ နေရာကိုဝယ်ယူကာ ရိုးကုန်တိုက်ကြီးကို တည်ဆောက်ခဲ့ရာ ၁၉၁၀ ပြည့်နှစ်တွင် အောင်မြင်ပြီးစီးခဲ့ခြင်းဖြစ်သည်။



အဆောက်အအုံကြီး၏ ဒီဇိုင်းကို မွမ်ဘိုင်းမြို့မှ နာမည်ကျော် ဗိသုကာပညာရှင်များ စုစည်းထားသော Messrs. Charles S.Steven ကုမ္ပဏီလီမိတက်က ရေးဆွဲခဲ့ပြီး ခံ့ညားထည်ဝါခြင်း၊ ခေတ်မီလှပခြင်းနှင့် ခိုင်ခံ့သေသပ်ခြင်းတို့ကို အခြေပြုကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


ရန်ကုန်မြို့ရှိ ကိုလိုနီခေတ် အဆောက်အအုံများအနက် အစောဆုံး၊ ပထမဦးဆုံးအဖြစ် ဓာတ်လှေကား၊ မြေအောက်ခန်းတို့ကို ထည့်သွင်းတည်ဆောက်ခဲ့ပြီး ထိုခေတ်ထိုအခါက အလွန်ခေတ်မီသည့် အသုံးအဆောင်ဖြစ်သော မျက်နှာကြက်ပန်ကာများကိုလည်း အစောဆုံးတပ်ဆင်သုံးစွဲခဲ့သည့် အဆောက်အအုံအဖြစ် မြင်တွေ့ရသည်။

ဒုတိယကမ္ဘာစစ်ကာလတွင် လုယက်ဖျက်ဆီးခြင်းကို ခံခဲ့ရသော်လည်း စစ်ကြီးပြီးဆုံးသည့်ကာလတွင် မူလအတိုင်း ပြင်ဆင်ကာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုခေတ်တွင် အရှေ့တိုင်း၏ ဟားရော့ကုန်တိုက်ဟု တင်စားရလောက်အောင် နာမည်ပိုမိုကျော်ကြားခဲ့ပြီး မြန်မာနိုင်ငံတစ်လွှား ဆိုင်ခွဲပေါင်း ၃၈ ဆိုင်ခန့် ဖွင့်လှစ်နိုင်ခဲ့သည်။

၂၀ ရာစု အစောပိုင်းကာလမှ ၁၉၆၀ ပြည့်လွန်နှစ်များအထိ နာမည်ကျော်ကြားခဲ့သော ရိုးကုမ္ပဏီ စီးပွားရေးအဆောက်အအုံကြီးကို ၁၉၆၄ ခုနှစ် ဧပြီလသို့ ရောက်ရှိသောအခါ ပြည်သူပိုင်သိမ်းဆည်းခြင်းခံခဲ့ရသည်။ ဆိုရှယ်လစ်ခေတ်အတွင်း လုပ်သားကောလိပ်၏ စာကြည့်တိုက်အဖြစ်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ရုံးချုပ်အဖြစ်လည်းကောင်း ဆယ်စုနှစ်များစွာအသုံးပြုခဲ့ရာ ၂၀၀၅ ခုနှစ်အထိ ဖြစ်သည်။ ၂၀၀၈ ခုနှစ်က ရန်ကုန်မြို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံ၏ အမိုးအပါအဝင် အစိတ်အပိုင်းအချို့ နေရာများ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြုပြင်ထိန်းသိမ်းခဲ့ပြီး ယခုအခါ ရေဝတီဘဏ်၏ ရုံးချုပ်အဆောက်အအုံဖြစ်လာကာ သစ်လွင်လှပစွာ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့ပြီ ဖြစ်သည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက "ရိုးကုန်တိုက်အဆောက်အအုံကို ပြန်လည် ပြုပြင်နိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ ဒီလိုပြုပြင်ထိန်းသိမ်းမှုက ရန်ကုန်မှာရှိတဲ့ တခြား



ပုဂ္ဂလိကပိုင် အမွေအနှစ်အဆောက်အအုံတွေကိုပြုပြင်ဖို့ အားပေးရာရောက်မယ်လို့ မျှော်လင့်ပါတယ်။ ကမ္ပည်းပြား တပ်ဆင်တယ်ဆိုတာ ဒီအဆောက်အအုံနဲ့ သူ့ရဲ့ ဗိသုကာလက်ရာက မြန်မာ့သမိုင်းနဲ့မျိုးဆက်အဆင့်ဆင့်ရဲ့ လူမှုဘဝတွေမှာ ဘယ်လောက်ထင်ရှားခဲ့တယ်ဆိုတာကို အသိအမှတ်ပြုခြင်းပဲဖြစ်ပါတယ်"ဟု ရိုးကုန်တိုက်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည့် အပြာရောင်ကမ္ပည်းပြားတပ်ဆင်မှုအပေါ် သူ့ခံစားချက်ကို ရှင်းပြသည်။

မည်သို့ပင်ဆိုစေ ရိုးကုန်တိုက်ကြီးသည် တစ်ခေတ်တစ်ခါက ဂုဏ်ယူဖွယ် အဆင့်အတန်းတစ်ခုဖြင့် ရပ်တည်ဖြတ်သန်းလာခဲ့သည့် အာရှ၏အကြွယ်ဝဆုံးသော ကုန်တိုက်များအနက် တစ်ခုဖြစ်ခဲ့ကြောင်းကို အပြာရောင်ကမ္ပည်းပြားဖြင့် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီ ဖြစ်ရာ မျက်မှောက်ကာလတွင် ရေဝတီဘဏ်ရုံးချုပ်အဖြစ် ပြောင်းလဲခဲ့ပြီဖြစ်သည့် အဆောက်အအုံကြီးကတော့ ဂုဏ်ယူနေမည်ပင်။ ။

**ရန်ကုန်မြို့ရှိ ကိုလိုနီခေတ် အဆောက်အအုံများအနက် အစောဆုံး၊ ပထမဦးဆုံးအဖြစ် ဓာတ်လှေကား၊ မြေအောက်ခန်းတို့ကို ထည့်သွင်းတည်ဆောက်ခဲ့ပြီး ထိုခေတ်ထိုအခါက အလွန်ခေတ်မီသည့် အသုံးအဆောင်ဖြစ်သော မျက်နှာကြက် ပန်ကာများကိုလည်း အစောဆုံးတပ်ဆင်သုံးစွဲခဲ့သည့် အဆောက်အအုံအဖြစ် မြင်တွေ့ရ**

ခ ရီး သွ ား ဆေ ာ င် း ပါး



# ခရီးသွားခရီးစဉ်သစ်ဖြစ်လာမည့် ဒုတိယအင်းလေး

သတင်းဆောင်းပါး

မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-မောင်ချစ်ကြည်

ရန်ကုန်မြို့အထွက် မိုးဖွဲဖွဲရွာသည်။ နံနက်စောစောမို့လားမသိ ကားလမ်းပေါ်တွင် ကားအသွားအလာရှင်းနေသည်။ မော်တော်ယာဉ်များ၊ လူများ၊ နေအိမ်တိုက်တာများဖြင့် ပြည့်နှက်မွန်းကျပ်နေသော ရန်ကုန်မြို့ နယ်နိမိတ်ကထွက်လိုက်သည်နှင့် ရင်ထဲပေ့ါပါးလန်းဆန်းသွားမည်။ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအတိုင်း မောင်းနှင်လာသော မော်တော်ယာဉ်ကြောင့် လမ်းဘေးဝဲယာမြင်ကွင်းများကို ရုပ်ရှင်ပိတ်ကားပေါ်မှ ပြကွက်များသဖွယ် မြင်တွေ့ခံစားရသည်။ မြို့တွေ၊ရွာတွေက လယ်ကွင်းတွေ၊ လုပ်ငန်းခွင်ဝင်နေကြသည့် ဒေသခံပြည်သူတွေ။

"နောက်ထပ် တစ်နာရီလောက်မောင်းရင် ဖောင်တော်သီမြို့ကိုရောက်မယ်။ အဲဒီမြို့အဝင်မှာပဲ စက်လှေဆိပ်ရှိတယ်။ အဲဒီကတစ်ဆင့် စက်လှေစီးသွားရင် မြန်မာနိုင်ငံရဲ့ ဒုတိယအင်းလေးကိုရောက်မှာပါ" ဟု အတူပါလာသည့် ဒေသခံကိုဝင်းမြင့်က ပြောပြသည်။

ပဲခူးမြို့က အထွက်လမ်းဘေးဝဲယာ တစ်လျှောက် လယ်ကွင်းစိမ်းများကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။ မိုးစပါးများစိုက်ပျိုးပြီး၍ ကောက်ပင်စိမ်းလဲ့တို့ ယိမ်းနွဲ့နေကြပြီ။ ပဲခူးတိုင်းဒေသကြီးကား လယ်ယာစိုက်ပျိုးရေးကို အဓိကထားပြီး ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရာသီပေါ်သီးနှံများစိုက်ပျိုးသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။

ဘုရားကြီး၊ ဘုရားလေး၊ ကတုတ်၊ ပျဉ်းမလွင် စသည့် ကားလမ်းဘေးရွာများကို ဖြတ်ကျော်ခဲ့ပြီးနောက် ဖောင်တော်သီမြို့ ပေါက်တပင်ရပ်ကွက်ထိပ်သို့ ရောက်ရှိလာသည်။ ပေါက်တပင်ရပ်ကွက်သည် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင် ကပ်လျက်ရှိရာ ကားပေါ်မှဆင်းလိုက်သည်နှင့် ပေါက်တပင်တံတားထိပ်သို့ ရောက်ရှိလေသည်။ ရန်ကုန်မှ ပေါက်တပင်တံတားထိပ်သို့ နှစ်နာရီ ခန့်မောင်းနှင်လာခြင်းဖြစ်သည်။

ပေါက်တပင်တံတားအောက်ဘက်၌ စက်လှေဆိပ်ကို တွေ့ရသည်။ စက်လှေဆိပ်တွင် ဒေသခံအချို့နှင့် စက်လှေ ငါးစင်းခန့်ရှိနေသည်။ ပန်းခိုင်ရွာသို့သွားမည့် စက်လှေများပင်ဖြစ်သည်။ ပေါက်တပင်ချောင်းသည် နွေရာသီ၌ ရေနည်းပြီး စက်လှေဖြင့်သွားလာရန်ခက်ခဲသော်လည်း မိုးရာသီ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လအတွင်း ချောင်းရေလျှံသည်အထိ ရေပြည့်လျက်ရှိရာ အမရကျေးရွာ၊ ပန်းခိုင်ရွာနှင့်အနီး ဝန်းကျင်ရွာများသို့ လှေ၊ စက်လှေများဖြင့် သွားလာရသည်။

စက်လှေတစ်စင်းပေါ်တက်ပြီး မကြာမီစက်နှိုးကာ စက်လှေစထွက်ရာ ပေါက်တပင်ရပ်ကွက်ကို ပေါက်တပင်ချောင်းအတိုင်း ဖြတ်ကျော်ပြီး ဖောင်တော်သီမြို့ ခနာစုရပ်ကွက် အထွက်ရောက်သည်နှင့် မျက်စိတစ်ဆုံး ရေပြင်ဖွေးဖွေးကို တစ်မျှော်တစ်ခေါ် မြင်တွေ့လိုက်ရသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း တစ်ခုတည်းသော ကျယ်ပြန့်သည့် ရေပြင်ပင်ဖြစ်သည်။

ပန်းခိုင်ရွာကို တွေ့မြင်ရရာ စက်လှေပေါ်မှ ရှေ့တည့်တည့် ရေပြင်တစ်ဆုံးတွင် ပန်းချီကျော်တစ်ဦး၏ လက်ရာမြောက် ပန်းချီကားတစ်ချပ်ကို ရေပြင်ပေါ်၌ ထောင်ထားသကဲ့သို့ပင် ပန်းခိုင်ရွာသို့မရောက်မီ အိမ်ခြေ ၂၀၀ ခန့်ရှိသော အမရစံပြကျေးရွာကို ဖြတ်သန်းရသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က စံပြကျေးရွာများ တည်ဆောက်ခဲ့ရာတွင် တစ်ရွာပါဝင်ခဲ့သော အမရစံပြကျေးရွာဖြစ်သည်။ စံပြကျေးရွာ စတည်ထူထောင်ချိန်က အိမ်တစ်လုံး၊ ကျွဲနွား တစ်ရှည်းစီအပြင် လုပ်ကိုင်ထွန်ယက်နိုင်ရန် လယ်ဧကများပါ ပေးအပ်ခဲ့သည့်ရွာ၊ ယခုအခါ အိမ်ခြေတည်ထောင်မှု တိုးပွားလာသော်လည်း ပုံစံညီစနစ်တကျမဟုတ်တော့။ အမရကျေးရွာကား ရေတစ်ဝက်၊ ကုန်းမြေတစ်ဝက်

စာမျက်နှာ ၁၇ သို့>

**ဇွန်လမှ ဩဂုတ်လအထိ ရေလမ်းခရီးစဉ်အဖြစ် ရေပေါ်ရွာ၏ သဘာဝအလှများ၊ ရွာသူရွာသားများ၏ ရေလုပ်ငန်းဖြစ်သည့် ပိုက်ချ၊ မြှုံးထောင်၊ ကွန်ပစ်စသည့် နေ့စဉ်ဘဝ ရွာဖွေလုပ်ကိုင်မှုများကိုလည်း လေ့လာထိတွေ့နိုင်မည်ဖြစ်သည်။ အင်းလေးကန်အတွင်း အင်းသားတို့က လှေကို ခြေဖြင့်လှော်ခတ်သွားလာသော်လည်း ပန်းခိုင်ရွာသူ ရွာသားများက လက်ဖြင့်ပင် လှော်ကာသွားလာကြသည်။**







## ပခုက္ကူမြို့ဈေးသို့ သီပေါ၊ ကျောက်မဲမှ နာနတ်သီးများ လှိုင်လှိုင်ဝင်

ကျော်ဌေး(ညောင်ဦး)

ပခုက္ကူ ဇူလိုင် ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ဈေးထဲတွင်လည်းကောင်း၊ မြို့မဈေး အနောက်ဘက် ဦးမေဃကျောင်းတိုက်အတွင်း ကုန်စိမ်းအရောင်းနေရာများတွင် နာနတ်သီးများကို ကားကြီးများနှင့် ရှမ်းပြည်မြောက်ပိုင်း သီပေါ၊ကျောက်မဲတို့မှ တိုက်ရိုက်လာရောက် ရောင်းချ၍ ဈေးနှုန်းချိုသာလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ ဈေးဘက်တွေမှာ အဲ့လောက်ဈေးချိုတာ မတွေ့ဖူးပါဘူး။ အခုရက်ပိုင်းမှာ နာနတ်သီးတွေလည်း လှိုင်လှိုင်ဝင်ရောက်လာတယ်။ အခုနာနတ်သီး ၅၀၀ ဖိုး သုံးလုံးရတယ်။ ရွာမှာ ပြန်ရောင်းရင်လည်း ကိုက်တယ်။ ညောင်ဦးမြို့နယ် ဆင်သားမွေးရွာကဈေးလာဝယ်တာပါ။ အခု ပခုက္ကူတံတားကြီးပေါက်တော့ ပခုက္ကူနဲ့ ကျွန်မတို့ရွာနဲ့ကတော့ ရေအိုးနဲ့ ရေမှုတ်လို နီးနေပါတယ်။ မနက်ပြန်လို့လည်းရတယ် ညနေပိုင်းမှ ဈေးလာဝယ်လည်းရတယ်"ဟု ဈေးဝယ်သူအမျိုးသမီးတစ်ဦးထံမှ သိရှိရသည်။

"ကျွန်တော်တို့က ရှမ်းပြည်နယ် သီပေါမြို့ကပါ။ တိုက်ရိုက်လာရောင်းတာပါ။ ကိုယ့်ကားကြီးနဲ့ ကိုယ်လာတာပါ။ ကားတစ်စီးနာနတ်သီးအလုံး ၁၀၀၀၀ ကျော်လောက်ပါလိမ့်မယ်။ နှစ်တိုင်းလည်း လာရောင်းနေကျပါ"ဟု သီပေါမြို့မှနာနတ်သီးလာရောင်းသူတစ်ဦးကပြောသည်။

➤ စာမျက်နှာ ၁၆ မှ

တည်ထားခြင်းဖြစ်ပြီး လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းများလုပ်ကိုင်ကြခြင်းဖြစ်သည်။

အမရကျေးရွာလွန်သည်နှင့် ရေပြင်ဖွေးဖွေးနှင့် အဝေးမှကြည်နူးဖွယ်ရာ ပန်းခိုင်ရွာအလှကို လှမ်းမြင်ရသည်။ ပန်းခိုင်ရွာဝန်းကျင်တစ်ခွင်ရေပြင်က ပတ်လည်ဖြစ်ကာ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်နေရာ အနီးဝန်းကျင်ရှိ ခမွန်ရွာ၊ မင်္ဂလွန်းရွာ၊ ကရင်စုရွာနှင့် ကိုဒေါင်းစုရွာအနီးအထိ ခုနစ်မိုင်ပတ်လည်ခန့် ကျယ်ဝန်းသော ရေပြင်ကြီးဖြစ်နေသည်။ ပန်းခိုင်ရွာက ရေပြင်အလယ်တွင် ထီးထီးကြီးတည်ရှိနေခြင်းဖြစ်ရာ အင်းလေးတွင် ရွာတည်ထောင်နေထိုင်သော ရွာတစ်ရွာကဲ့သို့ တည်ရှိနေသည်။

မိနစ် ၃၀ ခန့် စက်လှေမောင်းနှင်ခဲ့ပြီးနောက် ပန်းခိုင်ရွာသို့ရောက်ခဲ့သည်။ တစ်ရွာလုံး ခြေတံရှည်အိမ်များဖြစ်ပြီး အိမ်ခြေ ၇၀၀ ကျော်သော ရွာကြီးတစ်ရွာဖြစ်ရာ အနီးဝန်းကျင်ရှိ အဘား၊ ကပင်၊ ကရင်စု၊ ခမွန်၊ အမရ၊ ကိုဒေါင်းစု စသည့်ရွာများထက် သုံးဆခန့် အိမ်ခြေများသောရွာဖြစ်သည်။ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးသော ရွာဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးအပြင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ(အင်းလေးမပါ)တွင် မမြင်တွေ့နိုင်သော ရေပေါ်မှရွာ။

ရွာအတွင်းစက်လှေဖြင့် ဝင်ရောက်ခဲ့ရာ အိမ်တိုင်းစက်တပ်လှေနှင့် ရိုးရိုးလှေများကို မြင်တွေ့ရသည်။ လှေနှင့်လှော်ခတ်သွားနေသည့် ရွာသူ ရွာသားများ၊ ကျောင်းသား ကျောင်းသူများကို တွေ့မြင်ရသည်။ လှေများလှော်ကာ ကျောင်းသို့သွားနေသော ကျောင်းသား ကျောင်းသူများကား မိမိလှေကို မိမိလှော်ကာ ကျောင်းတက်နေကြခြင်းဖြစ်သည်။ ပန်းခိုင်ရွာစာသင်ကျောင်းသည် ယခင်က မူလတန်းကျောင်းဖြစ်ခဲ့သော်လည်း နောက်ပိုင်း၌ အလယ်တန်းကျောင်းမှ ယခုအခါ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်သော တွဲဖက်အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ ဤရွာကျောင်းမှ အင်ဂျင်နီယာ၊ ဆရာဝန် အပါအဝင် ပညာတတ်များစွာ ပေါ်ထွက်ခဲ့ပြီး ယခုအခါ

**ပန်းခိုင်ရွာ ပတ်ဝန်းကျင်ဒေသသည် နှစ်စဉ် ဝါဆိုလမှ သီတင်းကျွတ်လအထိ ရေပတ်လည်ဝိုင်းကာ ရေပြင်ပေါ်တွင် ခြေတံရှည်အိမ်များဖြင့် လှေကို အဓိကထား သွားလာနေထိုင်ကြသည်။ ပန်းခိုင်ရွာသည် မြန်မာနိုင်ငံ၏ ဒုတိယအင်းလေး ဒေသသဖွယ် တည်ရှိနေရာ ကမ္ဘာလှည့်ခရီးသွား ခရီးစဉ် သစ်တစ်ခုအဖြစ် ထွက်ပေါ်လာနိုင်မည် ဖြစ်သည်။**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသမျှ ပြန်လည်ဆောင်ရွက်နေကြသည်မှာ ဝမ်းသာစရာပင်ဖြစ်သည်။

ပန်းခိုင်ရွာသည် အရှေ့အနောက် အလျားလိုက်တည်ရှိနေသော်လည်း အရှေ့ပိုင်း၊ ရွာလယ်ပိုင်း၊ မန္တလေးပိုင်း၊ ကျောင်းပိုင်း၊ ဘုရားစုပိုင်းနှင့် မြောက်ပိုင်းဟူ၍ တည်ရှိနေရာ ဘုန်းတော်ကြီးကျောင်းမှာ မန္တလေးပိုင်းနှင့် ကျောင်းပိုင်း ထိပ်တွင် သီးခြားတည်ရှိနေသည်။ ဘုန်းတော်ကြီးကျောင်းကို လှေဖြင့်သွားရောက်လေ့လာခဲ့ရာ လေးဧကခန့်ကျယ်ဝန်းပြီး အမြင့် ၁၅ ပေခန့်ရှိသော ဘုန်းကြီးကျောင်း ပရိဝုဏ်ကိုမြင်တွေ့ရသည်။ ရေနစ်မြုပ်မှုမရှိရန် ရှေးဘိုးဘွားဘီဘင်များလက်ထက်ကပင် ရွာသူ ရွာသားများ မြေဖို့ကာ ဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ဓမ္မာရုံ၊ ဘုရားကျောင်း၊ ဆွမ်းစားကျောင်းများအပြင် နှစ်ပေါင်းရာကျော်သက်တမ်းရှိသည့် ဇရပ်နှင့် တန်ဆောင်းများကိုလည်း သစ်သားတိုင်များဖြင့် ခြေတံရှည်တည်ဆောက်ခဲ့ကြသည်ကို တွေ့ရသည်။

လေ့လာစရာနှင့် စိတ်ဝင်စားစရာကောင်းသည်မှာ ဘုန်းကြီးကျောင်းကုန်းနှင့် ကပ်လျက်တည်ရှိသော အကျယ်ပေ ၄၀၀ ခန့်ပတ်လည်ရှိသည့် ကန်စိမ်းဖြစ်သည်။ ကန်အတွင်း အစိမ်းရောင်ရင့်ရင့်ရေများရှိနေသဖြင့် ရွာသူ ရွာသားများက ကန်စိမ်းဟု ခေါ်ခြင်းဖြစ်သည်။ ကန်ပေါင်ပတ်လည်တွင် သစ်ပင်များ စိုက်ပျိုးထားသဖြင့် ကြွေကျသောသစ်ရွက်များကြောင့် ကန်ရေစိမ်းနေသည် မဟုတ်ဘဲ နှစ်ပေါင်းများစွာကတည်းကပင် ကန်ရေစိမ်းနေခြင်းဖြစ်ကြောင်း သိရသည်။ ရေကြီးသောနှစ်များတွင် ကန်ကြီးအတွင်း ရေများဝင်ပြီး ပြည့်လျှံနေသော်လည်း ကန်ရေကားစိမ်းနေမြဲဖြစ်သည်။

ဘုန်းတော်ကြီးကျောင်းကုန်းပတ်လည်တွင် အကျယ်ပေ ၅၀ ခန့်ကျယ်သော ကျုံးတစ်ခုရှိနေပြီး ရွာသားများနှင့် ဒေသခံများက ပန်းခိုင်ကျောင်းကျုံးဟု ခေါ်ဝေါ်သည်။ ကျောင်းကျုံးတွင် ယခင်က နွေ၊ မိုး၊ ဆောင်း ရေမပြတ်တမ်းရှိပြီး ငါးရံ့၊ ငါးခူ၊ ငါးပြင်းမ အပါအဝင် ရေချိုငါးအများအပြား သဘာဝအလျောက် လာရောက်နေထိုင်ကြသည်ဟု သိရသည်။ ယခင်က ငါးနှင့်ရေတွင် ငါးပိုများသဖြင့် နွေရာသီရေခန်းပြီး ရေနည်းလျှင် ကျောင်းကျုံးအတွင်း ငါးများချည်းသာဖြစ်နေရာ ငါးများမသေဆုံးရန် ရွာသူရွာသားများက တစ်နိုင်တစ်ပိုင်ထမ်းရွက်ကာ ရေဖြည့်ပေးရကြောင်း၊ ငါးများမှာသီတင်းကျွတ်လကုန်တွင် ကျောင်းကျုံးအတွင်း ပြန်လည်ဝင်ရောက်လေ့ရှိပြီး နယုန်၊ ဝါဆိုလများ၌ ရေတက်လာပြီး ကျောင်းကျုံးအတွင်းမှ ပြန်လည်ထွက်ခွာလေ့ရှိကြကာ နှစ်စဉ်နှစ်တိုင်း သဘာဝအလျောက် ပုံမှန်ဝင်ထွက်ကြကြောင်း သိရသည်။ စိတ်ဝင်စားစရာကောင်းသည့် ဖြစ်စဉ်ပင်။

နောက်ထပ်လေ့လာစရာတစ်ခုကား ပန်းခိုင်ရွာအရှေ့ဘက် တစ်မိုင်ခွဲခန့်အကွာတွင် ကုန်းမြင့်ပေါ်၌တည်ထားသော ညောင်ပင်ကျိုးစေတီဖြစ်သည်။ လှေဖြင့်သွားရပြီး ရှေးနှစ်ပေါင်း ၂၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းစေတီတစ်ဆူဖြစ်ရာ ယခင်က ချုံနွယ်ကိုင်းပင်များ ဖုံးလွှမ်းနေခဲ့သော်လည်း ယခုအခါ ဇရပ်၊ တန်ဆောင်းနှင့် စေတီတော်ကိုပါ မွမ်းမံတည်ဆောက်ခဲ့သဖြင့် သပ္ပာယ်စွာတည်ရှိနေသည်။ ညောင်ပင်ကျိုးစေတီရင်ပြင်မှ ပန်းခိုင်ရွာဝန်းကျင် မြင်ကွင်းကို အပေါ်စီးမှ လေ့လာခွင့်ရရှိစေမည်ဖြစ်သည်။ နေဝင်ချိန်အကျကိုခံစားခွင့် ရရှိပေသည်။ ပန်းခိုင်ရွာ၏အနောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် ပုညကမာအမည်ရှိ ရှေးဟောင်းစေတီတစ်ဆူတည်ရှိရာ ရှေးနှစ်ပေါင်းများစွာကပင် တည်ထားကိုးကွယ်ခဲ့ပြီးနောက် လူတို့ပြုပြင်





မွမ်းမံထားသဖြင့် သပ္ပာယ်ကြည်နူးစွာ ဖူးမြော်လေ့လာခွင့်ရရှိနိုင်သည်။

ပန်းခိုင်ရွာ၏ တောင်ဘက်သုံးမိုင်ခန့်အကွာ၌ ပန်းခိုင်တာကိုလည်း သွားရောက်လေ့လာခဲ့ရာအမြင့်ပေ ၂၀ ခန့်ရှိပြီး ပျဉ်ပုံကြီးရွာမှ မြစ်ကျိုးရွာအထိ မြေကြီးတာဖို့ထားခြင်းဖြစ်သည်။ ပန်းခိုင်ရွာသည်စစ်တောင်းမြစ်ဝှမ်းအနိမ့်ပိုင်းတွင်ရှိပြီး ရေကြီးကွင်းဖြစ်ရာ ပဲခူးရိုးမပေါ်မှစီးဆင်းလာသော ရဲနွယ်ချောင်း၊ ဘောနီချောင်း၊ ပေါက်တပင်ချောင်းနှင့် စစ်တောင်းမြစ်မှရေများက ဒယ်အိုးသဖွယ်တည်ရှိနေသော ခုနစ်မိုင်ပတ်လည်ခန့် မြေနိမ့်ချိုင့်ဝှမ်းနေရာတွင် မိုးရာသီ၌ ရေပြည့်နေခြင်းဖြစ်သည်။ ရေကြီး ရေလျှံမှုမဖြစ်ပွားစေရန် ပန်းခိုင်တာကို ဖို့ထားခြင်းဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းစီမံကိန်းအရ ရေမြုပ်လယ်ယာမြေများ ပြန်လည်ပေါ်ထုတ်ရေးကြိုးစားခဲ့ရာ လယ်ယာမြေဧက များစွာပေါ်ထွက်လာသော်လည်း ပန်းခိုင်ရွာ ပတ်ဝန်းကျင်ဒေသသည် နှစ်စဉ်ဝါဆိုလမှ သီတင်းကျွတ်လအထိ ရေပတ်လည်ဝိုင်းကာ ရေပြင်ပေါ်တွင် ခြေတံရှည်အိမ်များဖြင့် လှေကိုအဓိကထားသွားလာနေထိုင်ကြသည်။ ပန်းခိုင်ရွာသည်မြန်မာနိုင်ငံ၏ ဒုတိယအင်းလေး ဒေသသဖွယ် တည်ရှိနေရာ ကမ္ဘာလှည့်ခရီးသွား ခရီးစဉ်သစ်တစ်ခုအဖြစ် ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့မှ ပန်းခိုင်ရွာသို့ အချိန် သုံးနာရီကျော်သာသွားရသဖြင့် နေ့ချင်းပြန်ခရီးစဉ်တစ်ခုအဖြစ် ခရီးသွားဧည့်သည်များကို ပို့ဆောင်ပေးနိုင်သည်။ နှစ်စဉ် မိုးရာသီကာလ ဇွန်လမှ ဩဂုတ်လအထိ ရေလမ်းခရီးစဉ်အဖြစ် ရေပေါ်ရွာ၏သဘာဝအလှများ၊ ရွာသူရွာသားများ၏ရေလုပ်ငန်းဖြစ်သည့် ပိုက်ချ၊ မြှုံးထောင်၊ ကွန်ပစ်စသည့်နေ့စဉ်ဘဝရှာဖွေလုပ်ကိုင်မှုများကိုလည်း လေ့လာထိတွေ့နိုင်မည်ဖြစ်သည်။ အင်းလေးကန်အတွင်း အင်းသားတို့က လှေကို ခြေဖြင့်လှော်ခတ်သွားလာသော်လည်း ပန်းခိုင် ရွာသူရွာသားများက လက်ဖြင့် ပင်လှော်ကာသွားလာကြသည်။ ယခုအခါ စက်တပ်လှေများဖြင့် သွားလာသူများပြားလျက်ရှိပြီး စက်လှေသံသည်တစ်ရွာလုံးတွင် နေရာအနှံ့မှထွက်ပေါ်လျက်ရှိနေပြီဖြစ်သည်။

မိုးရာသီကာလတွင် ငါးပိ၊ ငါးခြောက်၊ ငါးဖမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရာ ခရီးသွားဧည့်သည်များအနေဖြင့် လတ်လတ်ဆတ်ဆတ်ငါးကြော်ပူပူနွေးနွေး၊ ငါးကင်များကိုလည်း စားသုံးနိုင်ကြမည်ဖြစ်သည်။ ရေချိုငါးများဖြစ်သည့် ငါးရံ့၊ ငါးခူ၊ ငါးပနော်၊ ငါးပြေမစသည့် ငါးများပေါများစွာရှာဖွေရရှိသဖြင့် ဒိုက်ဦးမြို့နယ်အတွင်း ရေထွက်ပစ္စည်း အဓိကထွက်ရှိသည့် ရွာလည်းဖြစ်သည်။

ညအိပ်တည်းခိုရန် တည်းခိုခန်း မရှိသော်လည်း ရွာဦးဘုန်းတော်ကြီးကျောင်းများက ကျယ်ဝန်းသည်ဖြစ်ရာ ခရီးသွားဧည့်သည်များ ညအိပ်တည်းခိုနိုင်သည်။ အချိန်မရသည့်ခရီးသွားဧည့်သည်များအတွက် နေ့ချင်းပြန်ခရီးကို စက်လှေဖြင့် သွားရောက်လေ့လာနိုင်ရန်ရေပြင်ပေါ်တွင် တည်ရှိနေသော ကျေးရွာအလှကို အင်းလေးအထိ သွားစရာမလိုဘဲ ထိတွေ့ခံစားနိုင်သည့် နေရာလည်းဖြစ်သည်။

ကျွန်တော်တို့ လေ့လာစရာများပြီးစီး၍ စက်လှေဖြင့်ပြန်အထွက်တွင် ညနေ ၄ နာရီခန့်ရှိနေပြီဖြစ်သည်။ ရေပြင်ပေါ်တွင် ခြေတံရှည်အိမ်များဖြင့် လှပနေသော ပန်းခိုင်ရွာကား သဘာဝအခြေခံ ခရီးသွားခရီးစဉ်တစ်ခုအဖြစ် ရောက်ရှိလာမည်ဟု ယုံကြည်စိတ်နှင့်အတူ မျှော်လင့်နေမိသည်ကား အမှန်ပင်။ ။

# မျှော့ဈေးကွက် ကောင်းသော်လည်း ရှာဖွေရခက်ဟုဆို

**ရေတာရှည် ဇူလိုင် ၂၅**

လွန်ခဲ့သောသုံးနှစ်မှစ၍ တရုတ်ဈေးကွက် ဝယ်လိုအားကြောင့် မျှော့ရောင်းဝယ်မှုများ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသအနှံ့အပြားတွင် များပြားလာခဲ့ရာ ယခုနှစ်တွင် ဝယ်ယူသည့်ဈေးနှုန်းကောင်းမွန်သော်လည်း ရှာဖွေရခက်ခဲနေကြောင်း သိရသည်။ ကုန်းကြီးကျေးရွာအုပ်စု၊ ရဲကုန်ကျေးရွာအုပ်စုများရှိ အင်းအိုင်များ၌ အများဆုံး ရှာဖွေဖမ်းဆီးကြကာ လက်ရှိတွင် ကျွဲကျောင်းသူများက ဝင်ငွေကောင်းမွန်နေသည်ကို တွေ့ရသည်။

"ကျွန်တော်ကတော့ ဘာမှလုပ်မနေဘူး၊ ကျွဲအုပ်ကို ရေအိုင်ထဲမောင်းချလိုက်တာပဲ၊ ပြီးမှကျွဲကိုလာတွယ်တဲ့မျှော့ကိုခွာကာ ရေသန့်ဘူးခွံထဲထည့်ပြီး စုထားတာ၊ ညနေစောင်းရင်တော့ လေးထောင်ဖိုးလောက်ရတယ်"ဟု အင်ကြင်းကုန်းကျေးရွာနေသူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်အရ မျှော့တစ်ပိဿာလျှင် ငွေကျပ်တစ်သောင်းနှစ်ထောင်ဖြင့် ဝယ်နေပြီး များသောအားဖြင့် မျှော့အသေးများကိုသာဦးစားပေးဝယ်ယူသည်ဟု မျှော့အရောင်းအဝယ်လုပ်သူတစ်ဦးက ပြောသည်။ ဝယ်ယူရရှိသောမျှော့များကို မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်သို့ ဆက်လက်တင်ပို့ရောင်းချကြောင်း သိရသည်။

**▌ကိုလွင်(ဆွာ)**

## တက္ကသိုလ်နယ်မြေတစ်ခွင်

# ပျိုမျစ်တက်ကြွသော စာသင်သားများနှင့် ရင့်ကျက်ခံ့ညားသည့် ကျောင်းတော်ကြီး



■ သတင်းဆောင်းပါး-ခင်လေးမြင့်အောင်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အားပေးသူအနည်းငယ်သာ ရှိသော်လည်း ပိုက်ကျော်ခြင်းကစားသမားများကတော့ အားမလျှော့စတမ်း ယှဉ်ပြိုင်နေသည်။ ခြင်းလုံးက တစ်ဖက်ကို မရောက်သည့်အခါ ပရိသတ်တစ်ဦးက အလိုမကျအော်လိုက်သော်လည်း သူ့မျက်နှာတွင် ပြင်းထန်သည့် အနိုင်ရလိုမှုကို မတွေ့ရပါ။ ပွဲပြီးသွားသည့်အခါ နှစ်ဖက်ကစားသမားများနှင့် အားပေးသူများက ပြုံးရွှင်စွာဖြင့် အတူတကွ ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ အာရ်စီ (Recreation Center)မှ ထွက်ခွာလာသည်။ ထိုနေရာသည် တက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ အားကစား၊ အနုပညာနှင့် အပန်းဖြေချိန်းဆိုရာ နေရာတစ်ခုအဖြစ် ပြန်လည်နိုးထလာပြီဖြစ်သည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ကာ ဘွဲ့ကြိုပညာသင်ကြားပြသပေးခဲ့ရာမှ ယခင်မဟာတန်းနှင့် ပါရဂူတန်း အနည်းငယ်သာ ဖွင့်လှစ်နေခဲ့သည့် ရန်ကုန်တက္ကသိုလ်ကြီးမှာ ယခုအခါ ပုံမှန်အစီအစဉ်ဖြင့် လှုပ်ရှားလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်ကို ၁၈၇၈ ခုနှစ်တွင် ကာလကတ္တားလက်အောက်ခံ ကောလိပ်အနေဖြင့် စတင်ဖွင့်လှစ်ပြီး ၁၉၀၄ ခုနှစ်အရောက် အစိုးရကောလိပ် အဖြစ်နှင့် ၁၉၂၀ ပြည့်နှစ်တွင် အစိုးရကောလိပ်နှင့် အမေရိကန်သာသနာပြု အဖွဲ့ကဖွင့်လှစ်သည့် ဂျပ်ဆင်ကောလိပ်နှစ်ခုကို ပေါင်းစည်းကာ ကမ္ဘာကျော် အောက်စဖို့ဒ်နှင့် ကင်းဘရစ်ချ်တက္ကသိုလ်ကြီးများ၏ ဖွဲ့စည်းပုံအတိုင်း ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

၁၉၆၄ ခုနှစ်အရောက် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(ရာဇူ)အဖြစ် အမည်တွင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်အထိ မြန်မာ့လူငယ်ပေါင်းများစွာကို ပညာမျှဝေနေသည့် ပညာ့ဘဏ်တိုက်တစ်ခုအဖြစ် ရပ်တည်ခဲ့ဖူးသည်။

ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းများအပါအဝင် မြန်မာ့သမိုင်း၏ ဖြစ်ရပ်အတော်များများနှင့် ဆက်စပ်မှုရှိပြီး လွတ်လပ်ရေးအတွက်၊ ယုံကြည်ချက်အတွက်၊ မိဘပြည်သူများအတွက်၊ ကျောင်းသားထုတစ်ရပ်လုံးအတွက် ရပ်တည်ပေးခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် အသိပညာရှင် အတတ်ပညာရှင်ပေါင်း မြောက်မြားစွာကိုလည်း ရန်ကုန်တက္ကသိုလ်မှ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ဆိုသည်။

ယခုအခါ အဆောက်အအုံများသည် ရှေးကျသော်လည်း ဟောင်းနွမ်းမနေတော့၊ အိုမင်းသော်လည်း ယိုယွင်းမနေတော့ဘဲ ပရိဘောဂများ အသစ်လဲခြင်း၊ ဆေးသုတ်အရောင်တင်ခြင်းနှင့် ခေတ်မီအသုံးအဆောင်များအပြင် နည်းပညာအသစ်များသည်လည်း အစားထိုးရောက်ရှိလာကြပြီဖြစ်သည်။ မာလာဆောင်၊ သီရိဆောင်အပါအဝင် နာမည်ကျော် အဆောင်များကို ပြန်လည်ပြုပြင်မွမ်းမံကာ အဆောင်နေကျောင်းသားကျောင်းသူများ ပိုမိုလက်ခံပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ်သို့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၊ အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ နော်ဝေ ဘုရင်မင်းမြတ်တို့အပါအဝင် ကမ္ဘာ့ထိပ်သီးခေါင်းဆောင်တို့ လာရောက်မိန့်ခွန်းပြောကြားကာ အသိအမှတ်ပြုခြင်းကို ခံယူနေရဆဲ ပင်ဖြစ်သည်။



အာရ်စီအတွင်း အားကစားပြိုင်ပွဲလေးတစ်ခုမြင်ကွင်း။

"ပထမဆုံးဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ထဲက ဂျူဗလီဟောမှာ ကျင်းပခဲ့ပြီး တက္ကသိုလ်ပညာရေးကို ချုပ်ကိုင်ခြင်းခံခဲ့ရသော်လည်း ကျောင်းသား ကျောင်းသူ ၄၇ ဦးခန့်ကို ဘွဲ့အသီးသီး အပ်နှင်းခဲ့တဲ့အပြင် လယ်တီဆရာတော်ဘုရားကြီးကိုလည်း ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ကို ချီးမြှင့်ပေးခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှာ ဖွင့်လှစ်ခဲ့တာကြောင့် နှစ် ၁၀၀ ပြည့်ဖို့ ငါးနှစ်သာ လိုပါတော့တယ်။ အဆောက်အအုံတွေကို အတတ်နိုင်ဆုံး ရှေးမူမပျက် ပြုပြင်ထားရှိပြီး လာမယ့်နှစ်မှာ ထပ်တိုးလာမယ့် ကျောင်းသား ကျောင်းသူတွေကို စောင့်မျှော်နေပါတယ်"ဟု ရန်ကုန်တက္ကသိုလ်ကျောင်းထွက် အငြိမ်းစားပါမောက္ခ ဒေါက်တာလွန်းကြွယ်က ပြောကြားသည်။

ထို့အပြင် အမိတက္ကသိုလ်၏ နာမည်ကျော် ကံ့ကော်တန်းများ ပြန်လည်ရှင်သန်လာစေရန်အတွက်လည်း နှစ် ၁၀၀ ပြည့်ပွဲတော်အမီ ပြန်လည်စိုက်ပျိုးပေးလျက်ရှိရာ "ကံ့ကော်မြေကို ပြန်လည်အသက်သွင်းဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ သမိုင်းအမွေကို ထိန်းသိမ်းရာရောက်တဲ့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ရည်မှန်းတဲ့အတွက် ကျောင်းတစ်လျှောက် အဓိပတိလမ်းမကြီးရဲ့ ဘယ်ဘက်ခြမ်း တစ်ခုလုံးကို ကံ့ကော်တောကြီးအဖြစ် နှစ် ၁၀၀ အရောက်မှာ မြင်တွေ့ရမယ်" ဟု ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ထို့ပြင် ကျောင်းသားဟောင်းတစ်ဦးဖြစ်သော ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူကလည်း ရန်ကုန်တက္ကသိုလ်၏ သမိုင်းဝင်အထင်ကရ အဆောက်အအုံများနှင့် လှိုဏ်ဂူချက်များ၊ ရာဇဝင်များနှင့် သမိုင်းမှတ်တမ်းများကို စနစ်တကျ မှတ်တမ်းပြုစုကာ နှစ် ၁၀၀ ပြည့်ချိန်တွင် ဂုဏ်ယူနိုင်ရေးအတွက် တက္ကသိုလ်ပြတိုက်ထားရှိသင့်ကြောင်း အကြံပြုပြောကြားသည်။



ပြန်လည်စိမ်းစိုလာဦးမည့် ကံ့ကော်တောကို ပင်ပျိုများဖြင့် ပျိုးထောင်လျက်ရှိသည်။

"ရန်ကုန်တက္ကသိုလ်မှာ တက်ခွင့်ရဖို့က ကျောင်းသားကျောင်းသူတွေ အားလုံးရဲ့ အိပ်မက်တစ်ခုပဲလေ။ ဘာသာရပ်အလိုက် ထူးချွန်သူတွေကိုသာ လက်ခံသင်ကြားပေးနေတာမို့ ကြိုးစားဖို့ အခွင့်အရေးလည်းရှိသလို သမီးတို့အတွက် အဆောင်နေခွင့်ရတာဟာလည်း အဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ခုပါ။ သမီးတို့အခု စုပေါင်းပြီး ငါတို့သူငယ်ချင်းဆိုတဲ့ အစီအစဉ်လေးတစ်ခု လုပ်နေပါတယ်။ နှစ်ပတ်တစ်ခါ ပြိုင်ပွဲလုပ်မယ်။ တစ်သောင်းတန် ငွေဖြည့်ကတ်နဲ့ My Friend Campaign တီရှပ်ပေးသွားမယ်။ ဖေ့စ်ဘွတ်ခ်မှာ Like အများဆုံးရတဲ့သူက အနိုင်ရမယ်။ သမီးတို့ရဲ့ ရည်ရွယ်ချက်လေးကတော့ မတူကွဲပြားခြားနားသူတွေကြားမှာ မေတ္တာတရားနဲ့ ခင်မင်မှုတွေကို ဂုဏ်ပြုပေးတာ၊ မတူညီခြင်းတွေကနေ ခွန်အားတွေရလာဖို့ ရည်ရွယ်ပြီး လုပ်ဆောင်နေတယ်။ ရန်ကုန်တက္ကသိုလ်မှာ သမီးတို့လို အဖွဲ့လေးတွေ၊ လှုပ်ရှားမှုတွေ၊ အနုပညာအလုပ်တွေ၊ အားကစားသင်တန်းတွေ ပြန်အားပေးလာတာကို အလွန်ကျေနပ်ဂုဏ်ယူမိတယ်" ဟု တတိယနှစ် ဓာတုကုန်ထုတ် ကျောင်းသူလေး မသီရိသူသူက ပြောကြားသည်။ ။

## ရန်ကုန်တက္ကသိုလ်မှ လာမည့်ပညာသင်နှစ်အတွက် ဘာသာရပ် ၂၁ မျိုးတွင် ကျောင်းသူဦးရေ ၁၀၅၀ လက်ခံသင်ကြားမည်

ရန်ကုန်တက္ကသိုလ်တွင် လာမည့်ပညာသင်နှစ်တွင် ပထမနှစ် တက်ရောက်ရန်အတွက် ထူးချွန်ကျောင်းသားများကို ဘာသာရပ်တစ်ခုလျှင် ၅၀ စီဖြင့် ဘာသာရပ် ၂၁ မျိုးကို လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ဘာသာရပ်သုံးမျိုးကို တိုးချဲ့ထည့်သွင်းထားပါတယ်။ စာကြည့်တိုက်နဲ့ သုတပညာ၊ ဇီဝဗေဒနဲ့ အနုဇီဝဗေဒဘာသာရပ်တွေဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ စိတ်ပါဝင်စားမှုရှိမယ်လို့လည်း ယူဆတဲ့အတွက် ထည့်သွင်းသင်ကြားပေးမှာပါ။ တစ်ဘာသာကို ကျောင်းသားကျောင်းသူ ၅၀ ဆိုတော့ စုစုပေါင်း ပထမနှစ် ကျောင်းသား ၁၀၅၀ လက်ခံပေးမယ်" ဟု ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနမှ သိရသည်။

စာကြည့်တိုက်နှင့် သုတပညာဘာသာရပ်အတွက် ဝင်ခွင့်အမှတ်ကို ရန်ကုန်တက္ကသိုလ်မှ ဖွင့်လှစ်သည့် ဝိဇ္ဇာဘာသာရပ် လေးနှစ်ဘွဲ့သင်တန်းများ၏ ဝင်ခွင့်သတ်မှတ်ချက်ဖြင့် ခေါ်ယူမည်ဖြစ်ပြီး ဇီဝဗေဒနှင့် အနုဇီဝဗေဒ ဘာသာရပ်များကို သိပ္ပံဘာသာရပ်များ၏ ဝင်ခွင့်သတ်မှတ်ချက်ဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ကာ ရန်ကုန်တက္ကသိုလ်အတွင်း ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများကို တစ်ဘာသာလျှင် ၅၀စီဖြင့် လက်ခံသင်ကြားပေးလျက်ရှိရာ ယခုနှစ်သစ် ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့ကြိုကျောင်းသား ၃၀၀၀ ကျော်ဖြစ်လာမည်ဖြစ်သည်။

ထို့အပြင် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ကျောင်းတက်နိုင်ရေးအတွက် တက္ကသိုလ်အဆောင်များကို ပြန်လည်ပြုပြင်ကာ နေထိုင်ခွင့်များ ပေးအပ်လျက်ရှိပြီး ဝိဇ္ဇာနှင့် သိပ္ပံစာသင်ဆောင်များဖြစ်သည့် မန္တလေးဆောင်၊ တောင်ငူဆောင်၊ ဝိဇ္ဇာဆောင်၊ သိပ္ပံဆောင်အစရှိသည့် အဆောင်များတွင် ဘာသာရပ်အလိုက် သင်ကြားပေးလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်တွင် ထူးချွန်ကျောင်းသား ကျောင်းသူ ၅၀ စီခန့်ကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒ၊ နိုင်ငံတကာ ဆက်ဆံရေးပညာ၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ ကုန်ထုတ်ဓာတုဗေဒနှင့် ကွန်ပျူတာသိပ္ပံပညာ၊ အနုဇီဝ ဗေဒပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ကာ ပညာတော်သင်များ စေလွှတ်ခြင်း၊ လေ့လာရေးခရီးစဉ်များနှင့် ပူးပေါင်းသုတေသနပြုချက်များ ဆောင်ရွက်ခြင်း၊ ပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းတို့ဖြင့် သင်ကြားပို့ချလျက်ရှိကြောင်း တောင်ငူဆောင် မြန်မာစာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ငြိမ်းငြိမ်းက ပြောကြားသည်။

ယခုနှစ်တွင်လည်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်များ ထုတ်ပြန်ပေးမည်ဖြစ်ကာ ဝင်ခွင့်အမှတ်များကိုလည်း ယခင်နှစ်အတိုင်း သတ်မှတ်ထားကြောင်း သိရသည်။ ။

■ သွန်းဝသန်

# ဝလုံးလေးတွေကိုချစ်တဲ့သူ
# မြန်မာဆန်သော ဂျပန်မလေး မကြည်သာမိုး

■ တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**"မြန်မာအက္ခရာဝလုံးလေးကို ကျွန်မပိုင်ပိုင်နိုင်နိုင်ရေးတတ်သွားတဲ့အချိန်မှာ သိလိုက်တာက ကျွန်မ မြန်မာစာကို ချစ်သွားပြီဆိုတာပါပဲ" လို့ မြန်မာစကားကို အသံဝဲဝဲလေးနဲ့ ပြောပြသူကတော့ မြန်မာအမည် မကြည်သာမိုးတစ်ဖြစ်လဲ ဂျပန်အမျိုးသမီးလေး မစ္စအီကာတေကုချိ ဖြစ်ပါတယ်။**

"ကျွန်မ မြန်မာစာကိုချစ်တယ်။ မြန်မာပြည်ကိုလည်း ချစ်တယ်။ မြန်မာဝတ်စုံကိုလည်း ချစ်ပါတယ်" လို့ ကချင်ရိုးရာ ဂျပ်ခုတ်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ မကြည်သာမိုးက ထပ်လောင်းပြောပြပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဂျပန်နိုင်ငံ တိုကျို နိုင်ငံခြားဘာသာတက္ကသိုလ်မှာ တက်ရောက်ခွင့်ရလို့ ဘာသာရပ်ရွေးတဲ့အခါ မြန်မာနိုင်ငံမှာ ဂျပန်စီးပွားရေးလုပ်ငန်းတွေ ဝင်ရောက်လုပ်ကိုင်နေတယ်ဆိုတာကို လုံးဝမသိခဲ့သေးပေ။ မြန်မာအကြောင်းဆိုရင် ဂျပန်မီဒီယာတွေမှာ ပါသလောက်ပဲ အာရှနိုင်ငံတစ်ခုအနေနဲ့သာ သူသိခဲ့တာပါ။ သူအမှတ်မထင်တွေ့မြင်ခဲ့ရတဲ့ လုံးလုံးဝိုင်းဝိုင်း မြန်မာအက္ခရာလေးတွေကို သင်ယူလိုတဲ့စိတ်နဲ့ မြန်မာစာကိုသူရွေးချယ်ခဲ့တယ်"လို့ ဆိုပါတယ်။

"ကျွန်မဆရာက ပြောတယ်။ ဝိုင်းဝိုင်းလေး ရေးပါတဲ့။ ကျွန်မ တိုကျိုတက္ကသိုလ်မှာ သင်ခဲ့ရပါတယ်။ သုံးနှစ်ကြာပြီးတဲ့နောက် စတုတ္ထနှစ်ရောက်တော့ ရန်ကုန်တက္ကသိုလ်မှာ လာသင်ရပါတယ်။ ကျွန်မအသက်က (၂၁)နှစ်ပဲရှိပါသေးတယ်။ မိဘတွေကလည်း စိတ်မချဘူးရှင့်။ ဒါပေမယ့် သကြ်န်ရက်က မြန်မာနိုင်ငံကို သူတို့လာလည်ကြပြီးတဲ့နောက် ကျေနပ်သွားကြတယ်။ ဂျပန်နိုင်ငံက ရာသီဥတုလေးမျိုးထဲမှာ ကျွန်မက နွေရာသီကို အမုန်းဆုံးဖြစ်ခဲ့ပေမယ့် မြန်မာပြည်မှာ ရာသီသုံးခုကို ကြုံပြီးတဲ့အခါ နွေရာသီကို ကျွန်မနှစ်သက်လာတယ်။ မပြန်ချင်တော့ဘူးလို့ပြောရင် ဂျပန်လူမျိုးတွေက အံ့သြမလားတော့ ကျွန်မမသိဘူး။ ကျွန်မကတော့ လုံးဝမပြန်ချင်လောက် အောင်ပျော်ပါတယ်" လို့ မကြည်သာမိုးက ပြောပါတယ်။ ကြည်သာမိုးဆိုတဲ့ သူ့အမည်ကို ပေးသူကတော့ သူရဲ့ မြန်မာစာလက်ဦးဆရာ ဒေါက်တာအောင်ကျော်မိုးဖြစ်တယ်လို့လည်း ပြောပြပါတယ်။

ကြည်သာမိုးက ပြောပါသေးတယ်။

"ဆရာ့သမီးဆိုတဲ့ အထိမ်းအမှတ်ပေါ့။ ကြည်သာမိုးဆိုပြီး မှည့်ထားတာ။ တခြားသူငယ်ချင်း နှစ်ယောက်ရှိသေးတယ်။ သူဇာမိုးနဲ့ ကောင်းစံအောင်ပါ။ ဆရာ့သားသမီးတွေပေါ့။ လူတွေက 'ကြည်သာမိုးရေ' လို့ ခေါ်လိုက်ရင် ကျွန်မက သိပ်သဘောကျပြီး ပြာပြာသလဲ ပြန်ထူးမိတယ်လေ'ရှင်'လို့"။

မကြည်သာမိုးက တစ်နှစ်တာ စာသင်ကာလကို ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင် မြန်မာစာဌာနမှာ သင်ယူဖြတ်သန်းနေပြီး သူစိတ်အဝင်စားဆုံး ဘာသာကတော့ မြန်မာစာပေသမိုင်းဖြစ်တယ်လို့ ဆိုပါတယ်။

သီရိဆောင်က သူ့အခန်းဖော်တွေရဲ့အကြောင်းကိုမေးတော့ "ကရင်လူမျိုးနှစ်ယောက်၊ ဂျပန်လူမျိုးတစ်ယောက်နဲ့ မြန်မာ နှစ်ယောက်၊ တစ်ခန်းတည်း အတူတူနေကြတယ်။ သိပ်ချစ်ကြတာပေါ့။ ကျွန်မ စကတ်အတိုပဲ ဝတ်တတ်တာ။ ဒီရောက်တော့ လုံချည်ပဲဝတ်ရင်းနဲ့ အခု ဂျပန်ပြန်ရင် စကတ်အတို မဝတ်ရဲတော့ဘူးရှင့်" လို့ ပြောပါတယ်။

မြန်မာစာပေဟာ အဆင့်အတန်းမြင့်မားတဲ့ စာပေဖြစ်ပြီး မြန်မာအက္ခရာစာလုံးတွေ သမိုင်းအဆက်ဆက် ဆင်းသက်ပြောင်းလဲလာတာကို လေ့လာရတာ စိတ်ဝင်စားစရာကောင်းတယ်လို့လည်း သူက ပြောပါတယ်။

"စာသင်ရတာလည်း အဆင်ပြေပါတယ်။ ကျွန်မ ရန်ကုန်ရောက်ခါစက အစားအသောက်နဲ့ နေထိုင်မှုအတွက် အခက်အခဲဖြစ်ရတယ်။ နောက်ပိုင်းမှာတော့ အသားကျသွားပါတယ်။ ကျောင်းဆက်တက်ဖို့ သုံးလပဲကျန်ပါတော့တယ်။ တစ်နှစ်ပဲလာရတာပါ။ ဂျပန်ရောက်ရင် နောက်ဆုံးနှစ်တစ်နှစ် ဆက်တက်ရပါဦးမယ်။ ပြီးတဲ့အခါ ဘွဲ့ရတာနဲ့ မိဘတွေကိုခွင့်တောင်းပြီး မြန်မာနိုင်ငံမှာလုပ်ရမယ့် အလုပ်တစ်ခုခုကိုရှာပြီး ဆက်ဆက်ပြန်လာခဲ့မယ်"လို့ မျက်ဝန်းညိုညိုနှင့် မြန်မာဆန်ဆန် ဂျပန်မလေးက ခိုင်ခိုင်မာမာ ပြောလျက်ရှိပါတယ်။



ကျွန်မ ဆရာက ပြောတယ်။ ဝိုင်းဝိုင်းလေး ရေးပါတဲ့။ ကျွန်မ တိုကျိုတက္ကသိုလ်မှာ သင်ခဲ့ရပါတယ်။ သုံးနှစ် ကြာပြီးတဲ့နောက် . . .

## ပန်းပွင့်ချိန်

စိန်ပန်းတစ်ခက်၊ ရဲသွေးတက်၍
ကိုင်းခက်ဖျားမှာ ပွင့်လေပြီ။

ကံ့ကော်တစ်ပွင့် ငွါးငွါးစွင့်လျက်
ပင်ဦးကင်းဝယ် မွှေးလေပြီ။

အမိတက္ကသိုလ် မြကျွန်းညိုလည်း
နုပျိုကျောင်းသား၊ လူငယ်များနှင့်

အားသစ်မာန်သစ် ပညာ့ခေတ်ကို
ဖွင့်လှစ်မော်ကွန်း ထိုးပြီတည်း။ ။



■ နန်းခင်



# ကိုလက်စထရောကျစေသော

## ဝါးရွက်

သွေးအတွင်း အဆီတိုးလာသောဓာတ်ကို Cholesterol ဟုခေါ်သည်ကို ခေတ်မီသူတိုင်းသိကြပြီးဖြစ်သည်။ Cholesterol များလာလျှင် သွေးတိုး၊ နှလုံးနှင့် လေဖြတ်ရောဂါတို့ဖြစ်နိုင်သည်။ အနည်းဆုံးလူဝလာပြီး အသည်းအဆီဖုံးရောဂါ ဖြစ်လေ့ရှိသဖြင့် လူတိုင်းကြောက်ရွံ့သော ဓာတ်တိုးရောဂါဖြစ်ပြီး ဝလာသူတိုင်း ခြောက်လတစ်ကြိမ် စစ်ဆေးကြည့်ရန် ဆရာဝန်များကလည်း ညွှန်ကြားကြသည်။

ကြက်သွန်ဖြူစားလျှင် Cholesterol ကျစေသည်ဟု လူသိများသော်လည်း နောက်ပိုင်း သုတေသနပြုချက်များအရ မသေချာဟုဆိုသည်။ ထင်ထားသလောက် မကျဟုဆိုသည်။ တိုင်းရင်းဆေးပညာဘက်မှလည်း သုတေသနပြုသည့် ဓာတ်ခွဲခန်းများထူထောင်ပြီး ခေတ်မီသိပ္ပံနည်းကျ သုတေသနပြုလုပ်ကာ Cholesterol ကျစေသည့် အပင်များကို စမ်းသပ်ရှာဖွေလျက်ရှိသည်။

မြန်မာ့မြေပေါ်တွင် ပေါက်ရောက်သည့် လက်တစ်ကမ်းမှဆေးဘက်ဝင်အပင်များ၊ အရပ်သုံးဆေးမြီးတိုအဖြစ် ရောဂါပျောက်ကြောင်း နာမည်ကြီးသည့် ဆေးပင်များဖြစ်သည်။ ထိုထဲမှ Cholesterol ကျစေသည့် ဆေးဖက်ဝင်အပင်မှာ 'ဝါးပင်' ဖြစ်သည်။ ဆေးပင်သုတေသနပြုချက်များအရ ဝါးပင်မှ ဝါးရွက်သည် သွေးအတွင်းရှိ Cholesterol ကိုကျစေသော Hypolipidaemic Activity ပါရှိပါသည်။ ဝါးရွက် လက်တစ်ဆုပ်စာမှရရှိသော သတ္တုရည်ကော်ဖီဇွန်း နှစ်ဇွန်းကို တစ်နေ့နှစ်ကြိမ်(သို့မဟုတ်) ဝါးရွက်ပြုတ်ရည် အကြမ်းပန်းကန်တစ်ဝက်ကို တစ်နေ့နှစ်ကြိမ်သောက်သုံးပါက Cholesterol ကို သိသာစွာကျဆင်းစေသည်။ (ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလထုတ် လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များပေါင်းချုပ်စာအုပ်၊ စာမျက်နှာ ၆၅၀ မှ) ဝါးပင်သည် မြန်မာ့တောတောင်များတွင် သဘာဝအလျောက်ပေါက်ရောက်သော အပင်မျိုးဖြစ်သည်။ စိုက်ပျိုးပင်အဖြစ်လည်း စိုက်ပျိုးနိုင်သည်။ သမပိုင်းဥတုတွင် ပို၍ဖြစ်ထွန်းသည်။ "ငှက်ပျောကဆုန်၊ ဝါးနယုန်"ဟု ဆိုသဖြင့် မိုးတစ်ပြိုက်နှစ်ပြိုက်ရွာချသည့် နယုန်လတွင် ဝါးကိုစိုက်ပျိုးနိုင်သည်ဟု ရှေးလူကြီးများအဆိုရှိသည်။

ရုက္ခဗေဒအဆိုအရ ဝါးပင်အမျိုးပေါင်း ၂၀၀ ကျော်မျှရှိသည်။ အသုံးများသော၊ လူသိများသော ဝါးမျိုးများမှာ ကြခတ်ဝါး၊ ထီးရိုးဝါး၊ ဝါးနက်၊ ဝါးပိုးဝါး၊ ကြသောင်းဝါး၊ တင်းဝါး၊ သိုက်ဝါး၊ ဝါးဖြူ၊ မြင်ဝါး၊ ရွှေဝါး၊ ဝါးမင်း၊ ဝါးယား၊ ဝါးကောက်တို့ဖြစ်ကြသည်။ ဝါးပင်မှ အစို့ထွက်လာသည့်မျှစ်မှာ မြန်မာတို့အကြိုက် အစားအစာဖြစ်သည်။ မျှစ်ချဉ်အဖြစ်လည်း အချဉ်တည်၍ စားကြသည်။ ဝါးပိုးမျှစ်ချဉ်ကို လူကြိုက်အလွန်များသည်။ ဝါးပင်ပေါက်မျှစ်စို့များသည် အပူဓာတ်ရှိသည်။ အစာအိမ်ကို အစာချေရည်ထွက်စေရန်လှုံ့ဆော်ပေးနိုင်သည်။ အစာစားချင်စိတ်ဖြစ်ပေါ်စေ၍ အစာစားပြီးသောအခါတွင်လည်း အစာကြေစေနိုင်သဖြင့် နာတာရှည်ခံတွင်းပျက်သူ၊ နှုတ်မမြိန်ရောဂါရှိသူများမျှစ်ကို ချက်ပြုတ်စားခြင်းဖြင့် ရောဂါသက်သာစေနိုင်သည်။

မျှစ်ကို အနာပေါက်ဆေးကုရာတွင် အသုံးပြုပုံမှာမျှစ်ကို သတ္တုရည်ညှစ်ပြီး အနာပေါ်တွင်လောင်း၍ အဝတ်ဖြင့် တစ်နာရီခန့်ပတ်စည်းထားလျှင် ပိုးတွယ်သောအနာကိုပင် သန့်စင်စေသည်ဟု ရှေးဆေးကျမ်းများတွင်တွေ့ရသည်။ ထိုနည်းတူ ဝါးရွက်တစ်မျိုးမျိုးကိုပြုတ်၍ အနာဖန်ဆေးခြင်းပြုပေးလျှင် အနာအကျက်မြန်စေနိုင်သည်။ အသားနုတက်စေသော ဖန်ဆေးဖြစ်သည်။

ဝါးရွက်သည် သွေးဖောက်ပြန်သော ရောဂါ၊ အပူငုပ်နာများကိုနိုင်သည်ဟုဆိုသည်။ ရှေးမြန်မာများသည် မီးဖွားပြီးနောက် သားအိမ်အတွင်းမှ သွေးဟောင်းသွေးပုပ်များ ကင်းစင်စေရန် ဝါးရွက်ဖြင့်ချွေးအောင်း၊ ချွေးထုတ်ခြင်းကို ပြုလုပ်ပေးကြသည်။

ဆေးကျမ်းများအဆိုအရ ကြခတ်ဝါးရွက်(သို့မဟုတ်) ဝါးရွက်တစ်မျိုးမျိုးလက်တစ်ဆုပ်စာကို ကြိတ်ချေ၍ ပြုတ်ပြီး လက်ဖက်ရည်ပန်းကန်တစ်လုံးခန့်သောက်ပါက သွေးအန်၊ သွေးကျ ရောဂါ၊ မီးယပ်သွေးချုပ်ရောဂါပျောက်ကင်းသည်။ ကလေးမွေးပြီးသူများ နို့ရွှင်ဆေးအဖြစ်လည်း တိုက်ကျွေးကြသည်။

ဝါးရွက်သည် ရှာဖွေရလွယ်ကူပြီး အဆိပ်အတောက်လည်းကင်းသောအရွက်ဖြစ်သဖြင့် အဆီတိုးပြီး ဝလာသူများ အနောက်တိုင်းနည်းဖြင့် သွေးစစ်သောအခါ တက်နေသူများ သောက်သုံးသင့်ကြောင်း ဆေးသုတေသနမှ အတည်ပြုထားသည်။

ကြည်လွင်မြင့်(မုဒြာ)

# အရွယ်

**အရွယ်သုံးပါးမှာ ''ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာ''ဆိုပြီး အရိုးစင်းဆုံးလမ်းညွှန်ချက်က ဒီနေ့အထိ သွေဖည်တိမ်းစောင်းသွားခြင်း မရှိသေးပါဘူး။ လူ့ဘဝကို အရွယ်စုံဖြတ်သန်းခဲ့ကြသူတိုင်းဟာ ဘဝစုံကျင်လည်ခဲ့ရသူချည်းသာ ဖြစ်ပါတယ်။ ငယ်စဉ်ကလေးဘဝက ဖြတ်သန်းရတဲ့ အရွယ်ဆိုတာ ဘဝရဲ့အဖူးအထွတ် အညွန့်အတက်လေးတွေဖြစ်သလို တက်ကြွခြင်း၊ နုပျိုလန်းဆန်းခြင်း အားမာန်တွေအပြည့်နဲ့ ဝင့်ကြွားခဲ့ကြတဲ့ အချိန်ဖြစ်ပါတယ်။**



■ စံကားဝါ

ဘဝက ရွေးချယ်ခွင့်မရှိဘူးဆိုတာကို လက်မခံပါဘူး။ မိဘနဲ့ သားသမီး ကလွဲရင် ရွေးချယ်ခွင့်ဟာ နေရာတိုင်းမှာ သူ့အတိုင်းအတာနဲ့သူ ရှိတယ်လို့ ထင်ပါတယ်။

ဆင်းရဲ၊ ချမ်းသာ၊ ပြည့်စုံ၊ မပြည့်စုံ ဘယ်လိုမိဘမျိုးပဲ ဖြစ်နေပါစေ မိဘတိုင်းက မိဘဆိုတဲ့ဂုဏ်ကို ပိုင်ဆိုင်ကြသူချည်းပါပဲ။ မိဘဖြစ်ထိုက်သူချည်း ဖြစ်ပါတယ်။ ဒီနေရာမှာ မိဘဖြစ်ထိုက်သော်လည်း မိဘမပီသသူအချို့လည်းရှိကောင်း ရှိနိုင်ပါတယ်။ တစ်လောက မီဒီယာတွေထက်မှာ လမ်းဘေး၊ အမှိုက်ပုံ စတဲ့နေရာတွေမှာ ကလေးလေးတွေ ပစ်သွားတာလည်း လောလောလတ်လတ်ဖတ်မှတ်မိနေပါတယ်။ အားမတန်လို့မာန်လျှော့ပြီး ပစ်ပစ် ခါခါ လုပ်ကြလေသလားလို့လည်း ကရုဏာဒေါသော တွေးမိပါတယ်။

ငယ်ငယ်တုန်းကတော့ မိဘဆိုတာ သားသမီးတွေ ကြီးပြင်းအောင်ပြုစုပျိုးထောင်ရာမှာ နတ်ရေကန်ထဲချလိုက်တဲ့အလား သူတို့တွေ မြန်မြန်ဆန်ဆန် လူလားမြောက်ကြတယ်လို့ ထင်ခဲ့မိတယ်။ ဖဝါးလက်နှစ်လုံး၊ ပုခုံးလက်နှစ်သစ် အရွယ်ကတည်းက လူဖြစ်အောင် ကျွေးမွေးကြရတဲ့ကိစ္စကို သာမန်လုပ်ရိုးလုပ်စဉ်တစ်ခုလို့ ထင်ခဲ့မိတယ်။ ဒီလို သာမန်လုပ်ရိုးလုပ်စဉ်တွေကို တစ်နေ့ကျကိုယ်လည်း လိုက်လုပ်ရင်း ဖြစ်သွားမှာပါလို့ လွယ်လွယ်လေးတွေးခဲ့ဖူးတယ်။

**အချိန်က လူကိုပြောင်းလဲနိုင်စွမ်းရှိသလို အတွေ့အကြုံက ရင့်ကျက်မှုကို ဖြည့်ဆည်းပေးတယ်ဆိုတာ အမှန်တရားဖြစ်ပါတယ်။**

ပထမအရွယ်အလွန် ဒုတိယအရွယ်အစမှာပဲ မိဘဆိုတဲ့ ဂုဏ်ရည်ဟာ လွယ်လွယ်လေးနဲ့ရခဲ့တာ မဟုတ်ဘူးလို့ သိလာရပါတယ်။ မမွေးဖွားခင်ကတည်းက ဝမ်းထဲမှာရှိတဲ့ကလေးကို ပူမှာစပ်မှာ စိုးရိမ်ရတာ၊ လေထိုးလေအောင့်ဖြစ်မှာစိုးရိမ်ရတာ၊ အနေကျပ်တည်းမှာစိုးလို့ အစားတွေတနင့်တပိုး မစားရတာ၊ အလေးအပင်တွေမတာ ဆင်ခြင်ရတာစတဲ့ ဆောင်ရန် ရှောင်ရန်တွေကို မိရောဖပါ ဂရုတစိုက်နဲ့ ထဲထဲဝင်ဝင် လိုက်နာရပါတယ်။

အမိဝမ်းထဲက ကလေးမွေးဖွားပြီးနောက်မှာလည်း မှက်၊ ခြင်၊ ယင် မသန်းအောင်၊ ရောဂါဘယကင်းဝေးအောင် အချိန်ပြည့် အနီးကပ်ပြုစုစောင့်ရှောက် ရပါတယ်။ ဒီကြားထဲ အစားအသောက်ကို ချိုချဉ်ငံစပ်ရှောင်ကြသူတွေရှောင်ကြပါသေးတယ်။ ကလေးကို ပြုစုပျိုးထောင်ရင်း မိခင်၊ ဖခင်တိုင်းက ပထမအရွယ်က ပျိုမြစ်နုနယ်မှုတွေကို ချန်လှပ်ထားခဲ့ရပါတော့တယ်။

ဒုတိယအရွယ်ရဲ့အစကို ချင်းနင်းဝင်ရောက်ပြီး သားသမီးပွားစည်းပြီးတဲ့နောက်မှာ လုပ်ကိုင်ကြံစည်သမျှ ကိစ္စတိုင်းဟာ ချဉ်းကပ်ပုံ လုံးဝပြောင်းသွားပါတယ်။ သားသမီးရှေးရှု ဘဝဖြတ်သန်းနေ့ရက်တွေဆိုလည်း မမှားပါဘူး။ အနာဂတ်အတွက် ကြံစည်တဲ့ကိစ္စတိုင်းက ဘယ်မိဘမဆို သားသမီးကို ရှေးရှုစဉ်းစားကြရတာ ချည်းဖြစ်ပါတယ်။ သူတို့လေးတွေကို ပြုစုပျိုးထောင်ရင်း တစ်နေ့ကျရင် ဘယ်လိုလူမျိုးတွေဖြစ်လာမလဲလို့ စိတ်ကူးပုံဖော်ရတာလည်း မိဘတိုင်းရဲ့ မရိုးနိုင်တဲ့ အာသီသတစ်ခု ဖြစ်ပါတယ်။

ကိုယ်ဖြစ်စေချင်သလို ဖြစ်နိုင်စွမ်းရှိဖို့ ခက်ခဲလှတဲ့ လူ့ဘဝမှာ ကိုယ့်သားသမီးအပါအဝင် ဘယ်အရာကိုမှ ဖြစ်စေချင်တဲ့ဆန္ဒအတိုင်း ဖြစ်လာလိမ့်မယ်လို့ ပုံသေတွက်ထားလို့မရနိုင်ပါဘူး။ **ကိစ္စတိုင်းရဲ့ အောင်မြင်မှု၊ ကျရှုံးမှုတွေက မျှော်မှန်းထားသလို စင်းလုံးချောမဖြစ်ဘဲ ခွင့်လွှတ်သည်းခံရင်း နှစ်သိမ့်နှလုံးသွင်းရတဲ့အခါတွေလည်း ရှိနိုင်ပါတယ်။**

သားသမီးတိုင်းကို ထူးချွန်ထက်မြက် လိမ္မာယဉ်ကျေးပြီး ပြည့်စုံဖို့ မိဘတိုင်းက မျှော်မှန်းစိတ်ကူးကြပါတယ်။ ကိုယ်စိုက်ပျိုးတဲ့ အပင်ရဲ့ အဖူးအညွှန့်လေးကို ကိုယ်တိုင်ပဲခံစားသုံးဆောင်ရမှာပါ။

ထူးချွန်သားသမီးတွေဖြစ်အောင် ပုံဖော်စိုက်ပျိုးခဲ့တဲ့ မိဘတိုင်းကလည်း အခြေခံစိတ်ထားကတော့ အများထက်သာပြီးသား ဖြစ်ပါတယ်။ ကိုယ်တိုင်က မပြည့်စုံသော်လည်း ကိုယ့်ရင်သွေးကို စိတ်ခံယူချက်ကောင်း ကောင်းနဲ့ ဘဝတစ်ဆစ်ချိုး အလှည့်အပြောင်းတွေကို မှန်ကန်တည့်မတ်အောင် ထိန်းကျောင်းနိုင်တဲ့မိဘများလည်း ရှိကြပါတယ်။

တောမှာနေနေ၊ မြို့မှာနေနေ၊ အလှမ်းဝေးတဲ့ ကျောင်းတွေပဲ တက်နေနေ ထူးချွန်စိတ်ထားတဲ့ အောင်မြင်လာကြတဲ့ ကလေးတွေတွေ့ရတိုင်းသူတို့ မိဘတွေရဲ့ မှန်ကန်ဖြောင့်မတ်တဲ့ အသိပညာကို မွေးမြူပေးနိုင်တာနဲ့တင် အထင်ကြီးလေးစားမိပါတယ်။

အထောက်အပံ့တွေကောင်းလို့ မဟုတ်ဘဲ ကိုယ်တိုင်က ပြင်းပြတဲ့ခံယူချက်နဲ့ ကြိုးစားခဲ့ကြလို့အောင်မြင်မှုကို ပိုင်ဆိုင်ရသည့်တိုင် ပြင်းပြတဲ့ခံယူချက်ဆိုတာ မိဘရဲ့အထိန်းအကျောင်းနဲ့ ပဲ့ပြင်ဆုံးမမှုတွေကို အခြေခံတယ်ဆိုတာ ငြင်းလို့မရပါဘူး။ သားသမီးတွေကို လမ်းမှန်ရောက်အောင် ပဲ့ပြင်ရင်း ကိုယ့်လမ်းကို မှန်အောင်လျှောက်နိုင်လာရင် ကြည့်ရင်းပီတိဖြစ်ရတာ လည်း မိဘတွေသာ ဖြစ်ပါတယ်။

**မိဘဖြစ်သူတွေရဲ့ ဒုတိယအရွယ်ရဲ့ အကောင်းဆုံး အချိန်တွေမှာ မိမိကိုယ်တိုင် အကောင်းဆုံးလေ့ကျင့် နေထိုင်ရာကနေ မှန်ကန်ဖြောင့်မတ်တဲ့ သားသမီးတွေ ဖြစ်အောင် ပျိုးထောင်နိုင်တာပဲဖြစ်ပါတယ်။**

ကလေးတစ်ဦးချင်းစီရဲ့ အသိဉာဏ်၊ အလေ့အကျင့်၊ အပြုအမူ၊ ဒါတွေအားလုံးက အနီးဆုံးဆရာ၊ လက်ဦး ဆရာ ဖြစ်တဲ့မိဘဆီကသာ ဆင်းသက်လာခြင်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကို တုပမှားယွင်းတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ မိဘဆိုတဲ့ အထိန်းအသိမ်းက အဓိကကျတယ်ဆိုရင် လွန်မယ်မထင်ပါဘူး။

ကိုယ်တိုင်စိုက်ပျိုးပြီး အပင်လေးတွေ ရေရှည်ရပ်တည်နိုင်အောင်၊ စိမ်းစိုလန်းဆန်းနေအောင်၊ ကိုယ်မရှိလို့ တစ်ပင်တည်း ထီးထီးကျန်ခဲ့ရင်တောင် ရပ်တည် ရှင်သန်နိုင်စွမ်းရှိအောင် ပျိုးထောင်ကြရမှာ ဖြစ်ပါတယ်။

ခဏတာရေစက်ရှိလို့ကြုံရဆုံရတဲ့အခိုက်မှာကလေး ဘဝက ကျောင်းသားတာဝန်၊ သားသမီး တာဝန်တွေ ကျေပွန်စွာထမ်းဆောင်တတ်အောင်၊ မိဘတစ်ဖန်ပြန်ဖြစ် လာရင် မိဘတာဝန်ကျေပွန်အောင်၊ ဆရာဖြစ်လာရင် ဆရာတာဝန်၊ ဝန်ထမ်းဖြစ်လာရင် ဝန်ထမ်းတာဝန်၊ နိုင်ငံသားဖြစ်လာရင် နိုင်ငံသားတာဝန်တွေ ကျေပွန် အောင်ထမ်းဆောင်တတ်ဖို့ သွန်သင်လေ့ကျင့်ရမှာ ဖြစ်ပါတယ်။

ကလေးတစ်ယောက်ကိုပဲ့ပြင်ဖို့ မွေးစကနေ ခုနစ်နှစ်သာ အချိန်ယူဖို့ ဆိုကြပါတယ်။ ခုနစ်နှစ်ဆိုတဲ့ အရွယ်မတိုင်ခင်သာ ကလေးတွေကို လိုသလို ပုံသွင်းယူလို့ ရကောင်းသတဲ့။ ပညာရှာမှီးခြင်း၊ ပညာပြည့်ဝခြင်း၊ ပညာတတ်ခြင်းကသာ မှန်ကန်တဲ့ ဆင်ခြင်တုံတရားကို ဦးတည်စေမှာ ဖြစ်ပါတယ်။

သူတို့လေးတွေရဲ့ အရွယ်တွေကို ပညာနဲ့ ဖြည့်တင်းခြင်းကသာ အကောင်းဆုံးအမွေ ဖြစ်ပါတယ်။ မခိုးမဝှက်နိုင်တဲ့ ရတနာဖြစ်တဲ့ ပညာနဲ့သာ ပံ့ပိုးတတ်ကြဖို့ လိုပါတယ်။

**အရွယ်ဆိုတာ လွန်ဆန်လို့ရကောင်းတဲ့အရာ မဟုတ်ပါဘူး။ အရွယ်မတိုင်ခင် မကြွေလွင့်ဖို့နဲ့၊ ကြွေလွင့်သွားတဲ့အရွယ်လွန်ကာလကိုလည်း အလဟဿမဖြစ်ဖို့ အားလုံးမှာတာဝန်ရှိပါတယ်။**

အရွယ်နဲ့ပတ်သက်ရင် ချမ်းသာတဲ့ နိုင်ငံတွေက မက်လောက်တဲ့ ငွေကြေးလစာနဲ့ နုနယ်ပျိုမြစ်တဲ့ အရွယ်တွေကို လေ့ကျင့်ပျိုးထောင်ရင်း ဝယ်ကြတယ်။ ဆင်းရဲတဲ့နိုင်ငံတွေက လေ့ကျင့်ပျိုးထောင်ပေးတဲ့ ချမ်းသာတဲ့နိုင်ငံတွေကို နုနယ်ပျိုမြစ်မှုတွေ ရောင်းချရင်း ရင်းနှီးကြရတယ်။

ဒါတွေရဲ့ အကျိုးဆက်က ကိုယ့်နိုင်ငံကိုယ်ပြန်လာ တဲ့တစ်နေ့ လုပ်နိုင်စွမ်းတွေရှိတဲ့အရွယ်တွေ မကျန်တော့မှာကို ပူမိပါတယ်။ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ ပြည့်စုံခဲ့ပေမယ့် အရွယ်ကိုဇရာက စားသွားနိုင်ပါတယ်။ ဒါ့ကြောင့်လည်း ပြန်လာဖို့၊ တည်ဆောက်ဖို့၊ ရင်းနှီးဖို့၊ မြှုပ်နှံဖို့၊ ပေးမျှဝေဖို့ ကမ်းလင့်နေတယ်လို့ ထင်ပါတယ်။ ရေခံမြေခံ အခြေခံအဆောက်အအုံတွေနဲ့ အခြေအနေကောင်းတွေ မရှိသေးလို့၊ မပြည့်စုံသေးလို့ဆိုတာထက် ဒီလိုပြည့်စုံဖို့ ပါဝင်အားဖြည့်ကြမယ်ဆိုတဲ့ စိတ်ထားနဲ့ နိုင်ငံနဲ့လူမျိုးရဲ့ အနာဂတ်ကို ကိုယ်တိုင်ပါဝင်ထုဆစ်နိုင်ကြကြောင်းကိုလည်း လမ်းကြုံစကားပါးချင်ပါသေး တယ်။

တိုတောင်းလှတဲ့ လူ့ဘဝရဲ့ခဏတာအချိန်အတွင်းမှာအရွယ်တွေ တစ်ဆင့်ချင်း ပြောင်းလဲသွားတာ မကြာလိုက်ပါဘူး။ အရွယ်ဆိုတာ ဝယ်မရသလို၊ အရွယ်ရဲ့လှခြင်းတွေကိုလည်း ပြောင်းလဲရယူဖို့ မလွယ်ပါဘူး။ အရွယ်နဲ့အတူရလာတဲ့ ကြွေးဟောင်းတွေနဲ့ အရွယ်နဲ့အမျှပေးခဲ့ရတဲ့ ကြွေးသစ်တွေအကြား သဟဇာတဖြစ်အောင် နေထိုင်တတ်ဖို့ လိုပါတယ်။ အဝေးကို ပျံနိုင်တာ၊ အမြင့်ကိုပျံနိုင်တာ တစ်ဦးချင်းစီရဲ့ ပုဂ္ဂလိကအောင်မြင်မှုတွေပါ။ ဒီအောင်မြင်မှုတွေရဲ့ အလင်းရောင်ကိုလည်း အားလုံးအတွက် မမှောင်ခင် ဖြန့်ကြက်နိုင်ပါစေ. . . . . . . .

# ဘဝပြဿနာများကို ကျော်လွှားခြင်း

■ ဘာသာပြန် - ရဲရဲ (ပျဉ်းမနား)

ဘဝဆိုသည်မှာ မြောက်မြားစွာသော အစိတ်အပိုင်းများနှင့်ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ ဘဝ၏ အစိတ်အပိုင်းအတွင်းမှာ ဘဝ၏ တိုးတက်အောင်မြင်မှုရရန် ကျွန်တော်တို့တစ်တွေ ကြိုးပမ်းနေကြသည်။ ထိုသို့ ကြိုးပမ်းနေချိန် မမျှော်လင့်ဘဲ မှားယွင်းလွဲချော်မှု၊ စိတ်သောကရောက်မှု၊ ဝမ်းနည်းကြေကွဲမှု၊ ဆုံးရှုံးမှုစသည့်အခက်အခဲ ပြဿနာများ တွေ့ကြုံနိုင်သည်။ ကျွန်တော်တို့အားလုံး တွေ့ကြုံလာရသည့် အခက်အခဲ ပြဿနာများကို စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်စွာဖြင့် ကျော်လွှားနိုင်ရန် အရေးကြီးသည်။ သို့မှသာ ကျွန်တော်တို့ မျှော်မှန်းထားသည့် ဘဝခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

အခက်အခဲပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့လျှင် "အလျင်စလို ကမူးရှူးထိုး" လုပ်ဆောင်ရန်မလို။ အရင်ဦးဆုံးလေ့လာပါ။ ပြီးမှ လုပ်သင့်သည်ကို စိတ်အေးအေးထား၍ ဆက်လက်လုပ်ဆောင်ရမည်။ "အလျင်စလို ကမူးရှူးထိုး" လုပ်ဆောင်ခဲ့သဖြင့် သေလုနီးပါးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသော သာဓကတစ်ခုပြချင်ပါသည်။

နယူးဂျာစီပြည်နယ် ပါရာမတ်စ်မြို့ ဘာဂျင်နယ်အရေးပေါ်ဆေးသင်တန်းအဖွဲ့ဝင်များဖြစ်သည့် ပေါလ်အက်ပါလိန်းနှင့် သူ့အပေါင်းအဖော်များသည် အကျပ်အတည်းပြဿနာနှင့် ရင်ဆိုင်ခဲ့ရ၍ အလျင်စလိုဆောင်ရွက်ခဲ့သဖြင့် သေလုနီးပါးအန္တရာယ်နှင့် ကြုံခဲ့ရသည်။ တစ်နေ့ ပေါလ်အက်ပါလိန်းနှင့်အဖွဲ့သည် လေ့ကျင့်ရေးသင်တန်းဆင်းနေစဉ် ယာဉ်တိုက်မှုတစ်ခုနှင့် ပက်ပင်းတိုးရသည်။ ဖြစ်ပုံကို ပေါလ်အက်ပါလိန်းက ဤသို့ပြောပြသည်-

"ကျုပ်တို့အဖွဲ့ သင်တန်းဆင်းနေတုန်း ယာဉ်တိုက်မှုတစ်ခုနဲ့ ပက်ပင်းတွေ့မြင်ခဲ့ရတယ်။ ကျုပ်တို့က အရေးပေါ် လုပ်သင့်တာတွေအားလုံး စနစ်တကျလုပ်ကြတယ်။ သေသူတွေ၊ ဒဏ်ရာရရှိသူတွေကို ဆွဲထုတ်ပြီး လူနာတင်ကားပေါ် သေသေချာချာ တင်ပေးတယ်။ ကျုပ်တို့တစ်တွေ လုပ်ဆောင်မှုတစ်ခုပြီးတစ်ခု ဆောင်ရွက်နေချိန်မှာ ကျုပ်တို့သင်တန်းကြီးကြပ်ရေးမှူး ရောက်လာပြီး အနီးကပ်လေ့လာတယ်၊ ပြီးတော့သူကပြောတယ်။ 'မင်းတို့တစ်တွေ လုပ်ဆောင်မှုတော်တော်ကောင်းပါတယ်။ ဒါပေမယ့် မင်းတို့အားလုံး သေမသွားတာ ပိုပြီးကံကောင်းတယ်' လို့ ပြောပြီး ကျုပ်တို့အဖွဲ့ကို ကြီးကြပ်ရေးမှူးက တိုက်မိတဲ့ထရပ်ကားဘေးကို ခေါ်သွားပြီး ထရပ်ကားဘေးပေါင်မှာ ဓာတ်ကြိုးလိုင်း ပြတ်ကျနေတာကို ပြတယ်။ ပြီးတော့ 'ဒီဓာတ်ကြိုးက လျှပ်စစ်ဗို့အား ၁၀၀၀ ကျော်ရှိတယ်။ ဒါကြောင့် မင်းတို့တစ်တွေ ဘယ်လိုအန္တရာယ်ကြုံကြုံ အရင်ဦးဆုံး အခြေအနေကို လေ့လာပြီးမှ လုပ်စရာရှိတာ ဆက်လုပ်ပါ'လို့ဆိုပြီး အလျင်စလို ကမူးရှူးထိုး မလုပ်သင့်ကြောင်း ပြောပါတယ်။"

ကျွန်တော်တို့သည် ဤသို့ အခက်အခဲ ပြဿနာ အကျပ်အတည်းများနှင့် ရင်ဆိုင်ရသည့်အခါ အလျင်စလို မဆောင်ရွက်မိဖို့လိုသည်။ တစ်ကြိမ်တစ်ခါ မအောင်မြင်ပါက စိတ်ဓာတ်မကျဆင်းဘဲ ဆက်လက်ကြိုးစားသွားလျှင် မျှော်မှန်းထားသည့် ပန်းတိုင်ကိုအောင်မြင်စွာ ရောက်ရှိနိုင်မည်။ ပြဿနာများ၊ အမှုအခင်းများ ကြုံတွေ့လာလျှင် များသောအားဖြင့် လက်သည်မပေါ်ဘဲ အဖြစ်မှန်ကို ဖုံးကွယ်တတ်ကြသည်။ လိမ်ညာပြောဆိုတတ်ကြသည်။ ဤသို့ ဖုံးကွယ်ထားခြင်းသည် ကိုယ်ကျင့်တရားပျက်ရာ ရောက်သည်။

ပြဿနာတစ်ခုနှင့်ကြုံလျှင် အမှန်အတိုင်းဝန်ခံလုပ်ဆောင်ခြင်းသည် ပြဿနာတစ်ခုတည်းကိုသာ ဖြေရှင်းရမည်ဖြစ်ပြီး အမှန်အတိုင်းဝန်မခံဘဲ ဖုံးကွယ်ထားလျှင် ပြဿနာနှစ်ခု ဖြေရှင်းရပေမည်။

လွန်ခဲ့သောနှစ်များက "ဆော်လမွန်ဘရားသား ရင်းနှီးမြှုပ်နှံမှု" လုပ်ငန်းရှင်နှင့် အမှုထမ်းများသည် ဘဏ္ဍာရေးလေလံတစ်ခု၌ တံစိုးလက်ဆောင်လက်ခံကြသည်။ ဤကိစ္စကို ထိပ်တန်းအာဏာပိုင်အုပ်ချုပ်ရေးအဖွဲ့က သိရှိခြင်းမရှိပေ။ နောက်ဆုံးအဖြေမှန်ပေါ်လာသည့်အခါ ကုမ္ပဏီမှာ အကြီးအကျယ်သိက္ခာကျရသည်။ အထက်တန်းအရာရှိများ အလုပ်ဖြုတ်ခံရသည်။ ဤသည်မှာ အမှန်တရားကို ဖုံးကွယ်ထားခြင်းအတွက် ခံစားရသောပြစ်ဒဏ် ဖြစ်သည်။

အမှားတစ်ခုအတွက် အမှန်အတိုင်းဝန်ခံပြောဆိုခြင်းသည် အခံရခက်သော်လည်း အကောင်းဆုံးဖြေရှင်းနည်းတစ်ခု ဖြစ်သည်။ "အလုပ်ပြုတ်ခြင်း၊ တရားစွဲဆိုခံရခြင်းသည် တိုက်ပွဲတစ်ပွဲ ရှုံးခြင်းနှင့်တူသည်" ဟု ကတ်ချွမ်းအတိုင်ပင်ခံလုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌ "ရောဘ်ဖလာဟာတီ" ဆိုသူက ပြောဆိုသည်။

နယူးယောက်မြို့ "တောင်တော်ဆီးနိုင်း"ဆေးရုံရှိ စိတ်ရောဂါကုဌာနမှ ပါမောက္ခ "ဒေါက်တာ ဆီးမောရိုဆင်ဘလက်" က "အခက်အခဲပြဿနာ ဘယ်လောက်ကြီးကြီး ဒါဟာ ငါ့အတွက် အခွင့်အရေးကြီးတစ်ခုလို့ပဲ စိတ်ထဲမှာ စွဲမှတ်ပါ။ တကယ်လို့ မအောင်မြင်ဘဲဆုံးရှုံးသွားရင် ခံစားရတဲ့ အတွေ့အကြုံတွေကြောင့် အသိအမြင်ကြွယ်ဝတဲ့ လူတစ်ယောက်ဖြစ်လာနိုင်ပါတယ်။ အဲဒီအခက်အခဲကို ကျော်လွှားနိုင်ခဲ့ရင် ကိုယ့်ဘဝရဲ့ အကြီးဆုံးအောင်ပွဲရပြီ"ဟု ပြောဆိုသည်။

ကျွန်တော်တို့တစ်တွေ အကျပ်အတည်းအခက်အခဲများနှင့် ကြုံတွေ့လာလျှင် ပြဿနာကို အရင်ဦးဆုံး လေ့လာပါ၊ စူးစမ်းပါ၊ ပြီးမှ လုပ်စရာရှိသည်ကို စိတ်ဓာတ်တည်ငြိမ်စွာဖြင့် ပြီးပြတ်အောင် ထိထိရောက်ရောက် ဆောင်ရွက်ပါ။ "အလျင်စလို ကမူးရှူးထိုး" မလုပ်မိပါစေနှင့်။ မည်သို့ပင် အခြေအနေဆိုးနေပါစေ အမှန်အတိုင်းဝန်ခံပြီး ရဲဝံ့စွာ ဆောင်ရွက်လုပ်ကိုင်ပါ။ သို့မှသာ ကျွန်တော်တို့သည်အကျပ်အတည်းပြဿနာများကို ကျော်လွှား၍ မျှော်မှန်းထားသည့်ဘဝခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်မည် မဟုတ်ပါလား။

Ref;- Control your Crisis by Reynolds Dodson.

# ဟသ်ပဒါး နှင့် ရွှေ

ဆူးငှက်

**'ဟသ်ပဒါး'** ဆိုတာ ဟသ်ာ၏ ခြေအဆင်းကဲ့သို့ နီသော အရောင်ခြယ်ဆေးမှုန့်တစ်မျိုးလို့ မြန်မာ အဘိဓာန် ကဆိုပါတယ်။ ဟင်းရိုင်းမှ ထုတ်လုပ်ရရှိသည့် ပြဒါးနှင့်ကန့်ဒြပ်ပေါင်း ဖြစ်တယ်လို့လည်း အဓိပ္ပာယ်ဖွင့်ဆိုတယ်။ ဟသ်ပဒါးဟာ 'မြန်မာမှု' မှာ မပါမဖြစ်ပစ္စည်းပါပဲ။ ယွန်းထည်တွေကအစ မှန်စီရွှေချနိဗ္ဗာန်ကုန်များအလယ်၊ နန်းတော်၊ အိမ်တော်၊ ဘုန်းကြီးကျောင်း၊ ဘုရားဆောင်ကြီးများအထိ ဟသ်ပဒါးကို သုံးကြရပါတယ်။

**မြန်မာလူမျိုးတွေက 'ရွှေ'ကို တန်ဖိုးထားကြတယ်။ အဖိုးတန်မှုကို ညွှန်းဆိုရင်မှပင် 'ရွှေ'နဲ့ထပ်ပြီး ဂုဏ်တင်ကြတယ်။ မန္တလေးကို 'ရွှေမန်း' တဲ့။ ရန်ကုန်ကို 'ရွှေဂုန်'တဲ့။ မော်လမြိုင်ကို 'ရွှေမြိုင်'တဲ့ ... စသည်ဖြင့်ပေါ့ ...။ မြန်မာမှုမှာ ရွှေနှင့်ဟသ်ပဒါးက လိုက်ဖက်ပါတယ်။ ဂုဏ်ဒြပ်အမြင့်ဆုံး တော်ဝင်တွဲဖက်အရောင်အဖြစ် မှတ်ယူကြပါတယ်။ ပန်းဆယ်မျိုး အနုပညာများမှာ ဂုဏ်ဒြပ်အားဖြင့် အမွှမ်းတင်ချင်ရင် ဟသ်ပဒါးနှင့်ရွှေကို တွဲဖက်ကြတယ်။ ရွှေဇဝါယွန်းပန်းချီများမှာ အထင်အရှားပါပဲ။**

ဂုဏ်ဒြပ်မြင့်မားမှု၊ ထည်ဝါမှု၊ တည်ငြိမ်ခံ့ညားမှုများအဖြစ် ဟသ်ပဒါးခံမှာ ရွှေပိန်းချမှုဟာ အစဉ်အလာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်တယ်။ မန္တလေးရတနာပုံ နေပြည်တော်ကို သတ္တဌာနနှင့် တည်ထောင်တော်မူရာမှာ ရွှေမြို့တော်အဖြစ် နန်းဆောင်ပေါင်း ၄၈ ဆောင် တည်ဆောက်ကြတော့ အလေးအမြတ်ပြုအပ်ဆုံး နန်းဆောင်ကို ရွှေပိန်းချတယ်။ ဥပမာ- မြေနန်းတော် လက်ဝဲလက်ယာ၊ ရှေ့စမုတ်ဆောင်၊ ဓနုဆောင်၊ ရွှေနန်းတော်ဆောင် (ယခု- ရွှေနန်းတော်ကျောင်း). . . စတာတွေပေါ့။

ပြီးတော့ ဒုတိယအဆင့် နန်းဆောင်တွေကို ဟသ်ပဒါးအနီခံ မှာ ရွှေရောင်ရေးခြယ်တယ်။ ဥပမာ- ဂဇာသနပလ္လင်တော်ထားရှိတဲ့ ပြဲတိုက်ဆောင်၊ ဟံသာသနပလ္လင်တော်ထားရှိတဲ့ ဇေတဝန်ဆောင်၊ သင်္ခါသနပလ္လင်ထားရှိတဲ့ လေသာ ဆောင်လိုမျိုးပေါ့။ တတိယအဆင့်အနေဖြင့် ဟသ်ပဒါး အနီပိန်းခြယ်သတဲ့ အဆောင်တွေရှိတယ်။ ဥပမာ- မြောက်ဆောင်တော် မိဖုရားဆောင်၊ သမီးတော်များ အဆောင်၊ မိဖုရားလတ်ဆောင်များ တွေပေါ့။

**ရှင်ဘုရင်နှင့် မိဖုရားများ ကုသိုလ်တော်ဘုန်းကြီးကျောင်းတိုက်ကြီးတွေကိုလည်း ရွှေပိန်းချလှူဒါန်းတယ်။ အထူးသဖြင့် ဘုန်းကြီးကျောင်းများရဲ့ ဘုရားဆောင်ပြာသာဒ်အတွင်းပိုင်း၊ စနုဆောင်အတွင်းပိုင်းတွေမှာ ရွှေပိန်းချတွေချည်းဖြစ်တယ်။ ဒါ့အပြင် ဘုရားစေတီ ဆင်းတုတော် များက ဂန္ဓကုဋိတိုက်တော်၊ ကျောင်းဆောင်ဘုရား ဆောင် များမှာလည်း ရွှေပိန်းချ၊ ရွှေဇဝါပန်းချီ ကနုတ်ဇာတ်တော်များနှင့် ရေးခြယ် ပူဇော်ကြပါတယ်။ ဒါကြောင့်အထွတ်အမြတ်ထားတဲ့ နေရာတိုင်း 'ရွှေ' ကို ဖောဖောသီသီ သုံးစွဲကြတာပါပဲ။ ရွှေကို သုံးစွဲတဲ့ နေရာတိုင်း မပါမဖြစ်က 'ဟသ်ပဒါး' ဖြစ်တယ်။ ဟသ်ပဒါးရဲ့ ထူးခြားတဲ့ နီညိုရောင်နဲ့ ရွှေရဲ့ . ဝါဝင်းတဲ့ အဆင်းတွေဟာ ယှဉ်မရ၊ တုမရတဲ့ တွဲဖက်မှုတွေပါ။ ရွှေပိန်းချအဆောင်ကြီးများ၊ တိုင်လုံးကြီးများအောက်ခြေမှာ ဟသ်ပဒါးနီညိုခံရတယ်။ ဒါဟာ 'မြန်မာမှု'ရဲ့ အဓိကကျတဲ့ တွဲဖက်မှုဖြစ်တယ်။ ဘုရားဂန္ဓကုဋိတိုက်တော်တွေ၊ ဘုန်းကြီးကျောင်းကြီးများရဲ့ အဆောင်တွေက ကျွန်းတိုင်လုံးကြီးတွေမှာ အောက်ခြေအနည်းဆုံး နှစ်တောင် (သုံးပေခန့်) ကို ဟသ်ပဒါးနီညိုရောင် အိနေအောင်ခံပြီးမှအပေါ်က ရွှေပိန်းချဖြစ်စေ၊ ရွှေဇဝါပန်းချီဖြစ်စေ ခြယ်မှုန်းကြပါတယ်။ ဒါဟာ မြန်မာမှုစစ်စစ်ပါပဲ။**



မန္တလေးမြို့သာမက မြန်မာတစ်မျိုးသားလုံးရဲ့ အထွတ်အမြတ် တန်ဖိုးအထားဆုံးတွေမှာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးလည်း ပါဝင်ပါတယ်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဟာ သမိုင်းအရလည်း အလွန်တန်ဖိုး ကြီးမားပါတယ်။ ခရစ်မပေါ်မီ ဘီစီ ၅၄၃ မတိုင်မီ နှစ်များကတည်းက သွန်းလုပ်ခဲ့ပြီး ဓညဝတီမင်းအဆက်ဆက် ကိုးကွယ်ခဲ့တယ်လို့ ယုံကြည်ကြပါတယ်။ အမရပူရနေပြည်တော်မှာ ဘိုးတော်မင်းတရားစိုးစံစဉ် မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်မှာ သားတော် အိမ်ရှေ့ဥပရာဇာရွှေတော်မင်းသားက ဓညဝတီ ရခိုင်ပြည်ကတစ်ဆင့် အမရပူရနေပြည်တော်ကို ပင့်ဆောင်ခဲ့တာပါ။ ပင့်ဆောင်တဲ့နှစ်က တွက်ရင်ကိုပဲ အခုဆိုရင် နှစ်ပေါင်း ၂၃၀ တင်းတင်းပြည့်ပါပြီ။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ဧရာဝတီမြစ်ကြောင်း ရေလမ်းကပင့်လာပြီး အမရပူရ နေပြည်တော်ရဲ့ မြောက်ပြင်အရပ် မြေပြင်သွင်ပြင် ပြံ့ပျူးသော ယခုလက်ရှိနေရာမှာ တည်ထားကိုးကွယ်ခဲ့ပါတယ်။ အဲဒီခေတ်ကာလ အမရပူရရဲ့မြောက်ပြင်အရပ်ဟာ ယခုမန္တလေး ရွှေတိုးတံတားအထိ ပါရှိခဲ့တယ်။ (အမရပူရရဲ့ ရွှေကြိုး သတ်နယ်မြေက အရှေ့အောင်ပင်လယ်၊ အရှေ့တောင် ရွှေစာရံ၊ တောင်ပလိပ်ရွာ၊ အနောက်တောင်တဘက်ဆွဲ၊ အနောက်မြောက် စစ်ကိုင်းနယ်၊ မြောက်-တောင်ကျုံးကြီးနှင့် အရှေ့မြောက်ဘက် သက်ကယ်ကျင်းအထိ ကျယ်ဝန်းတယ်။) အမရပူရ မြောက်ပြင် ရှမ်းစုရပ်မှာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး သီတင်းသုံးဖို့နေရာကို အတွင်းဝန်နန္ဒကျော်ထင်ရဲ့ လျှောက်ထားချက်အရ မောင်းထောင်ဆရာတော်က ရွေးချယ်ပေးခဲ့တာပါ။

ဘိုးတော်ဘုရား လက်ထက်မှာ စတင်တည်ထား ကိုးကွယ်ခဲ့တဲ့ ဂန္ဓကုဋိတိုက်တော်က မသမာသူများနဲ့ သဘာဝဘေး အကာအကွယ်အတွက် ရုပ်ရှင်တော်မြတ်ကြီး ငုံမိရုံထူထဲသောနံရံနှင့် အုတ်ပြာသာဒ်ငယ်ဖြစ်ပြီးအပေါ်က ကျွန်းပြာသာဒ်ကြီး တည်ထားတယ်လို့ ဆိုပါတယ်။ ရုပ်ရှင်တော်မြတ်ကြီး လက်ရှိနေရာကို ရောက်ရှိပြီး နှစ် (၁၀၀) တင်းတင်းပြည့်တဲ့ အချိန် သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၅ ခု တန်ခူးလဆန်း ၁၃ ရက်နေ့မှာ မီးကြီးလောင်လို့ စောင်းတန်းလေးသွယ်နှင့် ပြာသာဒ်တော်ကြီးပါ မီးခလို့ ရုပ်ရှင်တော်မြတ်ကြီးက မီးကျတဲ့ရွှေချိန်ဟာ ပိဿာ ၅၄၅၀ ကျော် ရှိသတဲ့။ ဒါကြောင့် သီပေါမင်းက မီးကျရွှေများ ပြန်လည်ကပ်လှူ မျက်နှာတော် ဖွင့်ပြီး ရွှေမကိုဋ်၊ ဒုယင်တော်တို့ တင်လှူပူဇော်ကာ အာရုံခံနှင့်ပြာသာဒ်များ ပြန်လည်ဆောက်လုပ် လှူဒါန်းခဲ့တယ်။

ပါတော်မူပြီးနောက် သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်မှာတော့ ယခုမြင်တွေ့နေရတဲ့ ဂန္ဓကုဋိ တိုက်တော်နဲ့ အုတ်ပြာသာဒ်ကြီးကို အနာထပိဏ်မည်သော ဂဟပတိသူမြတ်က လှူဒါန်းခဲ့ ခြင်းပါ။ အုတ်ပြာသာဒ်တော်ကြီး သက်တမ်းက အခုဆိုရင် ၁၁၆ နှစ် ရှိပါပြီ။ အုတ်ပြာသာဒ်တော်ကြီးရဲ့ အတွင်းပိုင်းအလုံးစုံကို ရွှေပိန်းချခြင်း၊ ရွှေဇဝါပန်းချီ ရေးခြယ်ခြင်း၊ မြန်မာ့လက်မှု ဖန်ကျီပွတ်လုံးများ ဆင်ယင်ခြင်းနှင့် ထည်ဝါခမ်းနားစွာ လှူဒါန်းခဲ့ပါ တယ်။ ဒီလို ရွှေပိန်းချ၊ ရွှေဇဝါရေးခြယ်တဲ့ နံရံများ၊ တိုင်လုံးများအောက်ခြေမှာ မြန်မာ့ယဉ်ကျေးမှု၊ ရှေးရိုးအစဉ်အလာအတိုင်း ဟသ်ပဒါးနီညိုရောင်များ သပ်ရပ်စွာရေးခြယ်ထားခဲ့ပါတယ်။ ဒါဟာ ရှေးသမားစဉ်အဆက်ဆက် ဆောင်ရွက်ခဲ့တဲ့ နည်းနာများအတိုင်း အမွေခံခဲ့ခြင်းပါပဲ။

**ဒီအစဉ်အလာကောင်းကို လွန်ခဲ့တဲ့ဆယ်စုနှစ်များအတွင်းကစပြီး မူလဟသ်ပဒါး နီညိုရောင်များနေရာမှာ အိမ်သာရေချိုးခန်း၊ ကြမ်းပြင်အခင်းသုံး၊ ကြွေပြားနီညိုများနှင့် လဲလှယ်လိုက်ပြန်ပါတယ်။ ဒါဟာ ယဉ်ကျေးမှု၊ ဂါရဝတရားနှင့် မြင့်မြတ်ခြင်းဂုဏ်ပုဒ်တွေကို ဖျက်ဆီးလိုက်တာပါပဲ။**

ဟော. . . အခု. . အဲဒီကြွေပြားအညိုတွေ နေရာမှာ အတိုအထွာကျောက်စိမ်းပြားတွေ အစားထိုးကပ်နေပြန်ပြီတဲ့. . .။ နှစ်ပေါင်း ၂၅၀၀ ကျော် သက်တမ်းရှိ ရုပ်ရှင်တော်မြတ်ကြီး၊ နှစ်ပေါင်း ၂၀၀ ကျော်သက်တမ်းရှိ လက်ရှိနေရာတွင် တည်ထားစံပယ်တော်မူခြင်းနှင့် နှစ်ပေါင်း ၁၁၆ နှစ်သက်တမ်းရှိ ဂန္ဓကုဋိတိုက်တော်ကြီးရဲ့ တန်ဖိုးတွေကို တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စည်းရဲ့ ဆုံးဖြတ်ချက်နဲ့ ဖျက်ဆီးပစ်လိုက်ပြန်တာပဲ မဟုတ်ပါလား. . .။

'ဟသ်ပဒါးနှင့်ရွှေ' မြန်မာမှုအစဉ်အလာကို ပညာမဲ့စွာရိုက်ချိုးပစ်လိုက်ကြတာပဲမဟုတ်ပါလား. . .။

ဒီလို လက်လွတ်စပယ် ဆောင်ရွက်နေမှုအပေါ် ဘယ်သူတွေမှ မတားဆီးကြတော့ဘူးလား. . .။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဟာ. . . ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အားလုံးရဲ့ အထွတ်အမြတ်နေရာသာမက ဂန္ဓကုဋိတိုက်တော်ကြီးနဲ့ ကျောင်းတော်ကြီးဝန်းကျင် သာသနိကအဆောက်အအုံများ အားလုံးဟာ ဘာသာရေးအရရော၊ ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းလက်ရာ၊ ဂုဏ်ယူစံပြဖြစ်ဖွယ် မြန်မာမှုလက်ရာအနေနှင့်ရော ဂရုတစိုက်အလေးထားကြရမှာပါ။ အခုတော့. . .။

# ရေစကြိုမြို့နယ် ကန်ဒေါင့်ရွာမှ မဟာဇမ္ဗူကျော်လှေကြီး

■ အိမွန်ဆွေ



**ရေစကြို ဇူလိုင် ၂၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကန်ဒေါင့်ကျေးရွာ ရေစကြိုမြို့နယ်အတွင်းရှိ လောင်းလှေများထဲတွင် အကြီးမားဆုံးလှေတစ်စင်းအား ထိန်းသိမ်းထားရှိသည်ဟုသိရသည်။ ကန်ဒေါင့်ကျေးရွာ မြရတနာဘုန်းတော်ကြီးကျောင်းတိုက်တွင် လှေဦးထိပ်မှ ပဲ့ထိပ်ထိ လှေ၏ အရှည် ၁၀၅ပေ၊ လှေဝမ်းအကျယ် သုံးပေခွဲခန့်ကျယ်သော လူ ၅၆ ဦးခန့်စီးနိုင်သည့် မဟာဇမ္ဗူကျော်အမည်ရှိလောင်းလှေကြီးကို ကျောင်းထိုင်ဆရာတော် ဦးကေလာသက ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု ဦးကျော်မြင့်သိန်းက ပြောပြသည်။

"မဟာဇမ္ဗူကျော်လှေကြီးက ဦးတို့ငယ်ငယ်ကတည်းကရှိခဲ့တာပါ ဦးအသက်တောင် ၆၀ကျော်ပြီဆိုတော့ လှေကြီးသက်တမ်းကလည်း အနှစ် ၆၀ကျော်လောက်တော့ရှိလောက်ပြီ"ဟု ကန်ဒေါင့်ကျေးရွာမှ ဦးကျော်မြင့်သိန်းနှင့် ကျေးရွာမှ ဦးကြီးများက ပြောပြသည်။

မဟာဇမ္ဗူကျော်လှေကြီးသည် အရှည်၁၀၅ပေရှိပြီး အကျယ် သုံးပေခွဲခန့်ကျယ်သော ကျွန်းသစ်တစ်လုံးတည်း ထွင်းလောင်းလှေတစ်စင်းဖြစ်ရာ ယနေ့ခေတ် ကာလအနေဖြင့် ထိုမျှကြီးမားသည့် တစ်လုံးတည်းကျွန်းသစ်ရရှိနိုင်ရန်မှာ တန်ဖိုးကြီးမား၍ ရှားပါးသောအချိန်ကာလသို့ရောက်ရှိနေပြီဖြစ်သဖြင့် ကန်ဒေါင့်ကျေးရွာ မြရတနာဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော် ဦးကေလာသက လှေကြီးအား မပျက်စီးမပျောက်ပျက်စေရန်အမိုးအကာအောက်တွင်လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။ ထို့အတူ ကန်ဒေါင့်ကျေးရွာ သာသနာ့ဇောတိကာရုံဘုန်းတော်ကြီးကျောင်းတိုက်တွင်လည်း မဟာဇမ္ဗူကျော် လှေကြီးထက် ၁၀တောင် ခန့်ငယ်သော မင်္ဂလာဇော်မင်းအောင် အမည်ရှိ ကျွန်းသစ်တစ်လုံးတည်းထွင်းလှေတစ်စင်းအားလည်း ကျောင်းထိုင်ဆရာတော် ဦးသုဇာတက ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု သိရသည်။

နိုင်ငံတကာရေးရာသုံးသပ်ချက်




# မလက္ကာရေလက်ကြား၌ သောင်းကျန်းနေသည့် ပင်လယ်ဓားပြများအရေး

ထွန်းတောက်



**အဓိကကုန်သွယ်ရေကြောင်းလမ်း**

မလေးရှား၊ စင်ကာပူနှင့်အင်ဒိုနီးရှားနိုင်ငံတို့၏ သုံးပွင့်ဆိုင် ဗဟိုအချက်အချာ၌ တည်ရှိသည့် မလက္ကာရေလက်ကြားသည် အာရှနိုင်ငံများအတွက် အဓိကကုန်သွယ် ရေကြောင်းလမ်းလည်းဖြစ်သည်။

ထိုကဲ့သို့ ပထဝီအနေအထားအရ အရေးပါသည့်ကုန်သွယ်ရေကြောင်းလမ်းတွင် လုံခြုံရေးလျော့နည်းမှုကြောင့် ပင်လယ်ဓားပြများ သောင်းကျန်းလာသည့်အတွက် သက်ဆိုင်ရာနိုင်ငံများ၏ နစ်နာဆုံးရှုံးမှုမှာ အလွန်ကြီးမားလှသည်ဟု လေ့လာသူများက ဆိုသည်။

လွန်ခဲ့သည့် ဇွန်လ ၁၁ ရက်နေ့၌ ရေနံတန်ချိန် ၆၀၀၀ တင်ဆောင်လာသည့် မလေးရှားပိုင်ရေနံတင်သင်္ဘော "Orkim Harmony" သည် ခရီးစဉ်ပြီးဆုံးခါနီး မလက္ကာမြို့၏အရှေ့ဘက်ကွန်တန်ဆိပ်ကမ်းအနီး ရောက်ရှိလာချိန်တွင် ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲခံရကာ ကမ္ဘောဒီးယားနိုင်ငံဘက်ဆီသို့ ဦးတည်ခုတ်မောင်းသွားစေခဲ့သည်။ ပင်လယ်ဓားပြများသည် ရေနံတင်သင်္ဘော၏အမည်ကို Kim Harmon ဟု ပြောင်းလဲတပ်ဆင်ခဲ့သည်။

ပင်လယ်ဓားပြများ၏ ရည်ရွယ်ချက်မှာ ဈေးကွက်ပေါက်ဈေးအရ ဒေါ်လာ ငါးသန်းတန်သည့် ရေနံတန်ချိန် ၆၀၀၀ ကိုထုတ်ယူရောင်းချရန်ဖြစ်သည်ဟု သိရသည်။ နောက်ပိုင်းတွင် ဗီယက်နမ်ကင်းလှည့်သင်္ဘောများနှင့် ထောက်လှမ်းရေး လေယာဉ်များက ရှာဖွေတွေ့ရှိသွားခဲ့ပြီးနောက်တွင် ပင်လယ်ဓားပြများကို ဖမ်းဆီးနိုင်ခဲ့သည်။

အရှေ့တောင်အာရှဒေသ ပင်လယ်ပြင်များတွင် အဓိကကုန်သွယ်ရေးလမ်းကြောင်း မလက္ကာရေလက်ကြားအနီး၌ မကြာခဏပင် ပင်လယ်ဓားပြများက အကြမ်းဖက်တိုက်ခိုက်လုယက်ပြန်ပေးဆွဲမှုကိုခံနေရသော ကုန်သွယ်သင်္ဘောများမှာ အရေအတွက် မနည်းလှတော့ပေ။

ကျဉ်းမြောင်းသော မလက္ကာရေလက်ကြားသည် ကမ္ဘာ့သင်္ဘောစုစုပေါင်း၏ သုံးပုံတစ်ပုံနေ့စဉ်ဖြတ်သန်းနေသော ရေလမ်းကြောင်းလည်းဖြစ်သည်။ ၂၀၁၄ ခုနှစ် တစ်နှစ်တည်းမှာပင် မလက္ကာရေလက်ကြားအနီး၌ သင်္ဘောပြန်ပေးဆွဲခံရမှု ၁၅ ကြိမ်မျှဖြစ်ပွားခဲ့သည်ဟု အကြိမ်ရေ မြင့်တက်လာမှုကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှု ဗျူရိုကသတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ခြောက်လအတွင်း သင်္ဘောပြန်ပေးဆွဲမှု ကိုးကြိမ်မျှဖြစ်ပွားခဲ့ရာ ဤဖြစ်ရပ်သည် ဆိပ်ကမ်းများတွင် ခိုးဝှက်မှုများပြုလုပ်ရာမှ တစ်ဆင့်ပင်လယ်ပြင်အတွင်း ဓားပြတိုက်မှုများ လက်ရဲဇက်ရဲပြုလုပ်လာခြင်းဖြစ်သည်ဟု ဒေသတွင်းနိုင်ငံများမှ ထောက်လှမ်းရေးအေဂျင်စီများက ဝေဖန်ပြောဆိုသည်။

**ဆိုမာလီပင်လယ်ဓားပြမှုလျော့ကျ**

ယခင်က အာဖရိကဒေသ ဆိုမာလီယာကမ်းလွန်တွင် ပင်လယ်ဓားပြသောင်းကျန်းမှုရှိခဲ့ရာ နိုင်ငံတကာအဖွဲ့ကြီး၏နှိမ်နင်းမှုကြောင့် ယခုအခါလျော့ကျချုပ်ငြိမ်းသွားပြီဟု ဆိုနိုင်သော်လည်း အရှေ့တောင်အာရှဒေသတွင် ပင်လယ်ဓားပြများ ထကြွသောင်းကျန်းလာမှုက ကမ္ဘာ့ကုန်သွယ် ရေကြောင်းသွားလာမှုအပေါ် ကြီးစွာသော အန္တရာယ်ကျရောက်လာနေပြီဖြစ်သည်။

လွန်ခဲ့သည့် ၁၀ နှစ်က အရှေ့တောင်အာရှပင်လယ်ပြင်တွင် ပင်လယ်ဓားပြရန် ပျောက်ကွယ်နေခဲ့ခြင်းမှာ ဒေသတွင်းနိုင်ငံများမှ ရေတပ်သင်္ဘောများ ပူးတွဲကာ မလက္ကာရေလက်ကြားနှင့် မလေးရှားအနောက်တောင်ဘက်ပင်လယ်များတွင် ကင်းလှည့်စောင့်ကြပ်ပေးခဲ့၍ ဖြစ်သည်။

ယနေ့အချိန်၌ ပင်လယ်ဓားပြများ ကျက်စားလှုပ်ရှားနေသောဒေသမှာ မလေးရှားနိုင်ငံ၏အရှေ့ဘက်ရှိ စင်ကာပူနိုင်ငံနှင့် မနီးမဝေးတောင်တရုတ်ပင်လယ်၏ လူသူအရောက်အပေါက်နည်းသည့် အနောက်တောင်ထောင့်တွင်ဖြစ်သည်။

ဆိုမာလီပင်လယ်ဓားပြများသည် သင်္ဘောသားများကို ပြန်ပေးဆွဲ၍ ဒေါ်လာသန်းချီသော ပြန်ရွေးငွေများကိုတောင်းယူလေ့ရှိသည်။ မလက္ကာပင်လယ်ဓားပြများမှာ အထူးသဖြင့် နှေးကွေးသောဆီတင်သင်္ဘောများကို ပြန်ပေးဆွဲ၍ သင်္ဘောပေါ်တွင် တင်ဆောင်လာသည့် ရေနံများ၊ စားအုန်းဆီများ၊ ဓာတုပစ္စည်းများ၊ ငွေကြေး၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ကွန်ပျူတာများစသည်တို့ကို လုယက်ယူငင်ကာသင်္ဘောသားများကို ပြန်လွှတ်ပေးလေ့ရှိသည်ဟု သိရှိရသည်။

သို့သော်မကြာမီက စစ်တမ်းကောက်ယူချက်အရ မလက္ကာရေလက်ကြားတွင် ဝင်ထွက်သွားလာနေသည့် သင်္ဘော ၁၂၀၀၀ အနက်သင်္ဘော အရေအတွက် ၈၀ ခန့်ကိုသာ ဓားပြတိုက်ခိုက်ကြခြင်းဖြစ်သည်ဟု သိရှိရသည်။

ဓားရှည်များ၊ ပစ္စတိုသေနတ်များကိုသာ ကိုင်ဆောင်လေ့ရှိသည့် ပင်လယ်ဓားပြများသည် ယခုထက်ပို၍လက်ရဲဇက်ရဲဖြင့် မောင်းပြန် သေနတ်များကို ကိုင်ဆောင်ကာ ဓားပြတိုက် အကြမ်းဖက်သတ်ဖြတ်လာနိုင်မှုကို ကုန်သွယ်ရေကြောင်းသင်္ဘောကုမ္ပဏီများက စိုးရိမ်ပူပန်နေကြသည်။

လွန်ခဲ့သည့်ဒီဇင်ဘာလ၌ ပင်လယ်ဓားပြများက ဗီယက်နမ်သင်္ဘောသားတစ်ဦး၏ ဦးခေါင်းကိုသေနတ်ဖြင့် ပစ်ခတ်ခဲ့ကြသည်။ ပို၍စိုးရိမ်စရာကောင်းသော အချက်မှာ သင်္ဘောအာမခံကုမ္ပဏီများသည် မလက္ကာရေလက်ကြားဒေသမလုံခြုံမှုကို အခွင့်ကောင်းယူကာ ရေလက်ကြားတွင်ဖြတ်သန်းသွားလာနေသည့်သင်္ဘောကုမ္ပဏီများထံမှ အာမခံပရီမီယံကြေးကို ပိုမိုတိုးမြှင့်ကောက်ခံလာနိုင်မှုပင်ဖြစ်သည်ဟု လေ့လာသူတို့က ဆိုသည်။

၂၀၀၅ ခုနှစ်၌ အာမခံကုမ္ပဏီသည်ရေလက်ကြားတွင်ဖြတ်သန်းသည့် သင်္ဘောများအတွက် အာမခံကြေးပိုမိုကောက်ခံခဲ့ကြ၍ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်။

သင်္ဘောကုမ္ပဏီများအနေဖြင့် မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများမှ ရေတပ်သင်္ဘောများ ကင်းလှည့်စောင့်ကြပ်၍ ရေလက်ကြားတစ်ဝိုက်လုံခြုံရေးဖော်ဆောင်ပေးရန် တောင်းဆိုလျက်ရှိသည်။

**တောင်တရုတ်ပင်လယ်အငြင်းပွားမှု**

အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံအစိုးရ ခေါင်းဆောင်များအနေဖြင့် မလက္ကာရေလက်ကြား လုံခြုံရေးအတွက် ပူးတွဲကင်းလှည့်စောင့်ကြပ်မှုများပြုလုပ်ရန် စဉ်းစားနေကြသော်လည်း တောင်တရုတ်ပင်လယ်ဒေသပိုင်ဆိုင်မှု အငြင်းပွားနေသည့် ပြဿနာများအတွင်းသို့ ပါဝင်ပတ်သက်သွားနိုင်မှုကို စိုးရိမ်နေလျက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်တောင်တရုတ်ပင်လယ်ဒေသ၏ ၈၀ ရာခိုင်နှုန်းကို ၄င်းတို့ပိုင်ဆိုင်သည်ဟု အခိုင်အမာ ပြောဆိုနေလျက်ရှိရာ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ပူးတွဲရေတပ်ကင်းလှည့် သင်္ဘောများအနေဖြင့် ကင်းလှည့် စောင့်ကြပ်နေစဉ် တရုတ် ရေတပ်သင်္ဘောများနှင့် ထိပ်တိုက်တွေ့နိုင်သည့် မလိုလားဖွယ်ပြဿနာများလည်း ဖြစ်ပေါ်နိုင်ပေသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံပိုင် အလွန်ဝေးလံ သီခေါင်သည့် ကျွန်းများက ပင်လယ်ဓားပြများ ခိုအောင်းကျက်စားရာ နေရာကောင်းများဖြစ်နေသည်။

ဆိုမာလီပင်လယ်ဓားပြများကို ဟန့်တားရာတွင် ကုန်သင်္ဘောများပေါ်၌ လက်နက်ကိုင်လုံခြုံရေးအစောင့်များကို ငှားရမ်းအသုံးပြုခြင်း၊ ရေအမြောက်များတပ်ဆင်၍ ချဉ်းကပ်လာသော ပင်လယ်ဓားပြလှေများကို ရေပန်းများဖြင့် ပစ်ခတ်ဟန့်တားခြင်း စသည့်နည်းလမ်းများဖြင့် အသုံးပြုခဲ့ကြသကဲ့သို့ မလက္ကာရေလက်ကြားတွင် ဖြတ်သန်းသွားလာနေသည့် ကုန်သင်္ဘောများသည်လည်း လုံခြုံရေးအတွက်ထိုနည်းလမ်းများကို အသုံးပြုလာနိုင်သည်ဟု လေ့လာသူများက ဆိုသည်။

ပင်လယ်ဓားပြများ ဖြစ်ပေါ်လာရခြင်းမှာ စီးပွားရေး၊ လူမှုရေးစသည့် အခြေအနေများ အဆင်မပြေမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည့်အတွက် ၄င်းအဆင်မပြေမှုများကို ဦးစွာဖြေရှင်းသင့်သည်ဟု အကြံပေးသည့် ပညာရှင်များလည်း ရှိသည်။

အမှန်တကယ်တော့ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားရေတပ်သင်္ဘောများ ပူးတွဲကင်းလှည့်မှုအစီအစဉ်တွင် အင်ဒိုနီးရှားနိုင်ငံက စိတ်မဝင်စားခြင်းမှာ အင်ဒိုနီးရှားရေတပ်သင်္ဘောများမှာ ဟောင်းနွမ်းပြီးခေတ်မမီတော့သည့်အချက်နှင့် အခြားသောအကြောင်းများလည်း ပါဝင်သည်ဟု လေ့လာသူများက ဆိုသည်။

မကြာမီက သမ္မတဂျိုကိုဝီဒိုဒိုကကုန်သွယ်ရေကြောင်းသွားလာမှုလုံခြုံရေးကို ပြန်လည်မြှင့်တင်မည်ဟု ကတိပြုပြောဆိုသည်။ ပင်လယ်ဓားပြများကို အရှိန်မြှင့်ဖမ်းဆီးနိုင်လေ သင်္ဘောဓားပြတိုက်မှုလျော့ကျနိုင်လေဟု အကြံပေးသူများလည်း ရှိသည်။

မလက္ကာရေလက်ကြားတစ်ဝိုက် ပင်လယ်ဓားပြတိုက်မှုအခြေအနေများ ချက်ချင်းလျော့ကျလာနိုင်ဖွယ် မရှိသေးပါဟု ဝေဖန်သူများလည်းရှိနေသည်။

Ref; Economist June, 2015။




**ဓားရှည်များ၊ ပစ္စတို သေနတ်များကိုသာ ကိုင်ဆောင်လေ့ရှိသည့် ပင်လယ်ဓားပြများသည် ယခုထက်ပို၍ လက်ရဲဇက်ရဲဖြင့် မောင်းပြန်သေနတ်များကို ကိုင်ဆောင်ကာ ဓားပြတိုက် အကြမ်းဖက်သတ်ဖြတ်လာနိုင်မှုကို ကုန်သွယ်ရေကြောင်း သင်္ဘောကုမ္ပဏီများက စိုးရိမ်ပူပန်နေ . . .**

မြန်မာ့ရိုးရာအားကစား




MMA ကမ္ဘာ့ချန်ပီယံလုပွဲ၌
မြန်မာ့ရိုးရာလက်ဝှေ့သမားများဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်စဉ်။

# မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့အဆင့် ထိုးဖောက်နိုင်ရန် လက်တစ်ကမ်းရောက်ရှိ

သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

ရှေးနှစ်ပေါင်းများစွာကတည်းက ရိုးရာအမွေအနှစ်အဖြစ် အစဉ်တစိုက် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့သည် ယခုအခါ ကမ္ဘာ့နိုင်ငံအများစုတွင် ရေပန်းစားယှဉ်ပြိုင်ထိုးသတ်နေသည့် (MMA) ကိုယ်ခံပညာပေါင်းစုံအတိုက် ပြိုင်ပွဲတွင် ခြေလှမ်းသစ်တစ်ရပ်အဖြစ် ဝင်ဆံ့ယှဉ်ပြိုင်နိုင်ခဲ့ပြီ။ ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ-၁ တွင် ကျင်းပသည့် One Championship က ဦးစီးသော ကမ္ဘာ့နာမည်ကြီး Kingdom of Warriors ပြိုင်ပွဲသို့ မြန်မာ့ရိုးရာလက်ဝှေ့သမားများ ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်ခဲ့ရာ ပြည်ပပွဲများထက်ပင် လက်ဝှေ့ဝါသနာရှင် ပြည်သူများ စိတ်ဝင်စားမှုကို ရရှိခဲ့သည်။

"ထင်ထားတဲ့အတိုင်း မြန်မာ့ရိုးရာလက်ဝှေ့သမားတွေ မွေထိုင်းကိုမကြောက်သလို MMA ပွဲတွေမှာလည်း နာမည်ကြီးဖို့ အခွင့်အလမ်းတွေအများကြီးရှိပါတယ်။ အမှန်အတိုင်းပြောရရင် အခုကျင်းပသွားတဲ့ ပြည်ပပွဲနှစ်ပွဲထက်တောင် ရိုးရာလက်ဝှေ့သမားတွေ ယှဉ်ပြိုင်တဲ့ပွဲက ပိုကြည့်ကောင်းတယ်။ သူတို့ကို နည်းပြကောင်းကောင်းနဲ့ လေ့ကျင့်ပေးလိုက်ရင် ကမ္ဘာ့ MMA ပွဲတွေမှာ နှစ်အနည်းငယ်အတွင်း ထိုးဖောက်နိုင်မှာပါ"ဟု One Championship အဖွဲ့မှ ဒါရိုက်တာ Victor Cui က ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်သည့် မြန်မာ့ရိုးရာလက်ဝှေ့သမားများ၏ တွဲဆိုင်းများအပြီးတွင် သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် Mixed Martial Arts (MMA) ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲကြီးကို ယခင် ၂၀၁၄ ခုနှစ်က ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ရာ ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယခင်နှစ် ပထမအကြိမ်က မြန်မာ့ရိုးရာလက်ဝှေ့သမားများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသော်လည်း ယခုနှစ် ဒုတိယအကြိမ်တွင် စတင်ဝင်ရောက် ယှဉ်ပြိုင်မှုမှာ ကမ္ဘာ့အဆင့်မီ(MMA) သူရဲကောင်းများပင် နှစ်သက်ချီးကျူးသဘောကျခဲ့သည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်ကလည်း "မြန်မာ့ရိုးရာလက်ဝှေ့အနေနဲ့ ဒီ MMA ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တယ်ဆိုတာ ရိုးရာလက်ဝှေ့ကို ကမ္ဘာကိုချပြချင်တာရယ်။ နောက်တစ်ချက်က ဒီကလေးတွေ ရိုးရာလက်ဝှေ့တစ်ခုတည်းကို မှီတည်မနေဘဲ အခုလို ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ရင် တစ်ဖက်တစ်လမ်းက ဝင်ငွေရမယ်။ သူတို့တွေ ဒီထက်ပိုပြီး အဆင်ပြေမယ်။ ဒီရိုးရာ လက်ဝှေ့သမားတစ်ဦးအနေနဲ့ ဘဝတစ်လျှောက်လုံး အသက်မွေးဝမ်းကျောင်း ကောင်း ကောင်းပြုနိုင်မယ်။ ဒါ သူတို့အတွက် အခွင့်အရေး တစ်ရပ်ပါပဲ"ဟု MMA ပြိုင်ပွဲသို့ ရိုးရာလက်ဝှေ့သမားများ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မှုနဲ့ ပတ်သက်ပြီး ဖွင့်ဟခဲ့သည်။

မြန်မာနိုင်ငံတွင် ရိုးရာလက်ဝှေ့ပွဲများကို အခါကြီး၊ ရက်ကြီးများ၊ ရိုးရာပွဲများနှင့် ဝါသနာရှင် ရိုးရာလက်ဝှေ့ချစ် ပွဲစီစဉ်သူများကသာ ရံဖန်ရံခါ ကျင်းပလေ့ရှိခြင်းကြောင့် မြန်မာ့ရိုးရာလက်ဝှေ့သမားများမှာ အသက်မွေး ဝမ်းကျောင်းအတွက် တခြား အဆင်ပြေရာဘက်သို့ ကူးပြောင်းသွားမှုများကြောင့် ယခုအခါ မျိုးဆက်သစ်လူငယ် လက်ဝှေ့သမားများကို မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ပွဲစဉ်များ အဆက်မပြတ် ပြုလုပ်ကာ ကျင်းပပေးလျက်ရှိသည်။ ယခင် သိမ်ဖြူအားကစားရုံကြီးကိုပင် မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာနက ရိုးရာလက်ဝှေ့ အားကစားရုံအဖြစ် သတ်သတ်မှတ်မှတ် ကျင်းပနိုင်ရန် ခွင့်ပြုပေးခဲ့သည်။

"MMA ပွဲတွေအနေနဲ့ အခုလို ကျင်းပပေးတာ ကောင်းပါတယ်။ ကျွန်တော်တို့အနေနဲ့ ကြိုလည်းကြိုဆိုပါတယ်။ ပရိသတ်ကလည်း တော်တော်အားပေးကြတယ်လို့ သိရတယ်။ ဒါပေမယ့် ကျွန်တော်တို့က ငယ်ငယ်ကတည်းက ရိုးရာလက်ဝှေ့နဲ့ ကြီးပြင်းခဲ့တာဆိုတော့ ပြောရရင် အရိုးစွဲနေပြီပေ့ါ။ သူတို့လို ချုပ်တာတွေ၊ လဲရင်လိုက်ထိုးတာတွေမှာ ပြဿနာရှိနေတယ်။ ရိုးရာလက်ဝှေ့ မျိုးဆက်သစ်တွေကို ခုကတည်းက ပူးတွဲပြီး လေ့ကျင့်ပေး၊ သေချာသင်ပေးရင် ပိုအဆင်ပြေမှာပါ" ဟု မြန်မာနိုင်ငံ၏ အလွတ်တန်းရိုးရာလက်ဝှေ့ ချန်ပီယံ ထွန်းထွန်းမင်းက ဆိုသည်။

နဂါးနီမြန်မာ့ရိုးရာ လက်ဝှေ့ကလပ်မှ နည်းပြ ကိုမင်းစကြာက "မြန်မာ့ရိုးရာလက်ဝှေ့နှင့် MMA နဲ့က ကွာတယ်ဆိုပေမယ့် မြန်မာ့ရိုးရာလက်ဝှေ့သမားတွေက မာဂုဏ်မြင့်တယ်။ ခံနိုင်ရည်ရှိတယ်။ MMA ပြိုင်ပွဲက တစ်ချက်အထိုးခံရလို့ မှောက်သွားရင် ရှုံးပြီ။ ရိုးရာ လက်ဝှေ့က ဆက်ထိုးလို့ ရတယ်။ ပြောရရင် ပွဲ ဆက်ရှည်ရှည်ထိုးလို့ရတယ်။ MMA က ချုပ်တာတွေ၊ လဲနေရင်လိုက်ပြီး တိုက်ခိုက်လို့ ရတာတွေ ကွာတယ်။ ပြီးတော့ ကျောရိုးနဲ့ဦးခေါင်း နောက်ပိုင်းတွေ မတိုက်ရဘူး။ ဒါပဲကွာတာပါ။ ကျွန်တော့်အမြင် ပြောရရင် MMA ထိုးရင်းနဲ့ မြန်မာ့ရိုးရာ လက်ဝှေ့ကို ကမ္ဘာကို ထိုးဖောက် ရတာပိုမြန်မယ်လို့ မြင်တယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ရိုးရာလက်ဝှေ့ကို ပြည်တွင်း/ ပြည်ပပွဲများ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ယခုနောက်ပိုင်းမှ လူသိများလာသည့် ထိုင်းနိုင်ငံ မွေထိုင်းလောက်ပင် ကမ္ဘာသို့ ထိုးဖောက်နိုင်မှု စွမ်းအားနည်းနေသေးသည်ကို တွေ့ရသည်။

ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာသို့ ထိုးဖောက်နိုင်မည့် နည်းလမ်းသစ်တစ်ခုမှာ MMA ပြိုင်ပွဲမှပင် ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ကို MMA ပြိုင်ပွဲများမှ ထိုးဖောက်လျှင် အလျင်မြန်ဆုံးနှင့် ထိရောက်မှုအရှိဆုံး ဖြစ်မည်ဖြစ်ကြောင်း ရိုးရာလက်ဝှေ့လောကမှ အတွေ့အကြုံရင့် လက်ဝှေ့သမားဟောင်းကြီး တစ်ဦးက သုံးသပ်ပြောကြားသည်။

"ကျွန်တော် MMA ပွဲထိုးရတာ မြန်မာပွဲထိုးရသလောက် မပင်ပန်းဘူးလို့ မြင်တယ်။ စိတ်ဝင်စားလို့လားမသိဘူး။ အခုလာမယ့် နိုဝင်ဘာ၊ ဒီဇင်ဘာလောက်မှာ စင်ကာပူကို သပြေညိုရော၊ ကျွန်တော်ရော သွားရောက် ယှဉ်ပြိုင်ထိုးသတ်ရဦးမှာပါ။ သွားမထိုးခင် တစ်လလောက်မှာ ထိုင်းကိုသွားပြီးတော့ ပူးတွဲသွားရောက်လေ့ကျင့်ဖို့ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရိုးရာလက်ဝှေ့နဲ့ (MMA) နဲ့က သိပ်တော့ ကွာခြားမှု မရှိဘူးလို့မြင်တယ်။ တကယ်တမ်းဆို ကျွန်တော်တို့ ရိုးရာလက်ဝှေ့သမားတွေကတောင် ပိုသာပါသေးတယ်" ဟု ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ-၁၌ လိုက်ဝိတ်တန်းမှ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ပြီး ချန်ပီယံဖြစ်သွားသည့် သွေးသစ်အောင်က ရိုးရာလက်ဝှေ့နှင့် MMA အပေါ်ထားရှိသည့် သူ၏အမြင်ကို ပြောသည်။

ယခုအခါ (MMA) ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ပရိသတ် တစ်သန်းကျော်က စိတ်ဝင်တစားကြည့်ရှုအားပေးနေကြသည်။ MMA သည် ကမ္ဘာတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ ခန့်ကပင် အစပြုပေါ်ပေါက်လာသော ကရာတေး၊ ခွန်ခမာ၊ မွေထိုင်း၊ ကွန်ဖူး၊ ဂျူဂျစ်စု၊ ဂျူဒို၊ ကာလိ၊ ရှော်အောင်၊ ဂျိုင်းအို၊ အာခိဒို အစရှိသည့် အာရှနိုင်ငံအများစု၏ အားကစားနည်းများမှ ပထမဦးဆုံး စတင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ (MMA) ကိုယ်ခံပညာပေါင်းစုံ အားကစားနည်းသည် ယနေ့ခေတ်တွင် ပြည်သူများ စိတ်ဝင်စားမှုများပြီး အနာဂတ်တွင် ပိုမိုထွန်းကားမည့် အားကစားနည်းများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ကမ္ဘာ့အားကစား မှတ်တမ်းတွင် ဖော်ပြထားသည်။

တိုက်ခိုက်မှုမျိုးစုံဖြင့် ယှဉ်ပြိုင်ကစားရသော အားကစားနည်းဖြစ်ပြီး ယှဉ်ပြိုင်ထိုးသတ်ရာတွင် ဖမ်းချုပ်တိုက်ခိုက်ခြင်း၊ မတ်တတ်အနေအထားဖြင့် တိုက်ခိုက်ခြင်း၊ ကြမ်းပြင်ပေါ်သို့ လှဲချတိုက်ခိုက် ခြင်း အစရှိသည့် စည်းမျဉ်း စည်းကမ်းများဖြင့် ယှဉ်ပြိုင် တိုက် ခိုက်ရသော အားကစား နည်း တစ်မျိုးဖြစ်သည်။ ယခုအခါ အဆိုပါ (MMA) ကိုယ်ခံပညာပေါင်းစုံ အားကစားနည်း အတိုက်ပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံ အများစုတွင် လှည့်လည် ကျင်းပ လျက်ရှိရာ စင်ကာပူ နိုင်ငံ၌ နိုဝင်ဘာလအတွင်း ကျင်းပမည့် Kingdom of Warriors ပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာလက်ဝှေ့သမားနှစ်ဦး ပြည်ပ MMA လက်ဝှေ့ကျော်များဖြင့် ကနဦး ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်ခွင့်ရပြီဖြစ်ရာများ မကြာမီ မြန်မာ့ရိုးရာလက်ဝှေ့ ကိုယ်ခံပညာကို ကမ္ဘာ့အလယ်သို့ချပြနိုင်ရန် လက်တစ်ကမ်းအလိုတွင် ရောက်ရှိနေပြီ ဖြစ်ပေသည်။

**ရိုးရာလက်ဝှေ့ပွဲများကို အခါကြီး၊ ရက်ကြီးများ၊ ရိုးရာပွဲများနှင့် ဝါသနာရှင် ရိုးရာလက်ဝှေ့ချစ် ပွဲစီစဉ်သူများကသာ ရံဖန်ရံခါ ကျင်းပလေ့ရှိခြင်းကြောင့် မြန်မာ့ရိုးရာလက်ဝှေ့သမားများမှာ အသက်မွေးဝမ်းကျောင်းအတွက် တခြားအဆင်ပြေရာဘက်သို့ ကူးပြောင်းသွားမှုများကြောင့်. . . .**



နဂါးနီရိုးရာ လက်ဝှေ့ကလပ်မှ
လက်ဝှေ့သမားများ လေ့ကျင့်နေစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၅ ။)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၆ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်အတည်ပြုချက်အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင်-

(က) အပိုဒ် ၁ **ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ(ဋ္ဌ) ၏နောက်တွင် အပိုဒ်ခွဲ(ဌ)၊(ဍ)၊ (ဎ)၊ (ဏ)၊ (တ)၊ (ထ)နှင့်(ဒ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊

(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊

(ဎ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊

(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊

(ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူခြင်း၊

(ဒ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ရယူခြင်း။"

(ခ) အပိုဒ် ၂ **စီးပွားရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ(ဂ)၏နောက်တွင် အပိုဒ်ခွဲ(ဃ)နှင့်(င) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။"

(ဂ) အပိုဒ် ၃ **စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ**၌ ပါရှိသော အပိုဒ်ခွဲ (ဆ)၏နောက်တွင်အပိုဒ်ခွဲ (ဇ)၊(ဈ)၊(ည)၊(ဋ)နှင့် (ဌ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီး ငါးလုပ်ငန်း၊

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသလုပ်ငန်း။"

(ဃ) အပိုဒ် ၄ **စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ**၌ ပါရှိသော အပိုဒ်ခွဲ (င)၏နောက်တွင်အပိုဒ်ခွဲ(စ)၊(ဆ)၊(ဇ)၊(ဈ)၊(ည) နှင့် (ဋ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတများကို အချိုးအစား သတ်မှတ်ပေးရေး၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်း အလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာ အသေးစားနှင့်လက်လုပ်လက်စားလုပ်ငန်း၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁) အမျိုးအစားတွင်ပါဝင်သောသစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သယ်န်းနက်၊ တမလန်းမှအပကျန်သစ်များ၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့်ထိန်းသိမ်းရေး။"

(င) အပိုဒ် ၅ **စက်မှုလက်မှုကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ(ခ)၏နောက်တွင် အပိုဒ်ခွဲ (ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။"

(စ) အပိုဒ် ၆ **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ(ဂ)၏နောက်တွင် အပိုဒ်ခွဲ (ဃ)၊(င)၊(စ)၊(ဆ) နှင့် (ဇ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့်လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့်သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး၊

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့်အဆောက်အအုံများ။"

(ဆ) အပိုဒ် ၇ **လူမှုရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ (ဆ)၏နောက်တွင် အပိုဒ်ခွဲ (ဇ)၊(ဈ)၊(ည)၊(ဋ)၊ (ဌ)နှင့် (ဍ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ စီမံရေးကိစ္စရပ်များ၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ် ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊

(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ။"

(ဇ) အပိုဒ် ၈ **စီမံခန့်ခွဲရေးကဏ္ဍ**၌ပါရှိသောအပိုဒ်ခွဲ(ဂ)၏နောက်တွင် အပိုဒ်ခွဲ(ဃ)နှင့်(င)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုး စီမံခန့်ခွဲခွင့်ဆိုင်ရာ ကိစ္စရပ်များ၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။"

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန်အခများ ဥပဒေပြုစာရင်းတွင်ပါရှိသော အပိုဒ် ၁၉ ၏နောက်တွင် အပိုဒ် ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊၃၅၊ ၃၆၊ ၃၇၊ ၃၈ နှင့် ၃၉ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊

၂၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာ အခွန်အခများ၊

၂၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊

၂၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာအခွန်အခများ၊

၂၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊

၂၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊

၂၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊

၃၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊

၃၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊

၃၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁)အမျိုးအစားတွင်ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သယ်န်းနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားများနှင့် သက်ဆိုင်သည့် အခွန်အခများ၊

၃၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၃၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊

၃၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာအခွန်အခများ၊

၃၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊

၃၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊

၃၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊

၃၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**


myanmar national airlines
New international route from Yangon to Singapore starting 17th August.
Fly round trip from US$239
Be among the first to fly our new Myanmar National Airlines international service to Singapore. Flights depart from Mandalay, Thandwe and Bagan, via Yangon with exclusive, one-time check-in and immigration clearance at your point of departure.
Book now, contact our hotline on: 01 378 603 or call centre on: 01 377 840 - 843 or 09 254219651 or online: www.flymna.com
myanmar
XY-ALB
Sun Far Travel & Tours Tel. 01 243993
Columbus Travels Tel. 01 229245, 01 378535
Nice Fare Travel Tel. 01 255699, 01 255897
Seven Diamond Express Tel. 01 392974, 01 392975
Like us on Myanmar National Airlines
Journey of a lifetime



တစ်မိနစ်
၂၄
ကျပ် ဆိုတော့ အရင်ထက်
ဖုန်းပိုပြောနိုင်ပြီပေါ့
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ဆွေသဟာသုံးစွဲသူများ နှင့် CDMA သုံးစွဲသူများ အတွက် ဖုန်းပြောဆိုခ နှုန်းအသစ် ဖြစ်ပါသည်။
ဆွေသဟာကို ရယူရန် "SWE" ဟု ရိုက်၍ 1332 သို့ အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဂ/၆၈၂၅ Cheng Long LZ 3/20 LA, Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လွင် ၁၃/လရန (နိုင်)၁၇၇၂၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃စ/၃၈၈၈ Toyota Lexus SL 4x2 ယာဉ် လက်ဝယ်ရှိသူ ဒေါ်နှင်းကြည် ၁၂/ဥကမ(နိုင်)၀၀၇၇၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

# (၃)နှစ်ပြည့်လွမ်းဆွတ်သတိရတမ်းတခြင်း

## ဒေါ်ခင်စန်းကြည် (ခ) မာမာ (ခ) Lily Aung

## (၂၆-၇-၁၉၃၂) - (၂၆-၇-၂၀၁၂)

မိသားစုသာယာချမ်းမြေ့တိုးတက်အောင် ထာဝစဉ် အကျိုးဆောင်သွားပြီး ထာဝရထွက်ခွာသွားတာ ၂၆-၇-၂၀၁၅ရက်မှာဆိုရင် (၃)နှစ်တိုင် ပြည့်မြောက်ခဲ့ပေမယ့် အချိန်တိုင်း သတိရလွမ်းဆွတ်တမ်းတဆဲပါ။ ချစ်သော မာအတွက် မာ တရားအားထုတ်ကုသိုလ်ပြုလေ့ရှိတဲ့ သီလရှင်ကျောင်းမှာ (၃)နှစ်ပြည့် နှစ်လည်ဆွမ်းကျွေးပါတယ်။ ပြုပြုသမျှကုသိုလ်အဝဝကို မြင့်မြတ်သော ဘုံဘဝက သာခုခေါ်ပါနော်။

**ချစ်စွာဖြင့်**

**ဦးလှမောင် (အောင်ချိန်ဘွား)နှင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**

**ဝန်ကြီး(ငြိမ်း)**

**ဥက္ကဋ္ဌ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

